# အင်မော်တယ်ဖေဖေ

## စာစဉ်(၇)

### အပိုင်း(၈၅) `

အလွန်လျှင်မြန်စွာဖြင့်ပင် ကျန်းဟန်သည် ကိုလာတစ်ယူးနှင့် ဘီယာတစ်ယူးယူလာပေးသည်။

"ရော့ သောက်လိုက်ပါဦး"

ကျန်းဟန် ဘူးကိုဖောက်လိုက်ပြီး ဇီယန်အား ကမ်းပေးလိုက်သည်။ ထို့နောက် သူသည် ဘီယာပုလင်းကိုမြှောက်လိုက်ပြီး ဇီယန်၏ကိုလာဘူးနှင့် ဘူးချင်းတိုက်လိုက်သည်။

ဇီယန်သည် ပြုံးနေသည့်ကျန်းဟန်အား အူကြောင်ကြောင်ဖြင့် ကြည့်လိုက်သည်။ ထိုအခိုက်အတန့်တွင် ကျန်းဟန်သည် အမှန်တကယ်ချောမောသည်ဟု သူမခံစားရသည်။

မာနထောင်လွှားသော ပေကျင်း၏သခင်လေး ၄ ယောက်အနက်မှ တစ်ယောက်ဖြစ်သည့် ကျန်းဟန်သည် ဤကဲ့သို့ ဂရုစိုက်တတ်သည့်သူတစ်ယောက်ဖြစ်လာသည်က ဇီယန်ကို အနည်းငယ်စိတ်လှုပ်ရှားသွားစေသည်။

ဂလွတ် ဂလွတ်

ကိုလာ နှစ်မော့သောက်လိုက်ပြီးနောက် ဇီယန်သည် သူမ၏စိတ်ထဲမှာ ရှုပ်ထွေးမှုများကို လုံးဝ မြိုသိပ်လိုက်ကာ သူမတစ်ကိုယ်လုံး လန်းဆန်းသွားသည်။

“ဟင်း...”

ဇီယန် မတ်တပ်ထရပ်လိုက်ပြီး အကြောဆန့်လိုက်သည်။ ထိုနောက် သူမ ပျင်းရိစွာ ပြောလိုက်သည်။ "ဒီရက်တွေအတွင်းမှာ အရမ်းအလုပ်ရှုပ်နေခဲ့တာ။ နောက်ဆုံးတော့ ငါ အနားယူနိုင်ပြီ"

သူမကျန်းဟန်း၏ရှေ့တွင် အကြောဆန့်လိုက်မိသည်ကိုတော့ နည်းနည်းလေးမှ သတိမထားမိလိုက်ပေ။ သူမ၏ ညှို့ယူနိုင်စွမ်းမြင့်မားသော ရှေ့သို့မို့နေသည့် ရင်နှစ်မွှာနှင့် လုံးဝန်းသည့်တင်ပါးတို့ဖြင့် အင်္ဂလိပ်အက္ခရာ အက်စ်(S) ပုံသဏ္ဍာန် အမို့အမောက် အကွေ့အကောက်များကား ပြီးပြည့်စုံနေပြီး သူမ၏ သူမတူအောင်လှပလွန်းလှသည့် မျက်နှာလေးနှင့် လိုက်ဖက်ညီစွာ ထွက်ပေါ်လာသည်။

သူမ....

ကျောက်စိမ်းမိန်းမပျို၏ရုပ်ရည်နှင့်ယှဉ်လျှင်ပင် သူမလုံးဝ နိမ့်ကျမည်မဟုတ်ပေ။

ကျန်းဟန် သူ၏စိတ်ထဲမှာ ချီးကျူးလိုက်သည်။ အချိန်ကိုကြည့်လိုက်သည့်အခါ မနက်တစ်ရာရီခန့်ရှိပြီဖြစ်ပြီး ကျန်းဟန် အနည်းငယ် စဉ်းစားလိုက်ကာ ဇီယန်အား သူမ၏လည်ဆွဲပေါ်မှ အိုစီသလင်းကျောက်အကြောင်းကို မေးရန် ပြင်လိုက်သည်။

"ဟင်?" ဇီယန် ရုတ်တရက်အော်လိုက်ပြီး

"ရှင် မုန့်မုန့်ရဲ့ ခါတ်ပုံရိုက်ထားတာလား? အရမ်းလှတာပဲ!"

ဇီယန်၏အကြည့်များသည် စန္ဒယားဘက်ခြမ်းနံရံရှိ ခါတ်ပုံများပေါ်သို့ ရောက်ရှိသွားပြီး သူမစိတ်ဝင်စားမှုကြောင့် လျှောက်သွားလိုက်သည်။

"အင်း...ပြီးခဲ့တဲ့ ရက်နည်းနည်းက ရိုက်ထားတာ" ကျန်းဟန် ဘီယာဘူးကို ချလိုက်ပြီး သူမနောက်သို့လိုက်သွားသည်။

"အရမ်းလှတယ်"

ဇီယန်၏မျက်ဝန်းများတွင် ချစ်မြတ်နိုးမှုများ ပြည့်လျှမ်းနေသည်။ သူမ၏သမီးလေးမှာ အလွန်လှပနေရာ အမေတစ်ယောက်အနေဖြင့် သူမအလွန်ပျော်ရွှင်ပေ၏။

သို့သော်လည်း ကျန်းဟန်နှင့်မုန့်မုန့်တို့၏ ပုံကို တွေ့လိုက်ရသည့်အခါ သူမရုတ်တရက် မှင်တက်သွားသည်။

"ရှင်တို့ နှစ်ယောက်အတူတူရိုက်ထားတာလည်း ကြည့်လို့ကောင်းတယ်" ဇီယန် နှုတ်ခမ်းလေးစူကာ ပြောလိုက်သည်။

ထိုဓာတ်ပုံ အလွန်လှပသည်မှာ အမှန်တကယ်ဖြစ်ပြီး ဇီယန် မနာလိုပင်ဖြစ်သွားသည်။

အခန်းထဲတွင် မုန့်မုန့်နှင့်ကျန်းဟန်၏ပုံများသာရှိပြီး သူမ၏ပုံမရှိချေ။

မုန့်မုန့်သည် သူမ၏သမီးဖြစ်ပြီး သူမသည် မုန့်မုန့်၏မေမေဖြစ်သည်။ ဓာတ်ပုံများသည်တော့ သူမနှင့်သက်ဆိုင်သည့်အရာ တစ်ခုမှမရှိပေဘူးလား?

"ကျွန်မပုံ ဘယ်မှာလဲ?" ဇီယန် ခဏလောက် တိတ်ဆိတ်နေပြီး ရုတ်တရက် ပြောလိုက်သည်။

"ဘာပုံလဲ?"
ကျန်းဟန် ဇီယန်ကိုကြည့်ကာ မေးလိုက်သည်။

"ကျွန်မရဲ့ပုံကိုလည်း ဘောင်နဲ့ထည့်ထားပါ" ဇီယန် နှုတ်ခမ်းကို ဖွဖွကိုက်လိုက်ပြီး ကျန်းဟန်အားကြည့်ကာ ပြောလိုက်သည်။

"ကောင်းပြီ မနက်ဖြန် ဓာတ်ပုံဘောင် နည်းနည်းဝယ်ပြီး မင်းရဲ့ပုံတွေကို ဒုတိယထပ်မှာ ချိတ်ထားလိုက်မယ်" ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် ပြုံးကာ ပြောလိုက်၏။

"အဲ့လိုမရဘူး။ ကျွန်မ ပထမထပ်မှာပဲ ချိတ်ချင်တယ်" ဇီယန် နှုတ်ခမ်းလေးစူကာ လေသံမာမာဆတ်ဆတ်ဖြင့် ပြောသည်။

"ပထမထပ်က ပုံတွေပြည့်နေပြီလေ။ ဒီပုံတွေအကုန်လုံးက မုန့်မုန့်နဲ့ကိုယ်နဲ့ သေချာရွေးထားတာတွေချည်းပဲ" ကျန်းဟန် သူမအား ထူးထူးဆန်းဆန်းကြည့်လိုက်သည်။

ဒုတိယထပ်မှာ ချိတ်တာလည်း အတူတူပဲ မဟုတ်ဘူးလား?

"ကျွန်မဂရုမစိုက်ဘူး။ ကျွန်မရဲ့ပုံတွေကို ပထမထပ်မှာ ချိတ်ချင်တယ်"

ဇီယန် အသက်ခပ်ပြင်းပြင်းရှူကာ ကျန်းဟန်အား လုံးဝ အလျှော့မပေးသည့်အကြည့်ဖြင့် တည့်တည့်စိုက်ကြည့်လိုက်သည်။

"အဲ့လိုလုပ်လို့မဖြစ်ဘူး။ ငါသဘောတူရင်တောင် မုန့်မုန့်က သဘောတူမှာမဟုတ်ဘူး"

ကျန်းဟန် ချက်ချင်းပင် ခေါင်းယမ်းကာ ငြင်းပယ်လိုက်သည်။

"မုန့်မုန့် သဘောတူလိမ့်မယ်။ ကျွန်မရဲ့ပုံတွေကို ဒီမှာပဲ ချိတ်ရမယ်"

ဇီယန်သည် ကျန်းဟန်အား သူမ၏ကြီးမားဝိုင်းစက်ပြီး ကြည်လင်သည့်မျက်လုံးများဖြင့် ကြည့်လိုက်သည်။

သူမ၏မျက်လုံးများက သူသာ သဘောမတူလျှင် ဒီနေရာတွင်ပဲ ဆက်၍ ငြင်းခုံနေလိမ့်မည်ဟု ပြောနေသည့်ပုံပင်။

သို့သော် သူမ၏မျက်လုံးများတွင် မကျေနပ်မှုနှင့် စိတ်ခုတတ်ကျမှုတို့လည်း ရှိနေသည်။ ဤစားသောက်ဆိုင်တွင်

သူမခေါတ်ပုံချိန်ထားပါက သူမတွင် အိမ်ရှင်မတစ်ယောက်၏အသွင်အပြင်ဖြစ်သွားနိုင်သလား?

ကြည့်ရတာ...သူမက. သဘွေးကတော်မဟုတ်သေးဘူးပဲ။

ကျန်းဟန်သည် ဇီယန်အား ကြည့်ကာ အရှုံးပေးလိုက်သည်။

“ကောင်းပြီ ကောင်းပြီ မင်းရဲ့ပုံတွေကို ဒီမှာ ချိတ်လိုက်မယ်။ ဒါပေမဲ့ ဒီမှာ ခေါတ်ပုံဘောင်ခြောက်ခုရှိတယ်။ အကုန်လုံးတော့ မလိုဘူးမလား။ ငါမင်းအတွက် ခေါတ်ပုံဘောင်တစ်ခုပေးမယ်”

“တစ်ခုလား”

ဇီယန်၏မျက်လုံးများ တဖြည်းဖြည်းပြူးကျယ်လာပြီး သူမ ခပ်ရေးရေးနှာမှုတ်လိုက်ကာ

“တစ်ခုတည်းနဲ့ ဘယ်လိုရမှာလဲ။ ကျွန်မ အနည်းဆုံး ၄ ခုလိုတယ်...”

“လေးခုက အရမ်းမများဘူးလား? မင်းမှာ ဘာလို့ ခေတ်ပုံအများကြီးရှိနေရတာလဲ?”
ကျန်းဟန် ပြန်ပြောသည်။

“ဘာဖြစ်လဲ? ရှင်ကျွန်မကို မုန်းလို့လား? ကျွန်မက မလှလို့လား? ကျွန်မပုံလေးနည်းနည်းချိတ်တာကို ဘာဖြစ်နေလို့လဲ?”
ဇီယန်သည် ကျန်းဟန်အား ဒေါသတကြီးကြည့်လိုက်သည်။

“အဲ့လိုမဟုတ်ပါဘူး....”

ကျန်းဟန်
ခေါင်းတစ်ခုလုံးပေါက်ကွဲတော့မတတ်ခံစားနေရသည်။

ဇီယန်နှင့်ခဏတာစကားပြောရသည်မှာ
ဈေးဆစ်ကြမ်းသည့်သူနှင့် ငြင်းခုံနေရသကဲ့သို့ပင်။
နောက်ဆုံးတွင်တော့ ဇီယန်၏ပုံပါသော ခေတ်ပုံဘောင်နှစ်ခုကို ချိတ်ထားရန် ဆုံးဖြတ်လိုက်ကြသည်။

ဟမ့်..ကျွန်မရှင့်ကို ဓာတ်ပုံတွေ အခု ပို့ပေးလိုက်မယ်။ ရှင် ဒါတွေကို ပုံထုတ်ပြီးတော့ တစ်ခုကို ဘယ်ဘက်မှာချိတ် တစ်ခုကို ညာဘက်မှာချိတ်ထားလိုက်။ နားလည်တယ်မလား?

အဆုံးသတ်တွင် ဇီယန်သည် အောင်နိုင်သူတစ်ယောက်၏အပြုံးကို ထုတ်ဖော်ကာ အလွန်လှပသည့် ဓာတ်ပုံနှစ်ပုံကို ကျန်းဟန်ထံ မက်ဆေ့ပို့လိုက်သည်။

ကျန်းဟန် တစ်ချက်ကြည့်လိုက်ပြီးနောက် ယခင်ဓာတ်ပုံစတူဒီယိုဝန်ထမ်းဆီသို့ ယွမ်ငါးရာတန် စာအိတ်နီ တစ်ခုပို့ပေးကာ နောက်တစ်နေ့တွင် ဓာတ်ပုံပို့ပေးရန် ပြောလိုက်သည်။

ဤကိစ္စကို ဖြေရှင်းပြီးနောက် ဇီယန် စိတ်ကျေနပ်သွားသည်။သူမသည် စန္ဒယားရှေ့ရောက်သည်အထိ အနည်းငယ်လမ်းလျှောက်လိုက်သည်။

"ရှင် စတိန်းဝေးကို ဘယ်လိုဝယ်ခဲ့တာလဲ?" ဇီယန်သည် သူမ၏နူးညံ့သည့်လက်ချောင်းလေးများကို ဆန့်ထုတ်ကာ စန္ဒယားကို ညင်သာစွာပွတ်လိုက်သည်။

"အလှဆင်ဖို့လို့ ဘယ်သူကပြောလဲ?" ကျန်းဟန် အကူအညီမဲ့စွာ ရယ်လိုက်သည်။ အဘယ်ကြောင့် ဇီယန်၏မျက်လုံးထဲတွင် သူသည် ဘာမှသုံးမရသည့်ပုံပေါက်နေရသနည်း။

"ဘာလဲ? ရှင့်ရဲ့လေသံအရတော့ ရှင်ကစန္ဒယားတီးတတ်တာလား?" ဇီယန်သည် ကျန်းဟန်အား လှပသည့်မျက်လုံးများဖြင့် စိုက်ကြည့်ရင်း ပြောလိုက်သည်။

"ဘာပြောရမှန်းတောင်မသိတော့ဘူး" ကျန်းဟန် ခေါင်းယမ်းလိုက်ပြီး "ငါ အသက် ၁၁ နှစ် တုန်းက စန္ဒယားမှာ အဆင့် ၁၀ ရောက်နေပြီ။ အဲ့ထက်ပိုပြီးမတီးတတ်တော့ဘူး"

"ရှင်တကယ်ကြီး ပြောနေတာလား?"

စန္ဒယားကို အဆင့် ၁ မှ ၁၀ အထိ သတ်မှတ်ထားပြီး ၎င်းမှာ အပျော်တမ်းအဆင့်အမျိုးအစားခွဲခြားမှုသာဖြစ်သည်။ အဆင့် ၁၀ သို့ရောက်ရှိရန် မခက်သော်လည်း ထိုအဆင့်သို့တက်နိုင်ရန် ဂီတအကယ်ဒမီမှ ဘွဲ့ရကျောင်းသားတစ်ယောက်ဖြစ်ရန်လိုသည်။

သို့သော်လည်း သူသည် အပျော်တမ်းတစ်ယောက်ဖြစ်လျှင်ပင် အဆင့် ၁၀ မှာ အထင်ကြီးလောက်စရာဖြစ်နေဆဲပင်။ ကျန်းဟန်သည် စန္ဒယားတီးတတ်ပြီး ဂီတကို မြတ်နိုးသည့်အတွက် သူနှင့် တူညီသည့်အရာတစ်ခု ရှိသင့်သည်ဟု သူမခံစားမိသည်။

ပြောရလျှင် စန္ဒယားတီးတတ်သည့်ယောကျ်ားမှာ မိုက်ပေသည်။

"ငါက မင်းကို ဘာလို့လိမ်ရမှာလဲ?" ကျန်းဟန် ပြောစရာစကားမဲ့သွားသည်။

ဇီယန်နှင့်ထိတွေ့ဆက်ဆံသည့်အချိန်ကတည်းက သည်ကောင်မလေးသည် အဘယ်ကြောင့် သူ့အား မယုံကြည်ရသနည်း။

"ဒါဆို မနက်ဖြန်ကျရင် ကျွန်မအတွက် စန္ဒယားတီးပေး" ဇီယန် အနည်းငယ် ရှက်သွေးဖြာရင်း ပြောလိုက်သည်။

"ကောင်းပြီ"

ကျန်းဟန် ချက်ချင်း သဘောတူလိုက်သည်။ အချိန်မှန်ရောက်ပြီဟု သူယူဆလိုက်သောကြောင့် အိုစီသလင်းကျောက်လေးကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်သည်။

ဇီယန် သူ၏အကြည့်ကိုမြင်လိုက်ရသည့်အခါ သူမ၏ကိုယ်မှာ ရုတ်တရက် တောင့်တင်းလာသည်ကို ခံစားလိုက်ရသည်။ သူမ၏သေးသွယ်သွယ်ခါးလေးကို လိမ်လိုက်ကာ အော်လိုက်သည်။

“ရှင်ဘာကြည့်နေတာလဲ?”

သူမ၏စကားမှာ မှန်သော်လည်း ဇီယန် သူမကိုယ်သူမ အနည်းငယ် ဂုဏ်ယူနေမိသေးသည်။ သူမ ဤကဲ့သို့ ဝတ်ဆင်လာရသည့်အကြောင်းအရင်းမှာလည်း အစ်ကိုဝက်ကြီးကျန်းဟန်၏ယခု တုံ့ပြန်မှုကို မြင်တွေ့ချင်သည့်အတွက်ကြောင့်ပင်မဟုတ်ပါလား။

“အဟမ်း...အဟမ်း” ကျန်းဟန် ချောင်းဟမ့်လိုက်ပြီး “မင်းရဲ့ လည်ဆွဲက တော်တော်လှလို့ကြည့်နေတာ” ဟု ပြောလိုက်သည်။

“ဟွန့် တော်တော်အပြောကောင်း” ဇီယန် ဟွန့်ခနဲ့လုပ်လိုက်ပြီး ဆိုဖာဆီသို့ ပြန်သွားလိုက်၏။ ထိုင်ချလိုက်ပြီးနောက် ကိုလာတစ်မော့သောက်ကာ ကျန်းဟန်အား မျက်စောင်းထိုးလိုက်သည်။

သူမ၏အမြင်တွင် ကျန်းဟန်၏ရှင်းပြချက်သည် သူမကြည့်ကောင်းသည်ကို ဖုံးကွယ်ရန်အကြောင်းပြချက်ပင်ဖြစ်သည်။ သူမတွင်မျက်စိများကောင်းနေပါလျက်နှင့် အဘယ်ကြောင့် သူကအတိတ်တုန်းကကဲ့သို့ သစ်တုံးကြီးနှင့် တူနေရသနည်း။

ကျန်းဟန်သည် ဇီယန်၏ဘေးတွင် ဝင်ထိုင်လိုက်သည်။ ခဏလောက် စဉ်းစားလိုက်ပြီးနောက် တစ်ခါတည်းတန်းပြောချလိုက်သည်။

"မင်းရဲ့လည်ဆွဲကို ငါ့ကို ပေးလို့ရမလား?"

"လည်ဆွဲလား?"

ဇီယန်အနည်းငယ် ကြောင်အသွားပြီး မသိစိတ်ကမေးလိုက်မိသည်။

"ရှင်က ဘာအတွက်လိုချင်တာလဲ?"

"အဲ့ဒါက ငါ့အတွက်အသုံးဝင်တယ်" ကျန်းဟန် အမှန်တိုင်းပင် ပြောလိုက်သည်။

ကျန်းဟန် နောက်ပြောင်နေခြင်း မဟုတ်သည်ကိုမြင်တော့ အမှန်တကယ်လည်းဆွဲလှပသည့်အကြောင်း တကယ်ကြီးပြောနေသည်ကို ဇီယန်နောက်ဆုံးတွင် နားလည်သွားသည်။

ဤအချက်ကိုတွေးမိရင်း ဇီယန် ဆုံးရှုံးမှုကို ခံစားလိုက်ရသည်။

"အင်း…"

ကျန်းဟန် သက်ပြင်းတစ်ချက်ချလိုက်ပြီး အကူအညီမဲ့သည့်လေသံဖြင့် ပြောလိုက်သည်။ "ဒါက ငါ့အတွက်တင် မဟုတ်ဘူး မုန့်မုန့် ၊ မင်းနဲ့ တခြားဘယ်သူ့အတွက်မဆို အသုံးဝင်တယ်"

အိုစီသလင်းကျောက်ဖြင့် မီးကျောက်စိမ်းနှင်းစက်ကို ဒုတိယအဆင့်စိတ်ဝိဉာဉ်ရတနာအဖြစ်သို့

မြှင့်တင်နိုင်ရုံသာမက သန့်စင်သောယန်ရေကိုလည်း ပြောင်းလဲပေးနိုင်သည်။ သူ့တွင် ရေပမာဏမှာ အဆပေါင်းများစွာ တိုးပွားလာနိုင်သည်။ ဤနည်းဖြင့် ကျန်းဟန်သည် နွားနှင့်သိုးကဲ့သို့သော အရွယ်ရောက်ပြီးသား တိရစ္ဆာန်များကို ဝယ်ယူကာ သန့်စင်သောယန်ရေကို တိုက်ရိုက်တိုက်ကျွေးနိုင်သည်။ ရေကို အချိန်အတော်ကြာ မသောက်သုံးလျှင်ပင်
နယ်မြေ၏စိတ်ဝိညာဉ်မြေဆီလွှာနှင့်ရေကိုလည်း သွယ်ဝိုက်၍ အာဟာရဖြည့်ပေးနိုင်သည့်အတွက် ၎င်း၏အသုံးဝင်မှုမှာ အလွန်ကြီးမားနေသေးသည်။

"ဒါဆို ဒါကို ဘာအတွက်သုံးရတာလဲ ကျွန်မကိုပြောပါဦး" ဇီယန်၏လေသံမှာ အနည်းငယ် တုံ့ဆိုင်းနေသည်။ မုန့်မုန့်နှင့်ပတ်သက်လျှင် သူမ အကြီးမားဆုံး တတ်နိုင်သမျှလိုက်လျောပေးလိုက်မည်ဖြစ်သည်။

"ငါတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာကို သွယ်ဝိုက်ပြီးတော့ တိုးတက်စေနိုင်တယ်ဆိုပဲ မင်းသိထားဖို့ လိုပါတယ်" ကျန်းဟန် အနည်းငယ်ခေါင်းညိတ်ကာ ပြောလိုက်သည်။

"မရဘူး"
ဇီယန် သူ့အား နောက်တစ်ကြိမ် ငြင်းဆန်လိုက်ပြန်သည်။

"ဘာလို့လဲ?"
ဇီယန်ကို ကြည့်ရင်း ကျန်းဟန် ရယ်ရမလား ငိုရမလားပင် မသိတော့။

"ရှင်ကျွန်မကို ဘာလက်ဆောင်မှတောင် မပေးရသေးဘူး။ ကျွန်မက ဘာလို့ အရင်ပေးရမှာလဲ? ပြီးတော့ ဒီလည်ဆွဲက ငယ်ငယ်တုန်းက အဖိုးပေးခဲ့တဲ့ အမှတ်တရလက်ဆောင်" ဇီယန် နှုတ်ခမ်းလေးစူလိုက်ပြီး သူမ၏မကျေနပ်ချက်ကို ထုတ်ဖော်လိုက်သည်။ ရက်အတော်ကြာ တွေ့ဆုံခဲ့ပြီးနောက် ကျန်းဟန်သည် သူမအား

မည်သည့်လက်ဆောင်မျှမပေးဖူးသလို ဂရုစိုက်သည့်စကားလုံးများပင် မပြောခဲ့ဖူးချေ။

“လက်ဆောင်....အိုး ဟုတ်သားပဲ။ မုန့်မုန့်နဲ့ငါ ဈေးဝယ်ထွက်တုန်းက သိပ်မဆိုးတဲ့အင်္ကျီတစ်ထည်ကို တွေ့ခဲ့လို့ မင်းအတွက် ဝယ်ခဲ့တယ်” ကျန်းဟန် မတ်တပ်ထရပ်လိုက်ပြီး ဒုတိယထပ်သို့ လျှောက်သွားသည်။

မုန့်မုန့် သူ့အား ဝယ်ခိုင်းသည့် အင်္ကျီမှာ အသုံးပြုရတော့မည်ဖြစ်သည့်ပုံပင်။

ခဏအကြာတွင် ကျန်းဟန်သည် လက်ထဲတွင် အဝတ်အစားအိတ်ကိုကိုင်ကာ လျှောက်လာသည်။

“ကြည့်ကြည့်ပါဦး”

ကျန်းဟန် ပြုံးကာ ကမ်းပေးလိုက်သည်။

တစ်ချိန်တည်းမှာပင် သူသည်အနည်းငယ် အပြစ်ရှိသလိုခံစားလိုက်ရသည်။ မုန့်မုန့်သည် သူ့အား ဤအဝတ်အစားတစ်စုံကို အတင်းဝယ်ခိုင်းသည်ဟုသူတွေးခဲ့ပြီး ယခုလိုတစ်ခါမှ မတွေးခဲ့ဖူးချေ။

"ရှင် တကယ် ကျွန်မအတွက် လက်ဆောင်ပြင်ဆင်ထားတာလား"

ဇီယန်၏မျက်လုံးများမှာ ဖျတ်ခနဲ့ တောက်ပသွားသည်။ အနည်းငယ်ပျော်ရွှင်နေသည့်အမူအရာဖြင့် သူမသည် အဝတ်အစားအိတ်ကို ယူလိုက်ပြီး အတွင်းမှ အဖြူရောင်သားမွေးအင်္ကျီကို ထုတ်ကြည့်လိုက်သည်။ သူမသည် ကျန်းဟန်အား လေးစားသည့်အကြည့်ဖြင့် ကြည့်ကာ ပြောလိုက်သည်။

“ဟွန့် ရှင့်ရဲ့အမြင်ကတော့ မဆိုးပါဘူး။ ရှင်ဝယ်လာတဲ့ အင်္ကျီက အရမ်းလှတယ်။ ကျွန်မတကယ်ကြိုက်တယ်။ ကျေးဇူးပါ”

ကျန်းစန်သည် နားထောင်ရုံသာနားထောင်ပြီး မည်သည့်စကားမျှမပြောဘဲ ပြုံးကာ ခေါင်းယမ်းလိုက်သည်။

ဇီယန်သည် အင်္ကျီကို ယူပြီး ခဏလောက်လှည့်ကြည့်လိုက်သည်။ ထို့နောက် အင်္ကျီများကို ချွတ်ကာ သူမ၏အနီရောင်ဆက်စီနှုတ်လမ်းလေးများကို တွန့်လိုက်ရင်း သူမဘာသာသူမ တိုးတိုးလေးရေရွတ်နေသည်။

နောက်ဆုံးတွင် သွယ်လျသောလက်ကလေးများကို မြှောက်လိုက်ပြီး လည်ပင်းမှ ဆွဲကြိုးကို ချွတ်လိုက်သည်။ ထိုနောက် တွန့်ဆုတ်နေသည့် လေသံဖြင့် ပြောလိုက်သည်။

“ဒါဆို ကျွန်မ ဒီလည်ဆွဲ ရှင့်ကိုပေးလိုက်မယ်”

“ကောင်းပြီ”

ကျန်းဟန်သည် ဟန်ပင်မဆောင်နိုင်တော့ဘဲ ချက်ချင်း လှမ်းယူလိုက်သည်။ အနက်ရောင်အသည်းနှလုံးပုံစံကျောက်တုံးလေးကို ကြည့်ပြီး သူ၏နှာခေါင်းနားတွင်တွေ့ကာ ရတနာအနံ့ခံနှာခေါင်းကို မသိစိတ်က နှိုးဆွလိုက်ပြီး ရှည်လျားစွာ ရှူရှိုက်လိုက်သည်။

အိုစီသလင်းကျောက်…

သလင်းကျောက်၏အငွေ့အသက်က ကျန်းဟန်နှင့်အလွန်ရင်းနှီးသည်။ သူ၏မျက်လုံးများကို မှိတ်လိုက်ပြီး သူ၏မျက်နှာတွင် စွဲလန်းသည့်ခံစားမှုအပြည့်ရှိနေသည်။

ဇီယန်သည် သူ၏အပြုအမူကိုမြင်သည့်အခါ ထိတ်လန့်သွားပြီး သူမ၏ချစ်စရာကောင်းသည့်မျက်နှာလေးမှာ နီးမြန်နေကာ မျက်လုံးလှလှလေးများကို ပုတ်ခတ်ပုတ်ခတ်ဖြင့် အခြားတစ်ဖက်သို့ လှည့်လိုက်သည်။

သူ ဘာလုပ်နေတာလဲ?

သူ ငါ့ကိုယ်နဲ့ကို ရှူနေတာလား?

သူ ဘာလို့ ဒီလောက်တောင် အရှက်မရှိ မျက်နှာပြောင်ရတာလဲ!

ကျန်းဟန်၏အပြုအမူကြောင့် ဇီယန်သည် ခဏတာမျှ သူမ၏နှလုံးသားထဲတွင် အနည်းငယ် ဖရိုဖရဲဖြစ်သွားခဲ့ရသည်။

-C 85 End

wunzinnosp

## အပိုင်း(၈၆)

ဇီယန်နှင့် ထိတွေ့ဆက်ဆံဖူးသည့်သူအများစုမှာ အထက်တန်းလွှာမှလူများဖြစ်ကြသည်။ သူတို့အားလုံးတွင်

အိမ်နွေရှိသည့်အမှုအရာများရှိကြပြီး တည်ကြည်ဖြောင့်မတ်သည့် မျက်နှာထားအပြည့်ရှိကြသည်။

လီချန်းကဲ့သို့သောသူပင် ပါးစပ်ကထွက်သည့်စကားနှင့် စိတ်ထဲတွေးနေသည့်အရာကွဲပြားစေကာမူ အပြုအမူများနှင့် စကားပြောဆိုရာတွင် အများအားဖြင့် ယဉ်ကျေးကြပေသည်။

ကျန်းဟန်သည် သူမခန္ဓာကိုယ်အား ပြောင်ပြောင်တင်းတင်းအကဲခတ်ကာ ရင်ညွှန့်အားကြည့်ရှုရုံသာမက သူမ၏ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသည့် လည်ဆွဲကိုလည်း ပြောင်ပြောင်တင်းတင်း နမ်းရှိုက်နေသည်။

ဤအခိုက်အတန့်တွင် ဇီယန်သည် အင်တာနက်ပေါ်တွင် ရေပန်းစားနေသည့် စကားတစ်ခွန်းကို ရုတ်တရက်တွေးမိလိုက်သည်။ အတုအယောင်မဟုတ်သော်လည်း အလွန်ကြီးမားလှသည် ဟူ၏။

အမိပွာယ်ကား သင့်ကိုစနောက်ကျီစားသည့်သူသည် သူ၏မျက်နှာပေါ်ကအတိုင်း စိတ်ထဲမရှိသော်လည်း အပေါ်ယံတွင် ဖြောင့်မတ်သူများသည်တော့ သူတို့၏စိတ်ထဲတွင် ဘာတွေးနေလဲဆိုသည်အား မသိနိုင်ဟုပင်။

ယောက်ျားတစ်ယောက်၏ နှလုံးသားသည် သူ၏အစာအိမ်နှင့် ခြားနားသည်။ ပါးစပ်က ထုတ်မပြောပါက ထိုသူဘာတွေးနေသလဲဆိုသည်အား မည်သူသိမည်နည်း။

ကျန်းဟန်နှင့် လီချန်းကဲ့သို့ပင်။ ကျန်းဟန်သည် ဇီယန်၏ခန္ဓာကိုယ်အား ပွင့်ပွင့်လင်းလင်း အကဲဖြတ်ကြည့်နေခဲ့သော်လည်း သူ၏စိတ်ထဲတွင် မကောင်းသည့်အတွေးများမရှိပေ။ လီချန်း၏မျက်နှာသည်တော့ တည်ကြည်ဖြောင့်မတ်ခြင်းအပြည့်ဖြင့် ရှိနေသော်လည်း သူ၏စိတ်ထဲတွင် ဇီယန်အား ဆာလောင်မွတ်သိပ်နေပေသည်။

"ရှင်တကယ် စန္ဒယားတီးတတ်တာလား?" စန္ဒယားဆီသို့လှမ်းကြည့်ရင်း ဇီယန်၏မျက်လုံးများမှာ အနည်းငယ် လွင့်မျောသွားသည်။

ကျန်းဟန်သည် လည်ဆွဲကို တစ်ချက်နမ်းရှိုက်လိုက်ရာ ဇီယန်သည် ကျန်းဟန်၏မျက်လုံးများသို့ တည့်တည့်ကြည့်ရန် လန့်သွားခဲ့သည်။ သူသည် လှမ်းကြည့်နေပြီး ဘာပြောချင်နေသလဲဆိုသည်ကို ဇီယန် မသိပေ။ ထို့ကြောင့် စကားပြောရန် အခြားအကြောင်းအရာတစ်ခုကိုရှာပြီး စကားလမ်းလွှဲလိုက်ခြင်းဖြစ်သည်။

"အင်း" ကျန်းဟန် လည်ဆွဲကို အိတ်ကပ်ထဲပြန်ထည့်ကာ ခေါင်းညိတ်လိုက်သည်။

"ဒါဆို ကျွန်မအတွက် တီးပေးပါ" ဇီယန်၏ မျက်လုံးများတွင် မျှော်လင့်ချက်အနည်းငယ်ရှိနေခဲ့သည်။

ကျန်းဟန်သည် အမှန်တကယ် စန္ဒယားတီးတတ်ပါက သူသည် ဂီတကို နှစ်သက်သည်ဟု ဆိုလိုသည်။ ဇီယန်သည်လည်း ဂီတကိုမြတ်နိုးသည့်သူများအား နှစ်သက်ပေသည်။

"မရတော့ဘူး။ အရမ်းနောက်ကျနေပြီ" ကျန်းဟန် ခေါင်းယမ်းကာ ငြင်းလိုက်သည်။

"ဒါဆို ကျွန်မတို့ နည်းနည်းလောက်ပဲ တီးကြမယ်လေ။ ဒုတိယထပ်ရဲ့ အသံလုံမှုက တော်တော်ကောင်းတယ်လို့ ကျွန်မထင်တယ်။ နည်းနည်းလောက်တီးတာက သူတို့အိပ်နေတာကို အနှောက်အယှက်မဖြစ်စေလောက်ပါဘူး" ဇီယန် ခဏလောက်စဉ်းစားကာ ပြောသည်။

"မရဘူး ငါတို့ မုန့်မုန့်အိပ်နေတာကို နှောင့်ယှက်မိသွားရင် ဘယ်လိုလုပ်မလဲ?"

ကျန်းဟန်သည် ထပ်၍ ငြင်းလိုက်သည်။ မုန့်မုန့် အိပ်ပျော်နေစဉ်တွင် သူ စန္ဒယားတီးမည် မဟုတ်ချေ။

"ဟွန့် ကောင်းပြီလေ။ ဒါဆို မနက်ဖြန်ကျရင် ရှင်ကျွန်မအတွက် တီးပေးရမယ်နော်?" သူ၏စကားကိုကြားသည့်အခါ ဇီယန်သည် အလျော့ပေးလိုက်ပြီး နှုတ်ခမ်းလေးစူကာ ပြောလိုက်သည်။

ဇီယန်၏အမူအရာကို ကြည့်ရင်း ကျန်းဟန် ရင်ခုန်သွားကာ ထူးထူးခြားခြားတွေးလိုက်သည်။ ဇီယန်တွင် ရွှေငါးပါးစပ်လေးရှိပြီး ပါးလေးကိုဖောင်းကာ သူမ၏မျက်လုံးတစ်ဖက်ကို မှိတ်လိုက်ပါက အလွန်လှပသည့် မြင်ကွင်းဖြစ်သွားလိမ့်မည်ဟု တွေးလိုက်သည်။

"ငါတို့ မနက်ဖြန်ကျမှ အဲ့အကြောင်းပြောတာပေါ့" ကျန်းဟန် လည်ဆွဲကို ရရှိပြီးပြီဖြစ်၍ တံတားကို လမ်းဖြတ်ကူးပြီးနောက် တံတားကိုဖျက်ဆီးတော့မည့်ပုံပေါ်သည်။ တည်ငြိမ်သည့်အမူအရာဖြင့် ပြောလိုက်သည်။ "မနက်ဖြန် အနားယူရက်မဟုတ်လား။ မင်းမှာ အစီအစဉ်တစ်ခုခုရှိလား?"

“မသေချာဘူး”

သူမ ပျင်းတွဲစွာဖြင့် ပြောလိုက်သည်။ “ကျွန်မ မနက်ဖြန် အိပ်ယာထဲမှာပဲ နေချင်တယ်။ ပြီးတော့ မုန့်မုန့်နဲ့လည်း အပြင်သွားပြီး ကစားချင်တယ်။ နောက်ဆုံးတစ်ခေါက် သမုဒ္ဒရာပန်းခြံမှာ ကစားလို့ မပြီးသေးဘူးလေ။ မုန့်မုန့် လုံလုံလောက်လောက်ပျော်ခဲ့ရမယ်လို့ ကျွန်မ မထင်ဘူး”

“မနက်ဖြန် မနက်ခင်း ငါတို့ လခြမ်းတောင်ကိုသွားပြီး အရင်တစ်ခါပေးခဲ့တဲ့ အထူးရေကို ပေးမယ်လေ။ နေ့လည်ကျရင် မုန့်မုန့်ကို သမုဒ္ဒရာပန်းခြံခေါ်သွားကြမယ်” ကျန်းဟန် ပြောလိုက်သည်။

“ကောင်းတယ်”

ရေ အကြောင်းပြောသည့်အခါ ဇီယန် စိတ်ဝင်စားလာသည်။ သူမသည် ကျန်းဟန်အား မျက်လုံးရွှဲကြီးများဖြင့် စိုက်ကြည့်ရင်း

“ရှင် ကျွန်မတို့ကို ပြီးခဲ့တဲ့တစ်ခေါက်က ပေးခဲ့တဲ့ရေက ဘာလဲဟင်?”

လူတစ်ယောက်၏အသားအရေကို တိုးတက်စေနိုင်သည့် ရေမှာ လုံး၀ ထူးထူးခြားခြားပင် ဖြစ်သည်။ ဇီယန်သည် ကျန်းဟန် ထိုရေကို ဘယ်ကရသလဲဆိုသည်အား အမြဲသိချင်နေခဲ့သည်။

“အထူးပြုလုပ်ထားတဲ့ ဆေးဖက်ဝင်ရေတစ်မျိုးလို့ မှတ်ထားလိုက်ပါ”

ကျန်းဟန် ရယ်လိုက်သည်။

သန့်စင်သောယန်။

နှိုင်းယှဉ်၍ပြောရလျှင် ရေသည် သာမန်ရေသာဖြစ်သည်။ အကယ်၍ ကပ်ဘေးဒုက္ခအဆင့်တွင် ရှိနေစဉ်က ကျန်းဟန်၏အမြင်ဖြင့်ဆိုပါက ပဥ္စမအဆင့်စိတ်ဝိညာဉ်ရတနာသည်ပင် အားနည်းလှသည့်ရတနာတစ်ခုသာဖြစ်သည်။ မဟုတ်ပါက

ကျန်းဟန်သည် ယန်မိုးကြိုးသစ်ပင်အား အေးစိမ့်နန်းတော်ထဲသို့ ပို့ကာ ဘယ်သောအခါမှ အသုံးမပြုခဲ့ဘဲ နေမည်မဟုတ်ချေ။

သို့သော် ပြန်လည်မွေးဖွားပြီးနောက်တွင် ယန်မိုးကြိုးသစ်ပင်သည် သူ့တွင်ရှိသမျှ အကောင်းဆုံးရတနာဖြစ်လာမည်ဟု မည်သူက ထင်မည်နည်း။ ကျန်းဟန်၏လက်ရှိ ခွန်အားဖြင့် ပထမအဆင့်စိတ်ဝိဉာဉ်ရတနာနှင့် ဒုတိယအဆင့်စိတ်ဝိဉာဉ်ရတနာများသည်လည်း သူ့အတွက် တကယ့်ရတနာများဖြစ်သည်။

နောက်ဆုံးတွင် ခွန်အားက ရတနာ၏အဆင့်ကို အဆုံးအဖြတ်ပေးသွားသည်။ ကလေးတစ်ဦးအတွက် ယွမ်တစ်ထောင်သည် အလွန်များပြားသော ငွေပမာဏဖြစ်သော်လည်း လူကြီးတစ်ဦးအတွက် ယွမ်တစ်ထောင်သည် အလွန်နည်းပါးသော ပမာဏဖြစ်သည်။

သို့သော်လည်း ကျန်းဟန်သည် သူ၏ ချီသန့်စင်ခြင်းအဆင့်၏ ခွန်အားနှင့် လိုက်လျောညီထွေဖြစ်နေပြီဖြစ်ပြီး၊ သဘာဝရွေးချယ်မှုနှင့်လိုက်လျောညီထွေသည့်စွမ်းရည်၊ အသင့်လျော်ဆုံး ရှင်သန်ရပ်တည်နိုင်မှုတို့မှာ အလွန်ကြောက်မက်ဖွယ်ကောင်းသည်။

အခိက အကြောင်းအရာသို့ ပြန်သွားရသော်...

ဇီယန်သည် ကျန်းဟန်၏ရှင်းပြချက်ကို ကြားပြီးနောက် နောက်ထပ် ဘာမှမေးရန် မရည်ရွယ်တော့ချေ။ သူမအနည်းငယ် အိပ်ငိုက်လာပြီး အလွန်သမ်းဝေနေသည်။

“အရမ်းနောက်ကျနေပြီ။ မင်းသွားပြီး အနားယူသင့်တယ်” ကျန်းဟန် နာရီအားကြည့်ကာ ပြောလိုက်သည်။

“အိုး..နှစ်နာရီတောင် ထိုးတော့မှာပဲ” ဇီယန်၏အမူအရာမှာ ခဏလောက် မှင်တက်သွားသည်။ ပထမထပ်တွင် ကျန်းဟန်နှင့် တစ်နာရီနီးပါးစကားပြောနေရန်

သူမ မမျှော်လင့်ထားပေ။ ထိုအချိန်တွင် ဇီယန်သည် အမှန်တကယ်အိပ်ချင်နေသဖြင့် မတ်တပ်ထရပ်ကာ ကျန်းဟန်အား စိုက်ကြည့်၍ မေးလိုက်သည်။

"ရှင် ဒီနေ့ ဘယ်မှာ အိပ်မှာလဲ?"

"ငါ ပထမထပ်က ဆိုဖာပေါ်မှာ အိပ်မယ်" ကျန်းဟန်သည် သူမထိုင်နေသည့် ဆိုဖာကို ညွှန်ပြသည်။

"ဒါဆို အအေးမမိအောင် ဂရုစိုက်နေ။ ကျွန်မ သွားအိပ်တော့မယ်"

ဇီယန်သည် အဖြူရောင် သားမွေးအင်္ကျီကို ကောက်ယူလိုက်ပြီး ကျန်းဟန်အား လှပသည့် မျက်လုံးများဖြင့် ကြည့်လိုက်ပြီး အင်္ကျီကို အဝတ်အိတ်ထဲထည့်ကာ အပေါ်ထပ်သို့တက်သွားသည်။

ကျန်းဟန်သည် ဆိုဖာပေါ်တွင် ထိုင်နေရင်း အိပ်၍မပျော်ပေ။ တီဗီခဏလောက်ကြည့်ရန်စိတ်ကူးလိုက်သော်လည်း

ရွှယ်ချမ်၏စတူဒီယို အီးမေးသို့ သီချင်းတစ်ပုဒ်ပို့ထားသည်အား ရုတ်တရက် သတိရလိုက်သည်။

၎င်းကို စဉ်းစားလိုက်ပြီးနောက် ကျန်းဟန်သည် မတ်တပ်ထရပ်ကာ သူ၏လက်ပ်တော့ကောင်တာဆီသို့ လျှောက်သွားသည်။ ကွန်ပြူတာအားဖွင့်ကာ ပင်ဂွင်း ဆော့ဝဲကိုဝင်လိုက်သည်။

သူသည် ထိုဆော့ဝဲကို မသုံးသည်မှာ ငါးနှစ်ကျော်ပြီ ထင်သည်။

ကျန်းဟန် အီးမေးလ်ပို့စဉ်က ဆော့ဝဲကိုမဝင်ဘဲ ဝဘ်ဆိုဒ်မှတစ်ဆင့် တိုက်ရိုက်ပို့ခဲ့ခြင်းဖြစ်သည်။

လီဖန်းသာ ဤမြင်ကွင်းကို မြင်လိုက်ပါက အလွန်စိတ်လှုပ်ရှားပြီး သူ၏ခန္ဓာကိုယ်ပင် တုန်ရီလာပေလိမ့်မည်။ အကြောင်းမှာ နောက်ဆုံးတွင် ဤသခင်လေးက အွန်လိုင်းတက်ရန် ဆုံးဖြတ်လိုက်သောကြောင့်ပင်။

နောက်ဆုံးတွင် ကျန်းဟန်သည် သူနှင့် ရင်းနှီးနေသည့် အကောင့်သို့ လော့အင်ဝင်လိုက်သည်။

သူ လော့အင်ဝင်လိုက်သည်နှင့် အရေးပေါ်အချက်ပြသံများက ချက်ချင်းထွက်ပေါ်လာသည်။

“ဒင်…ဒင်….ဒင်…ဒင်….”

အသံသည် နှစ်မိနစ်ခန့်ပင် ကြာသည်။ မူလက ကျန်းဟန်တွင် သူငယ်ချင်း အများအပြားမရှိဘဲ သုံးဆယ်မှ လေးဆယ်ခန့်သာရှိသည်။

ကျန်းဟန်သည် မောက်စ်ကို နှိပ်လိုက်ပြီး ယခင်က လူတိုင်းနီးပါး သူ့အား စကားပြောထားသည်ကို တွေ့လိုက်သည်။ ကျန်းဟန်သည် ပျင်းနေသောကြောင့် တစ်ခုပြီးခုခု လိုက်ဖတ်ရန် နှိပ်လိုက်သည်။

ဟုန်ယွင် သည် ချက်ချင်း မေးသည် - ကျန်းဟန် ဘာတွေဖြစ်နေတာလဲ။ မင်းတစ်ခုခုဖြစ်သွားတာလား?၊

ငါကြားတာ မင်း ကျန်းမိသားစုကနေ အထုတ်ခံရတယ်ဆို၊ တကယ်ကြီးလား?

ငါးမျှားကွန်ယက် - သေစမ်း ငါလခွီးပဲ။ သခင်လေးကျန်း မင်း ကျန်းမိသားစုက အထုတ်ခံရတာလား? ယီးလိုပဲ။ ညီအစ်ကို ဘာမှဝမ်းနည်းမနေနဲ့။ ဘာလို့ ငါ့ဆီကို မလာတာလဲ? သေချာပေါက် ငါ မင်းကိုဒီမှာ ကြိုဆိုနေတယ်။

လူထန်းဖန် - မင်းဘယ်မှာလဲ? ငါနဲ့ လာသောက်လဲ့? ကျန်းမိသားစုက မင်းကို လက်မခံနိုင်ဘူးဆိုတော့ ငါမင်းကို တိုးတက်ဖို့အတွက် အခွင့်အရေးပေးနိုင်တယ်။ မင်းရဲ့ အရည်အချင်းနဲ့ဆိုရင် နောက် ဆယ်နှစ် ရှစ်နှစ် အတွင်း မင်းပြန်ပြီး ထူထောင်နိုင်လိမ့်မယ်။

ထို လူထန်းဖန်သည် တစ်ချိန်က ကျန်းဟန်၏ညီငယ်ဖြစ်ပြီး ကျန်းဟန် နိမ့်ကျသွားသည်ကိုမြင်ပြီးနောက် သူ၏လေသံတွင် ယခင်ကကဲ့သို့ လေးစားမှုမရှိနေတော့ချေ။

ဒေါင်ဟူ - အိုး အစ်ကိုကျန်း။ မင်း မိသားစုက နှင်ထုတ်ခံရတာလား? တကယ်ကို မယုံနိုင်စရာပဲ။ အစ်ကိုကျန်း မင်းသွားစရာနေရာမရှိရင် ငါ့ရဲ့ကားဝပ်ရှော့ကို လာလို့ရတယ်။ မင်း ပြိုင်ကားအကြောင်း အများကြီးသိတယ်မလား? မင်းရဲ့ကားတွေကို ဒီမှာ ပြင်လို့ရတယ်။

ဒေါင်ဟူ။ ယခင် လန်ရှင်းတောင်ကားပြိုင်ပွဲတွင် ကျန်းဟန်အား ဆိုးရွားသောအခြေအနေသို့ ကျရောက်စေခဲ့သည်။ ကျန်းဟန် နိမ့်ကျသည်ကိုမြင်ပြီး သူသည် ဘယ်လိုကြီးမှန်းမသိသော လေသံဖြင့်ပြောခဲ့ပြီး ယခုဘဝတွင်တော့ တောင်ပေါ်မှပြုတ်ကျခဲ့ပြီး ယခုအချိန်လောက်ဆိုလျှင် သူ၏ဒဏ်ရာများ အလွန်ပြင်းထန်နေလောက်ပြီ။

ဒါသည် အမှန်တရားပင်ဖြစ်သည်။ ဆင်းရဲကြပ်တည်းသောမြို့နှင့်ပက်သတ်၍ မည်သူမျှ မမေးမြန်းနိုင်အောင် ဖြစ်စေသည် ဟု ဆိုရိုးရှိခဲ့သည်။

စည်းစိမ်ဥစ္စာများနှင့် အမြင့်တွင်စံမြန်းခဲ့သည့်လူသည် နိမ့်ပါးသွားသည့်အချိန်တွင် သူ၏ဘေးနားမှ မိတ်ဆွေ သူငယ်ချင်းများမှာ ၎င်းအား ခေါ်ပြောခြင်း နည်းသွားပေလိမ့်မည်။

သို့သော် ကျန်းဟန်သည် ထိုအချိန်က ဒေါသကြီးပြီး မာနထောင်လွှားကာ ပြဿနာအိုးဖြစ်သော်လည်း သူ့ကို ဂရုစိုက်သည့် ခပ်ဆိုးဆိုးသူငယ်ချင်းအချို့ရှိသည်။ သူနိမ့်ပါးနေသည့်အချိန်တွင် သူ့အား ငွေကြေးပေးမည့်သူ အကူအညီပေးမည့်သူ နှစ်ယောက်ပင်ရှိသော်လည်း ကျန်းဟန် သူတို့ကို ငြင်းပယ်ခဲ့သည်။

နောက်ဆုံးတွင် နောက်ဆုံးချက်ဘောက်တစ်ခုကို ရောက်ရှိလာသည့်အခါ မက်ဆေ့ပေါင်း နှစ်ထောင်နီးပါးရှိသည်ကို ကျန်းဟန် တွေ့လိုက်ရသည်။

ထိုသူ၏အမည်မှာ ချောင်လောလော ဖြစ်သည်။

ကျန်းဟန်၏မျက်လုံးများ အနည်းငယ်ကျဉ်းမြောင်းသွားပြီး မက်ဆေ့မှတ်တမ်းများကို ဖွင့်လိုက်သည်။

"ကျန်းဟန် ရှင်ဘယ်မှာလဲ? ဘာလို့ ဖုန်းပိတ်ထားတာလဲ။ ရှင်ဘယ်ရောက်နေတာလဲ?"

"ကျန်းဟန် မြန်မြန် ကျွန်မကိုပြန်ဖြေစမ်းပါ! မြန်မြန် ပြန်ဖြေစမ်းပါ!"

"ကျန်းမိသားစုက ရှင့်ကို မလိုချင်ပေမဲ့ ကျွန်မ ချောင်းလောလော ရှင့်ကိုလိုချင်တယ်။ ဟောင်ကောင်မှာ ကျွန်မကို လာတွေ့ပါ။ ရှင်လာမယ်မလား?"

"ရှင်ဘာလုပ်နေတာလဲ? ကျွန်မကို လစ်လျူမရှုစမ်းပါနဲ့ ကြားလား?"

"…"

တစ်လကြာပြီးနောက်။

"ကျန်းဟန် ကျွန်မ ဟောင်ကောင်ကိုပြန်ရောက်နေပြီ။ ရှင့်မှာ ကျွန်မကိုနောက်တစ်ကြိမ်တွေ့ဖို့ တကယ်အစီအစဉ်မရှိဘူးလား?"

"ရှင့်မျက်လုံးထဲမှာ ကျွန်မက တကယ်ပဲ ချစ်ဖို့မထိုက်တန်တဲ့သူလား။ ဘာလို့လဲ?"

နှစ်ဝက်ကြာပြီးနောက်။

"ကျန်းဟန် ကျွန်မရှင့်ကို မုန်းတယ် မုန်းတယ် မုန်းတယ်။ အရင်က ရှင့်ကို စိတ်ကူးယဉ်ခဲ့မိတာ ကျွန်မ တကယ်မျက်စိကန်းနေခဲ့တာပဲ"

တစ်နှစ်ကြာပြီးနောက်။

"ကျန်းဟန်။ တစ်နှစ်တောင်ရှိသွားပြီနော်။ ရှင်ဘာလို့ ကျွန်မကို တစ်ကြိမ်လေးတောင် ပြန်မဖြေရတာလဲ? ပေကျင်းမှာ ရှင့်ရဲ့အခြေအနေက

သိပ်မကောင်းဘူးလို့ကြားတယ်။ ဟောင်ကောင်ကို လာခဲ့ပါနော်”

နှစ်နှစ်ကြာပြီးနောက်။

“ကျန်းဟန် ရှင်ဘယ်တော့မှ လော့အင်မဝင်ဘူးဆိုတာ ကျွန်မမယုံဘူး။ ရှင်ကျွန်မရဲ့ စာတွေကို မြင်ကိုမြင်ရမယ်။ ကျွန်မရှင့်ကို တကယ်သတိရတယ်။ ကျွန်မအဲဒီအချိန်က မှားခဲ့တာမှန်ပေမဲ့ အရမ်းကြီးနှလုံးသားမမဲ့ပါနဲ့နော်။ ကျွန်မတို့ အမြဲအတူတူနေကြမယ်လို့ သဘောတူထားတယ်လေ”

သုံးနှစ်ကြာပြီးနောက်။

လေးနှစ်ကြာပြီးနောက်။

ချက်ဘောက်မှာ ချောင်လောလော၏ ဒိုင်ယာရီအလားပင်။ သူမတွင် ရည်းစားရှိသည့်အကြောင်းပင် ကျန်းဟန်ကိုပြောပြခဲ့ပြီး သူ၏ရည်းစားက အိပ်ယာပေါ်တွင် သိပ်မစွမ်းဆောင်နိုင်သည့်အကြောင်းပင်

ကျန်းဟန်ထံမက်ဆေ့ပို့ခဲ့သည်။ တစ်နှစ်ခွဲအကြာတွင် သူမ လမ်းခွဲလိုက်ပြီးနောက် ချောင်လောလောနှင့် ကျန်းဟန်တို့၏ ချက်ဘောက်မှာ ပုံမှန်အတိုင်းပင် ပြန်ဖြစ်သွားပြန်သည်။ စကားအများစုမှာ ကျန်းဟန်နှင့်ပြန်တွဲလိုသည့် အတွေးများကိုသာ ရည်ညွှန်းခဲ့ပြီး ကျန်းဟန်သည် သူမနှင့်အတူနေရန် အသင့်တော်ဆုံးသူဖြစ်ကြောင်း အမြဲပြောခဲ့သည်။

ချက်မှတ်တမ်းကို ဖတ်ပြီးနောက်တွင် တမြန်သနေ့က နောက်ဆုံးမက်ဆေ့ကိုပို့ထားခဲ့သည်ကို သိလိုက်သည်။

ကျန်းဟန် မထူးမခြားနားပင် ခေါင်းယမ်းလိုက်သည်။ ထို ချောင်လောလောမှာ ကျန်းဟန် တစ်နှစ်ခန့်တွဲခဲ့သည် ရည်းစားဖြစ်ပြီး သူတို့၏ဆက်ဆံရေးမှာ သိပ်မဆိုးပေ။

သူတို့ လမ်းမခွဲမီ တစ်လခန့်အလိုတွင် ကျန်းဟန်၏ရန်ဘက် လင်းကျဲသည် ချောင်လောလော၏ သူငယ်ချင်းအသိုင်းအဝိုင်းနှင့် အဆက်အစပ်ရှိသွားသည်။

ကျန်းဟန်သည် ထိုကောင်က ချောင်လောလောနှင့်နီးစပ်ရန် ကြိုးစားနေသည်ဟု ခံစားမိသောကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး ချောင်လောလောအား ပွင့်ပွင့်လင်းလင်းပြောပြကာ သူနှင့် ခပ်ဝေးဝေးနေရန် ပြောခဲ့သည်။

နောက်ဆုံးတွင်တော့ ချောင်လောလောနှင့် သူမ၏သူငယ်ချင်းများဆုံစည်းကြသည့်အချိန်တိုင်း လင်းကျဲမှာ အမြဲပါရှိနေသည်။ ချောင်လောလောသည် ရည်ရွယ်ချက်ရှိရှိဖြင့် ခပ်ခွာခွာနေခဲ့သော်လည်း လင်းကျဲသည် ပါးနပ်ပေသည်။ သူ၏အပြုအမူများနှင့် အပြောကောင်းမှုများကြောင့် ချောင်လောလောနှင့် အမြဲတမ်း ခဏလောက်တော့ စကားပြောနိုင်လေ့ရှိသည်။

ကျန်းဟန်သည် သူမတို့ကို နှစ်ကြိမ်တွေ့သွားပြီး အနည်းငယ် မကျေမနပ်ဖြစ်ခဲ့သည်။ ချောင်လောလော၏မွေးနေ့တွင် ကျန်းလီမှာ

ပြဿနာအနည်းငယ်တက်ခဲ့ပြီး သူသည် ချောင်လောလောနှင့် အကြီးအကျယ်စကားများခဲ့သည်။ ထို့ကြောင့် ကျန်းဟန်သည် ပွဲမတက်ခဲ့ဘဲ ချောင်လောလာသည်လည်း သူ၏ဖုန်းကို မကိုင်ခဲ့ချေ။ သူမအလွန်ဝမ်းနည်းကြေကွဲကာ အရက်များအလွန်အကျွံမူးနေခဲ့သည်။ လင်းကျဲသည် ၎င်းကိုအခွင့်အရေးယူကာ သူမနှင့် တစ်ညလုံး အတူတူနေခဲ့သည်။

နောက်တစ်နေ့တွင် လင်းကျဲသည် ကျန်းဟန်ထံသို့ ဓာတ်ပုံများ အဆက်မပြတ်ပို့ပေးခဲ့သည်။

မော်ဒယ်လား? ကျန်းဟန် မင်းရည်းစားရဲ့ အရသာက မဆိုးပါဘူး။ ဒီဦးထုပ်စိမ်းက မင်းအတွက်ပဲ။ (ဦးထုပ်စိမ်းဆိုတာ ရည်းစား သို့ အိမ်ထောင်ဘက်အပေါ် ဖောက်ပြန်တဲ့ အခါ သုံးတဲ့ တရုတ်အသုံးအနှုန်းပါ။ တရုတ်ဝတ္ထုဖတ်နေကျသူတွေအနေနဲ့တော့ သိကြမယ်ထင်ပါယ်)

-C 86 End

wunzinnosp

## အပိုင်း(၈၇)

ကျန်းဟန်မှာ အလွန်ဒေါသထွက်ခဲ့ပြီး ချောင်လောလောနှင့် လမ်းခွဲခဲ့သည်။ ထိုညတွင် သူ၏ညီအစ်ကိုများကိုခေါ်ကာ လင်းကျဲကို သွားရှာသည်။

သူသည် လင်းကျဲ၏ပြုံးဖြဲဖြဲမျက်နှာကို ပြင်းပြင်းထန်ထန်ပါးရိုက်ထည့်လိုက်ပြီး လက်တစ်ဖက်ကိုပင် ချိုးပစ်လိုက်သည်။ ထိုအချိန်က ကျန်းဟန်၏ဖခင် ကျန်းကွမ်းယုံသည် ထိန်းချုပ်နိုင်ခဲ့သော်လည်း သတင်းကောင်းမှာ ကြာရှည်ခံဘဲ တစ်လမပြည့်မီတွင် ကျန်းဟန်၏မိဘများမှာ ပျောက်ဆုံးသွားပြီး ဒုတိယဦးလေး

ကျန်းနန်သည် မိသားစုခေါင်းဆောင်ဖြစ်လာသည်။ မကြာခင်တွင်ပင် လင်းကျဲသော ဦးဆောင်သောလူများက ပြဿနာရှာခဲ့ပြီး ကျန်းဟန်အား မိသားစုမှထုတ်ပယ်ရန်ဖြစ်ပေါ်စေခဲ့သည်။

ဒေါင်ဟူ၏လှည့်စားမှုကိုခံရပြီး ဒဏ်ရာအပြင်းအထန်ရကာ ဘေကျင်း(ရှန်ဂျင်း) မှ ထွက်ခွာခဲ့ခြင်းမရှိပါ၊ သူသည် နောက်ပိုင်းတွင် ချောက်ကမ်းပါးမှ ခုန်ချခဲ့ခြင်းမရှိပါက ကျန်းဟန်သည် ကျင့်ကြံခြင်းလောကသို့ မတော်တဆဝင်ရောက်မိမည်မဟုတ်သလို၊ နာမည်ကျော် ဟန်ယန်အင်မော်တယ်ကေရာဇ်လည်း ဖြစ်လာမည်မဟုတ်ချေ။

ချောင်လောလောပို့ထားသော မက်ဆေ့များကို ဖတ်ပြီးနောက် ကျန်းဟန်ပြုံးလိုက်မိသည်။

ယခုအချိန်တွင် ထိုသူများသည် ကျန်းဟန်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ချေ။ သူတို့ သူ့အကြောင်းပြောနေကြလျှင်ပင် ကျန်းဟန်၏စိတ်ထဲတွင် မည်သို့မျှ ပြောင်းလဲမည်မဟုတ်ချေ။ ဤ ချောင်လောလောသည် အနည်းငယ်ဖွဲ့ရှိရုံသာမက၊ ငါးနှစ်ကျော်ကြာအောင်ပင် မက်ဆေ့ပို့နေခဲ့ရုံသာမက၊ သူမ၏ရည်းစားနှင့် ဒချိနေသည့်တိုင်အောင်ပင် သူမမှလွဲ၍ အခြားမည်သူမျှ ကျန်းဟန်အား စိတ်ထဲ မရှိတော့ပေ။

ထိုမက်ဆေ့များကိုကြည့်ပြီးနောက် သူရုပ်ရှင်ကြည့်လိုက်ရသလို ခံစားရသည်။ ဘဝဆိုသည်မှာ ပြဇာတ်တစ်ပုဒ်လိုပင်။ အားလုံးသည် ကျရာနေရာမှာ သရုပ်ဆောင်နေကြပေသည်။

ကျန်းဟန် မေးလ်ဘောက်ကို တစ်ခါတည်းဖွင့်လိုက်ရာ အလွန်စိတ်ဝင်စားဖွယ်ရာကောင်းသည့် မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။

မေးလ်ဘောက်၏အဝင်စာပုံးသည် ချောင်လောလောကဲ့သို့ပင် လီဖန်ဟုခေါ်သော လူတစ်ယောက်မှာ ပေးပို့ထားသည့် စာအရှည်ကြီးနှင့် ပြည့်နေသည်။ ကျန်းဟန်သည် မက်ဆေ့များကို ကြည့်လိုက်သည်အခါ ရယ်စရာတစ်ခုကိုတွေ့လိုက်ရသည့်အလား သူ၏ခေါင်းကို မခါဘဲမနေနိုင်ချေ။

"ဆရာရှိနေလားခင်ဗျာ? ကျွန်တော် ရွှယ်ချမ်ရဲ့ မန်နေဂျာ လီဖန်ပါ"

"ဟဲလို..မစ္စတာဟန်ယန်၊ ခင်ဗျားရှိနေလားလို့ မေးလို့ရမလား? ခင်ဗျားရဲ့ ပင်ဂွင်းဆော့ဝဲမှာ သူငယ်ချင်းပေါင်းထည့်(add)ဖို့ ခွင့်မပြုထားဘူး။ ဒါကြောင့် ကျွန်တော် ခင်ဗျားကို အပ်လို့မရဘူး"

"ဆရာ အချိန်ရှိရင် ကျေးဇူးပြုပြီး ကျွန်တော့ကို ဖုန်းနံပါတ်ကိုပေးလိုက်ပါ့မယ်။ ဖုန်းခေါ်ပေးလို့ရလား?"

"ဆရာ ကျွန်တော့်အိမ်းမေးလ်ကိုတွေ့ရဲ့လားခင်ဗျာ? ဆရာ ကျေးဇူးပြုပြီး စာပြန်ပေးပါလား။ ကျွန်တော် ခင်ဗျားနဲ့ သရုပ်ဆောင်သီချင်းအကြောင်း ပြောချင်လို့ပါ"

"ဘုရားရေ....ဆရာ! နှစ်ရက်တောင်ရှိသွားပြီ၊ ဘာလို့ခုထိ လိုင်းမတက်သေးတာလဲ?"

"ကျေးဇူးပြုပြီး အကြောင်းပြန်ပေးပါ၊ ကျေးဇူးပြုပြီး စာပြန်ပေးပါ။ ဘုရား ဘုရား၊ ခင်ဗျား ဘယ်အချိန်မှ အွန်လိုင်းတက်မှာလဲ မြန်မြန်လေး ကျွန်တော့ကို စာပြန်ပေးပါ"

"အစ်ကို အစ်ကို အစ်ကို အစ်ကိုကြီးရေ၊ ခင်ဗျားရဲ့ညီလေးကတော့ စိုးရိမ်လွန်းလို့သေရတော့မှာပဲ! ဒီမှာစောင့်နေရတာ ပေါက်ကွဲတော့မယ်"

"..."

စာအရှည်ကြီးကိုဖတ်ပြီးနောက် လီဖန်း၏စကားများမှ ပြင်းထန်သော မကျေမချမ်းမှုများကို ထင်ရှားစွာ ထုတ်ဖော်ထားသည်။

ကျန်းဟန် အနည်းငယ် စိတ်ရှုပ်သွားသည်။ စျေးနှုန်းလဲပြောထားပြီးသားကို သူဘာတွေ့ အလျှင်စလိုဖြစ်နေတာလဲ?

၎င်းကိုစဉ်းစားလိုက်ပြီးနောက် ကျန်းဟန်သူ့အား နာမည်ထည့်မခေါ်ပဲ တိုက်ရိုက် မက်ဆေ့တစ်ကြောင်းပြန်လိုက်သည်။

“ဘာဖြစ်တာလဲ?”

စာပြန်ပြီးနောက် ကျန်းဟန် ဆော့ဝဲကိုပိတ်လိုက်ချင်သည်။ ၎င်းမှာ မနက် ၂ နာရီပင် ရှိနေပြီမဟုတ်ပါလား? ညဘက်တွင် ပျော်မြူးကြသည့် ညဥ့်ငှက်များရှိသော်လည်း လူအများစုမှာတော့ အိပ်စက်အနားယူကုန်ကြပြီဖြစ်သည်။

တစ်ဖက်လူများမှာလည်း ယခုအချိန်ဆိုလျှင် အိပ်ပျော်နေလောက်ပေပြီ။

သို့သော် မမျှော်လင့်စွာဖြင့် ကျန်းဟန်သည် ဆေ့ာဝဲကို ပိတ်သည့်နေရာသို့ နှိပ်ရန်ပြင်လိုက်သည့်အခါ မေးလ်ဘောက်မှ မက်ဆေ့တစ်ခုပေါ်လာသည်။

"မစ္စတာဟန်ယန်၊ ခင်ဗျားလား? နောက်ဆုံးတော့ ပေါ်လာပြီပေ့ါ။ အရမ်းကောင်းတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ရဲ့ ပင်ဂွင်းအကောင့် XXXXXXXX ကို ပေါင်းထည့်ပေးပါလား"

ကျန်းဟန် နံပါတ်ကို တစ်ချက်ကြည့်လိုက်ပြီး ချက်ချင်းပင် ရှာဖွေရေးဘားတွင် ရိုက်ရှာလိုက်ပြီး သူ့အား သူငယ်ချင်း ပေါင်းထည့်လိုက်သည်။

အခြားတစ်ဖက်။ ရှယ်ချင်၏နေအိမ်တွင်။

ရှယ်ချင်သည် လွန်ခဲ့သည့် နှစ်ရက်က အလျှင်မလိုခဲ့သော်လည်း တဖြည်းဖြည်းနှင့် တစ်ရက် နှစ်ရက်ကြာလာပြီးနောက် ကျွန်းဟန် အကြောင်းမပြန်သေးသည့်အခါ သူသည်လည်း စတင် ဆန္ဒစော စိုးရိမ်လာခဲ့သည်။

သီချင်းကောင်းတစ်ပုဒ်မှာ ရှောက်ရှိလာရန်မှာ ခက်ခဲပေသည်။ အကောင်းဆုံးထဲမှ အကောင်းဆုံးတစ်ပုဒ်ဖြစ်သည်ကိုမပြောနှင့်ဦး ၎င်းမှာ သူ၏ခံစားချက် အတွေးများနှင့် လုံးဝကွက်တိကိုက်ညီပေသည်။

သူသည်လည်း ဆန္ဒစောနေသည်ကိုကြည့်ခြင်းအားဖြင့် လီဖန်း၏စိတ်ထဲတွင် အကူအညီမဲ့သလိုခံစားလိုက်ရသည်။ ထိုဆရာဟန်ယန်သည် အမှန်တကယ် စိတ်ထားကောင်းပေသည်။

ထို့ကြောင့် ယနေ့ညတွင် သူလုံးဝမအိပ်နိုင်ခဲ့ပေ။

သူသည် ညသန်းခေါင်ကျော်ကတည်းက မေးလ်ဘောက်ကို စိုက်ကြည့်နေပြီး ဘာမှ မလုပ်ရဘဲနှင့်လျှင်ပင် ပင်ပန်းနေသေးသည်။ မနက်လင်းခါနီးတွင် လီဖန်းအနည်းငယ် စိတ်ပူလာပြီး သိပ်မကြာခင်ကမှ ရုံတင်ထားသည့် ရုပ်ရှင်တစ်ကားကို နှိပ်လိုက်သည်။

"အိုး!"

နှစ်နာရီးထိုးလုနီးပါးအချိန်တွင် လီဖန်း သမ်းဝေလိုက်ပြီး ရေရွတ်လိုက်သည်။

"ဟန်ယန်က ဘာလို့အခုထိ မပေါ်လာသေးတာလဲ? ဟင်း....ဒီရုပ်ရှင်ပြီးသွားရင်တော့ ငါအိပ်တော့မယ်ကွာ"

စကားပြောနေရင်းဖြင့် လီဖန်းသည် စားပွဲပေါ်ရှိ ကာဗွန်နိတ်အချိုရည်ကို ဆွဲယူကာ မော့သောက်လိုက်သည်။ (ကာဗွန်နိတ်အချိုရည်က Gas ပါ တဲ့ဟာကိုပြောတာပါ ကိုလာတို့ ဘာတို့လို)

ရုတ်တရက် ကွန်ပြူတာဖန်သားပြင် ညာဘက်အောက်ခြေထောင့်မှ မက်ဆေ့တစ်ခုဝင်လာသည်။ လီဖန်းသည် မျက်တောင်ခတ်လိုက်ပြီး "ဟန်ယန်" ဆိုသည့် စာလုံးနှစ်လုံးကို ရှင်းရှင်းလင်းလင်းမြင်လိုက်ရသည်။

"ဖူး........"

လီဖန်းသည် စိုက်ကြည့်နေရင်းဖြင့် သူ၏ပါးစပ်ထဲရှိ အချိုရည်များအားလုံးကို ထွေးထုတ်လိုက်မိသည်။ ကွန်ပြူတာပေါ်၊ ကီးဘုတ်ပေါ်၊ သူ့ကိုယ်ပေါ်၊ ကြမ်းပြင်ပေါ် အားလုံးစိုသွားသည်။

သို့သော် လီဖန်းသည် ထိုအရာများကို ဂရုမစိုက်အားဘဲ ချက်ချင်းထထိုင်လိုက်ပြီး အိပ်ချင်စိတ်များပင် ပျောက်သွားသည်။

သူသည် အီးမေးလ်ကို အမြန်စာပြန်လိုက်ရာ စက္ကန့်အနည်းငယ်အကြာတွင် သူ့ထံသို့

သူငယ်ချင်းလက်ခံပေးရန် တောင်းဆိုချက်တစ်ခု ထွက်လာသည်။

"ဒါပဲ! ရေးစ်!"

လီဖန်းသည် လက်သီးများကို အားရပါးရဆုပ်ကာ အော်ဟစ်လိုက်ပြီး သူငယ်ချင်းတောင်းဆိုချက်ကို ချက်ချင်းလက်ခံလိုက်သည်။ ချက်ဘောက်ကို ဖွင့်လိုက်ပြီး လီဖန်းသည် စိတ်လှုပ်ရှားစွာဖြင့် စာရိုက်လိုက်သည်။

"မစ္စတာ ဟန်ယန်။ ခင်ဗျားလား?"

"အာ မဟုတ်သေးဘူး။ ကျွန်တော်ပြောချင်တာ ဒီသီချင်းကို မစ္စတာဟန်ယန်ရေးထားတာလား?"

"ဟုတ်တယ်"

ကျန်းဟန် စာလုံးနှစ်လုံးတည်းနှင့်ပြန်ဖြေသည်။

"မစ္စတာဟန်ယန် ခင်ဗျားက အရမ်းတော်တာပဲ။ ခင်ဗျားရေးထားတဲ့ သီချင်းက အရမ်းကောင်းတယ်"

"အိုး"

အာ? သူက စာရိုက်ရတာမကြိုက်ဘူးလား?

ရိုးရှင်းသည့်စာလုံးလေးတွေသာ ပြန်ဖြေနေသည်ကိုမြင်တော့ လီဖန်း စိတ်ထဲတွင် အနည်းငယ် ရှုပ်ထွေးသွားကာ စာရိုက်၍မေးလိုက်သည်။

"ဆရာ အခု အားလားမသိဘူး? ကျွန်တော် ဖုန်းခေါ်ပြီး သီချင်းအကြောင်းပြောလို့ရမလား?"

တစ်မိနစ်ကြာပြီးနောက် လီဖန်းသည် အချိန်မှာအလွန်နှေးကွေးလွန်းသည်ဟု ခံစားနေရသည်။ ထိုတစ်စက္ကန့်တိုင်းသည့် တစ်နှစ်လောက်ကြာနေသလိုပင်။ ဒါမှမဟုတ် သူအနားယူနေတာကို နှောက်ယှက်မိသွားလို့များလား? သူ့ရဲ့ကိုယ်ပိုင်နံပါတ်ကို တောင်းလိုက်လို့ မပျော်မရွှင်ဖြစ်သွားတာလား?

လီဖန်းတွေးနေစဉ်မှာပင် နောက်ဆုံးနောက် သူသည် ဖုန်းခေါ်ရန် အကြောင်းပြန်စာ ရရှိလိုက်သည်။

လီဖန်းသည် နံပါတ်ကို တွေ့လိုက်သည့်အခါ သူ၏ရင်များပင် တုန်သွားသည်။ ချက်ချင်း ဖုန်းကိုအမြန်ထုတ်ကာ နံပါတ်တစ်ခုချင်းကို နှိပ်လိုက်သည်။

ဖုန်းခေါ်ခါနီးတွင် လီဖန်းသည် မျက်လုံးများကိုမှိတ်ကာ အသက်ကို ပြင်းပြင်းရှူလိုက်ပြီး စိတ်လှုပ်ရှားမှုများကိုထိန်းချုပ်လိုက်သည်။

.....

စားသောက်ဆိုင်၏ပထမထပ်တွင် ကျန်းဟန်သည် ရေခဲသေတ္တာထဲမှ ဘီယာတစ်ဘူးထုတ်ကာ ဖောက်လိုက်ပြီး ကွန်ပြူတာဆီပြန်မသွားခင် နှစ်ကျိုက်ခန့် မော့လိုက်သည်။ ထိုနောက်မှ ကွန်ပြူတာဆီပြန်လျှောက်သွားကာ မက်ဆေ့ကိုတွေ့လိုက်ရပြီး ချက်ချင်း သူ၏နံပါတ်ကို ပို့ပေးလိုက်သည်။

အလွန်လျင်မြန်စွာပင် ဖုန်းမြည်လာပြီး ကျန်းဟန် ဖုန်းကိုင်လိုက်သည်။

“ဟဲလို..မစ္စတာဟန်ယန်လားခင်ဗျ”

လီဖန်း ဂရုတစိုက်ဖြင့် မေးလိုက်သည်။

“ဟုတ်ပါတယ် ကျွန်တော်ပါ”

“အရမ်းကောင်းတယ်! နောက်ဆုံးတော့ ခင်ဗျားနဲ့ အဆက်အသွယ်ရပြီ။ အမ်...ဟန်ယန်က ခင်ဗျားရဲ့ကလောင်နာမည်လား။ ခင်ဗျားရဲ့နာမည်ကို သိလို့ရမလား ဆရာ?”

လီဖန်း စိတ်လှုပ်ရှားစွာ ပြောလိုက်သည်။

“ကျန်းဟန်”

“တွေ့ရတာဝမ်းသာပါတယ် မစ္စတာကျန်း။ ကျွန်တော်တို့ ခင်ဗျားရဲ့သီချင်းကို တွေ့ပြီးပါပြီ။ အရမ်းကောင်းတယ်။ ကျွန်တော်တို့ သီချင်းကို ဝယ်ဖို့ဆုံးဖြတ်လိုက်ပြီ။ ဒါပေမယ့်

စျေးနှုန်းနဲ့ ပတ်သက်ပြီးတော့က....”
လီဖန်း၏လေသံမှာ အနည်းငယ် တုံ့ဆိုင်းနေသည်။

“ပိုက်ဆံသက်သက်ပဲလေ?”
လီဖန်း၏စကားကို ဆုံးအောင်စောင့်မနေတော့ဘဲ ကျန်းဟန်ပြောလိုက်သည်။

“မဟုတ်ပါဘူး။ ကျွန်တော် အဲ့လိုဆိုလိုတာမဟုတ်ဘူး။ ကျွန်တော်ပြောချင်တာက ခင်ဗျားရဲ့သီချင်းကို မူပိုင်ခွင့်လွှဲပြောင်းမှုအပြည့်အဝနဲ့ဆိုရင် ခင်ဗျားအတွက် အခုအရောင်းအဝယ်က သိပ်မသင့်တော်ဘူးလားလို့။ မစ္စတာကျန်းက ဘယ်မြို့ကလဲ? ကျွန်တော်တို့ လာလို့ရမလား? ရှယ်ချင်က ခင်ဗျားနဲ့တွေ့ချင်နေတာ။ သူက သီချင်းနဲ့ပတ်သက်လို့ သေချာလေ့လာပြီး သီချင်းရဲ့အကောင်းဆုံးအနေအထားနဲ့ ဖျော်ဖြေချင်တာ။ ကျွန်တော်တို့ တွေ့ဖို့ အဆင်ပြေပါ့မလား?”

လီဖန်းသည် သူ၏အတွေးများကို စီကာပတ်ကုံးပြောလိုက်သည်။

“ဒါလည်းကောင်းပါတယ်”

ကျန်းဟန် ခဏလောက်စဉ်းစားလိုက်ပြီး “ကျွန်တော် ဟောင်ကောင်မှာပါ။ ခင်ဗျားလာချင်ရင် လာလို့ရတယ်”

“ဟောင်ကောင်လား? ဘုရားရေ” လီဖန်းရုတ်တရက် ထအော်လိုက်ပြီး “ကောင်းလိုက်တာ။ ကျွန်တော်တို့လည်း ဟောင်ကောင်မှာပဲ။ ဆရာက ဟောင်ကောင် ဘယ်နားလဲမသိဘူး”

“လခြမ်းပင်လယ်ကွေ့”

“ဘုရားရေ! ကျွန်တော်တို့လည်း လခြမ်းပင်လယ်ကွေ့မှာပဲ။ ဒါက ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက်တွေ့ဖို့ ကြိုတင်စီမံထားတဲ့အတိုင်းပဲ”

လီဖန်း အားရဝမ်းသာပျော်လိုက်သည်။
"ဒါဆို မနက်ဖြန် ကျွန်တော်တို့တွေ့လို့ရမလား ဆရာ"

"အချိန်မရှိဘူး" ကျန်းဟန် ပြန်ပြောသည်။

"အချိန်မရှိဘူးလား?"
လီဖန်းအနည်းငယ် ကြောင်တောင်တောင် စိုက်ကြည့်လိုက်ပြီး မသိစိတ်ကပြောလိုက်သည်။
"ကျွန်တော်တို့ ဆရာ့ရဲ့အချိန်ကို အများကြီးမယူပါဘူး။ နှစ်နာရီလောက်ပါပဲ"

"မနက်ဖြန် အချိန်မရှိဘူး။ ငါတို့ သန်ဘက်ခါကျရင်တော့ တွေ့လို့ရပါတယ်"
ကျန်းဟန် ပြန်ပြောလိုက်သည်။

"သန်ဘက်ခါဆိုလည်း အဆင်ပြေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဘယ်ချိန်မှာတွေ့ကြမလဲ?"

"မနက်ခင်း ဒါမှမဟုတ် နေ့လည်ပေါ့"

"ကောင်းပါပြီ ဒါဆို သန်ဘက်ခါကျရင် တွေ့ကြတာပေါ့"

လီဖုန်းပြောနေရင်းဖြင့် သူ၏ဖုန်းထဲမှ တတီတီမြည်သံထွက်ပေါ်လာသည်။

သူဖုန်းချလိုက်သော်လည်း လီဖန်းသည် အလွန်စိတ်လှုပ်ရှားနေဆဲဖြစ်သည်။ သူသည် အခန်းထဲတွင် အပြန်အလှန်လမ်းလျှောက်နေပြီး နောက်ဆုံးတွင် ပြတင်းပေါက်နားတွင်ရပ်ကာ စီးကရက်တစ်လိပ်ကို သောက်နေသည်။

ယနေ့ညအဖို့ သူ့အတွက် အိပ်ပျော်ရန် မဖြစ်နိုင်တော့ချေ။ လူအများစုသည် စိတ်လှုပ်ရှားနေသည့်အချိန်တွင် အိပ်ပျော်ရန် ခက်ပေပေလိမ့်မည်။

......

နောက်တစ်နေ့။ မနက် ၆ နာရီ ၂၀ မိနစ်။

မုန့်မုန့်သည် အိပ်ပျော်နေသည့် ဇီယန်အား နှိုးလိုက်သည်။

ညတစ်ဝက်လောကအတွင်း ဇီယန် ကောင်းကောင်းအိပ်မပျော်ပေ။ ပုံမှန်အားဖြင့် သူမသည် ကုတင်ပေါ်တွင် တစ်ယောက်တည်း သို့မဟုတ် မုန့်မုန့်အား ပွေ့ဖက်ထားပြီး အိပ်နေကျဖြစ်သည်။ အခြားသူများနှင့် ကုတင်တစ်ခုတည်းတွင် အတူတူအိပ်ရသည်မှာ အနည်းငယ် အဆင်မပြေဖြစ်နေသည်။
သူမနှင့်အလွန်ရင်းနှီးပြီးသားဖြစ်သော ကျိုးဖေး ပင်လျှင် အတူတူအိပ်ရအဆင်မပြေပေ။

အိပ်ယာထ ရေမိုးချိုးပြီးနောက် ဇီယန်သည် မုန့်မုန့်ကိုခေါ်ကာ ဒုတိယထပ် ညှော့ခန်းသို့ သွားလိုက်သည်။ ကျန်းလီနှင့်ကျိုးဖိုးတို့သည်လည်း အဝတ်အစားလဲရန် သူတို့၏အခန်းသို့ သွားကြသည်။

အောက်ထပ်မှ ကျန်းဟန်သည် ရုတ်ရုတ်သဲသဲအသံကြားလိုက်ရပြီး အပေါ်ထပ်သို့တက်လာရာ

ဇီယန်သည် မုန့်မုန့်၏ဆံပင်ကို ဖြီးပေးနေပြီး ဆံပင်ကျစ်ရန် ပြင်နေသည်ကို တွေ့လိုက်သည်။

"ငါတော့ စောစောနိုးလာတယ်။ ညက အိပ်ရတာဘယ်လိုလဲ?"

ကျန်းဟန် လျှောက်လာပြီး မုန့်မုန့်၏ဘေးတွင် ဝင်ထိုင်ကာ ဇီယန်အား ခဏလောက်စိုက်ကြည့်ရင်း ပေါ့ပေါ့ပါးပါးမေးလိုက်သည်။

"အဆင်ပြေပါတယ်။ အိပ်ချိန်ကတော့ အနည်းနည်း နည်းတယ်"

ဇီယန် ပြန်ပြောလိုက်သည်။

"ဖေဖေ သမီးက မေမေ့ကိုနှိုးပေးတာ"

မုန့်မုန့်သည် သူမလေး၏မျက်လုံးကြီးများကို ပုတ်ခတ်ပုတ်ခတ်ဖြင့် ပြောလိုက်သည်။

"မုန့်မုန့်က အစောကြီးနိုးတာပဲ။ သမီးအမေကိုတောင် နှိုးပေးနိုင်တယ်။ သမီးက အရမ်းတော်တာပဲ" ကျန်းဟန် ပေါ့ပေါ့ပါးပါးသော အပြုံးလေးဖြင့် ပြောလိုက်သည်။

"ကတောက် ကတောက်....မေမေ့က နောက်ကျတဲ့အထိအိပ်နေသေးတာ။ ဟမ့် နေဖင်ထိုးတဲ့အထိအိပ်နေတာပဲ ရှက်စရာကြီး" မုန့်မုန့်သည် သူမ၏လက်မောင်းလေးကို ဝှေ့ယမ်းကာ တောက်ခေါက်ရင်း ပြောလိုက်သည်။

"ဟုတ်ပါပြီ ဟုတ်ပါပြီ သမီးပဲအတော်ဆုံးပါ ဟုတ်ပြီလား" ဇီယန်သည် ပြုံးကာ မုန့်မုန့်အား မျက်စောင်းလေးထိုးလိုက်သည်။ ဆံပင်ကို သပ်ရပ်အောင် ဖြီးနေချိန်တွင် ရုတ်တရက်သူမ အမူအရာပြောင်းလဲသွားပြီး ခေါင်းပင်မလှည့်ဘဲမေးလိုက်သည်။

"အိုး…ဟုတ်သားပဲ။ မနေ့က မုန့်မုန့်ရဲ့ဆံပင်ပုံစံက အရမ်းလှတယ်။ ရှင်လုပ်ပေးထားတာလား?"

ကျန်းဟန်ကဲ့သို့ ကျားကျားယားယား ယောက်ျားတစ်ယောက်က လှပသော ဆံပင်ပုံစံကို ပြင်ပေးတတ်ရန်မှာ မဖြစ်နိုင်ဟု သူမ မသိစိတ်မှ ခံစားမိသည်။

"ဟမ့် အဲဒါ သမီးအတွက် အစ်မကြီး က ချစ်စရာကောင်းတဲ့ မစ်ကီမောက်ပုံစံလေး လုပ်ပေးထားတာ" မုန့်မုန့်သည် လက်ဦးမှုရယူကာ ပြန်ဖြေလိုက်သည်။

"အိုး..အစ်မကြီး က ဘယ်သူများလဲ?" ဇီယန်သည် လက်ကို ခဏလောက်တန့်သွားပြီး သူမ၏အမူအရာမှာပုံမှန်အတိုင်းပင် စိတ်ခံစားမှုမရှိဘဲ မေးလိုက်သည်။

"ဟုတ်တယ်။ သူမက အမြဲတမ်းဒီမှာနေပြီး ဖေဖေ့ကို အမြဲကြည့်နေတာ။ လခြမ်းတောင်ကိုလည်း နှစ်ခါသွားခဲ့တယ်။ ပြီးတော့ သူတို့ထဲက တစ်ယောက်က ဖေဖေ့ကို ကျွန်မရှင့်ကို

သေလောက်အောင် ချစ်သွားပြီ လို့တောင် ပြောသေးတယ်”
မုန့်မုန့်သည် စဉ်းစားလိုက်ရင်း အလေးအနက်ထားကာ ပြန်ပြောလိုက်သည်။

-C 87 End

wunzinnosp

## အပိုင်း(၈၈)

“သမီး အဲဒါကိုကြားတော့ မကျေနပ်ဘူး။ ဟွန့်…ဖေဖေ့ကို မေမေပဲ ချစ်လို့ရတယ်။ တခြားသူတွေက ဖေဖေ့ကို ချစ်လို့မရဘူး”
မုန့်မုန့်သည် ထပ်ပေါင်းကာ ပြောလိုက်သည်။

၎င်းကို ကြားသည့်အခါ ဇီယန်သည် ကျန်းဟန်အား ခဏလောက် စိုက်ကြည့်လိုက်ပြီး အနှစ်ရာယ်ရှိသည့် အပြုံးတစ်ခုကို ထုတ်ဖော်ကာ ပြောလိုက်သည်။

"ကြည့်ရတာ ကျွန်မတို့ရဲ့သူဌေးက အရမ်းကောင်းတဲ့ ဆွဲဆောင်မှုရှိတာပဲ။ ဟောင်ကောင်ကို ရောက်တာ ရက်နည်းနည်းပဲရှိသေးတယ် သူ့ကို ချစ်တဲ့သူက ရှိနေပြီ"

ပါးစပ်ကပြောနေသော်လည်း ဇီယန်၏စိတ်ထဲတွင် မနေနိုင်ဘဲ အေးစက်စက်နှာခေါင်းရှုံ့လိုက်သည်။

သူ ဟောင်ကောင်မှာနေတာ ဘယ်လောက်ကြာသေးလို့လဲ?

ဒီမှာ အစ်မကြီးက ရှိနေပြီတဲ့လား?

မုန့်မုန့်သာ ဒီမှာမရှိရင် ဘာတွေဖြစ်မလဲဆိုတာ ဘယ်သူသိမှာလဲ?

လူရှုပ်က လူရှုပ်ပါပဲ။ ဟွန့် ခွေးမြီးကောက် ကျည်တောက်စွပ် အယုတ်တမာကောင်

ဇီယန်သည် စိတ်ထဲတွင် အနည်းငယ်ဒေါသထွက်နေပြီး တစ်ကြိမ်တည်းမှာပင် အနည်းငယ် သဝန်တိုသွားမိသည်။

သူမသည် သူမ၏လက်တွဲဖော်ကို ရှာဖွေရန်မစဉ်းစားဘဲ ကျန်းဟန်နှင့် ဆက်ဆံရေးတစ်ခု ထူထောင်ရန်ပင် စဉ်းစားခဲ့သေးသည်။ သို့သော် ဤအယုတ်တမာကောင်သည် သူမအလုပ်သွားလုပ်နေသည့် ရက်အနည်းငယ်အတွင်းမှာပင် တခြားသူများနှင့် ဆက်ဆံရေးကောင်းရှိနေလိမ့်မည်ဟု မည်သူကသိလိမ့်မည်နည်း။ သူသည် ရိုးရိုးရှင်းရှင်းပင် နှာဘူးကောင်ဖြစ်ပေသည်။

"မုန့်မုန့်ပြောနေတာ စားသောက်ဆိုင်က အဖွဲ့ဝင်တစ်ယောက်ပါ။ သူမက ဒီမှာ နေ့တိုင်းလာစားပြီး ငါနဲ့နည်းနည်းရင်းနှီးလို့ တစ်ခါတစ်လေ စနောက်တာပါ" ကျန်းဟန် ရယ်မောကာ ပြန်ပြောလိုက်သည်။

"အိုး"

ဇီယန်၏အမူအရာမှာ မပြောင်းလဲဘဲ "သူမက အဖွဲ့ဝင်ကတ်တစ်ခုဝယ်ထားပြီးသားပဲ။ ရှင်တို့တစ်ယောက်နဲ့တစ်ယောက် သိတာ ရက်နည်းနည်းပဲရှိသေးတယ် ဒီလိုမျိုး စနောက်နေပြီပေါ့။ ကြည့်ရတာ သခင်လေးကျန်းရဲ့ဂုဏ်ကျက်သရေက လျော့မသွားသေးဘူထင်တယ်"

သူမ၏လေသံမှာ ပုံမှန်အတိုင်းပင်။ သို့သော် အယ်ကြောင့် သူမ၏စကားများတွင် အပေါက်ဆိုးသည့် အရိပ်အယောင်များပါဝင်နေရသနည်း။

"အာ..."

ကျန်းဟန် ခေါင်းယမ်းကာ ပြုံးလိုက်ပြီး "ငါ မနက်စာပြင်ဖို့ အောက်ဆင်းတော့မယ်"

ထိုသို့ဖြင့် ကျန်းဟန် မတ်တပ်ထရပ်ကာ အောက်ထပ်သို့ ဆင်းသွားသည်။

"ဟွန့်"

ဇီယန်သည် ကျန်းဟန်၏နောက်ကျောကိုကြည့်ရင်း မကျေမနပ်ဖြင့် နှာခေါင်းရှုံ့လိုက်သည်။

"အာ!"

မုန့်မုန့်သည် ၎င်းမှာ ကြီးကြီးမားမားမဟုတ်သကဲ့သို့ သင်ယူလိုက်ရသည်။

ဇီယန်၏အာရုံသည် မုန့်မုန့်၏ဆံပင်ဆီသို့ ပြန်ရောက်လာသည်။ သူမ၏ကျစ်ဆံမြီးလေးကို ကျစ်ပေးနေရင်း မေးလိုက်သည်။
"အဲ့အစ်မကြီးက လှလား?"

"လှတယ်"

"အိုး"

ဇီယန်၏နှုတ်ခမ်းများမှာ အနည်းငယ် တွန့်ကွေးသွားပြီး မသိစိတ်က မေးလိုက်သည်။

"မေမေနဲ့ ယှဉ်ရင်ကော"

“ဟမ် သေချာပေါက် မေမေက လှတာပေါ့။ မေမေက အလှဆုံးပဲ”
မုန့်မုန့်သည် သူမလေး၏လက်ကလေးကို ယမ်းကာ အမှန်တိုင်းပြောလိုက်သည်။

ဇီယန် တစ်ခုခုပြောခါနီးတွင် ကျိုးဖေးနှင့် ကျန်းလီတို့သည် တစ်ပြိုင်တည်းတံခါးမှ ထွက်လာကြသည်။

“အိုက်ယိုး...မနက်အစောကြီးရှိသေးတယ် အမေဖြစ်သူရဲ့အလှကိုချီးမွမ်းနေတဲ့သူရဲ့အသံကို ဘာလို့ကြားနေရတာလဲ?”
ကျိုးဖေး ပြုံးကာ မုန့်မုန့်အား ကြည့်လိုက်သည်။

“စကားမများနဲ့”
ဇီယန် ကျိုးဖေးအား မျက်စောင်းထိုးလိုက်ပြီး မုန့်မုန့်၏ဆံပင်ကို သရေကြိုးဖြင့်စည်းလိုက်သည်။
လှပသည့်မြင်းမြီးပုံစံဆံပင်လေး ဖြစ်ပေါ်လာသည်။

"အစ်မယန် ဒီနေ့ဘာလုပ်ဖို့ရှိလဲ? အပြင်သွားဦးမှာလား ဒါမှမဟုတ် ယွမ်ရင်ဥယျာဉ်ကိုပဲ တန်းပြန်မှာလား?" ကျိုးဖေးသည် ဇီယန်၏ဘေးတွင် ဝင်ထိုင်ရင်းမေးလိုက်သည်။

ထိုအချိန်တွင် ကျန်းလီသည်လည်း စိတ်ဝင်တစားဖြင့် ဘေးတွင်ထိုင်လိုက်သည်။ ယခုထိ သူမ၏အစ်ကိုနှင့်ဇီယန်တို့၏ အခြေအနေကို သူမနားမလည်သေးပေ။

မနေ့က အခြေအနေအရတော့ ဇီယန်သည် သူမအစ်ကိုအပေါ် သိပ်မဆိုးသို ခံစားရသည်။ သို့သော် သူမတို့နှစ်ယောက်မှာ ဇနီးနှင့်ခင်ပွန်းကဲ့သို့မဟုတ်ဘဲ သူမ၏အပြုအမူများမှာ သူငယ်ချင်းတစ်ယောက်နှင့်ပိုတူနေသည်။

ပုံမှန်အားဖြင့် လူနှစ်ယောက်တွင် ကလေးတစ်ယောက်ရှိရန် သူတို့ အိပ်ယာပေါ်တွင် အချိန်အတော်များများ ကုန်ဆုံးရမည်။

ကိုယ်ဝန်ဆောင်ခြင်းဆိုသည်မှာ ရိုးရှင်းသည့်အရာတစ်ခုမဟုတ်ပေ။ ကိုယ်ဝန်မဆောင်မီ စစ်ဆေးခြင်းများသာမက အိပ်ယာပေါ်တွင်လည်း ရှိမန့်တစ်ဆန်သည့်အခိုက်အတန့်လေးများရှိရပေမည်။

ထိုအခြေအနေမျိုးအောက်တွင် ဇီယန်သည် သူမ၏အစ်ကို ယခုလို ဆက်ဆံနေသည်။

ဖြစ်နိုင်တာက....အစ်ကိုက ဖောက်ပြန်တာလား?

ကျန်းလီ၏နှလုံးမှာ လျင်မြန်စွာခုန်လာပြီး သူမခန့်မှန်းလိုက်သည်မှာ ပြဿနာ၏အဖြေမှန်ဟုခံစားလိုက်ရသည်။

အကယ်၍ ကျန်းဟန်သာ သူ့ညီမ၏အတွေးများကိုသိပါက သူသေချာပေါက် ရယ်မလား ငိုရမလား သိတော့မည်မဟုတ်ပေ။

သူနှင့်ဇီယန်သည် အမှန်တကယ် မတော်တဆတစ်ခုသာဖြစ်ပေသည်။ တစ်ချက်တည်းနှင့် ချက်ကောင်းထိသွားလိမ့်မည်ဟု သူတို့လည်း မမျှော်လင့်ခဲ့ကြပေ။ (ပစ်ချက်ကောင်းတာလား လက်နက်ကောင်းတာလားတော့ မသိဘူး XD)

ထိုအချိန်တွင် ကျိုးဖေး၏မေးခွန်းနှင့်ရင်ဆိုင်နေသည့် ဇီယန်သည် ခဏလောက်စဉ်းစားလိုက်ပြီး "ဒီမနက် မုန့်မုန့်နဲ့ငါ သူနဲ့အတူ လခြမ်းတောင်ကိုသွားကြမှာ။ နေ့လည်ကျရင်တော့.... မုန့်မုန့် မေမေတို့ နေ့လည်ကျရင် သမုဒ္ဒရာပန်းခြံကိုသွားကြမယ်ဆိုရင်ရော ဘယ်လိုလဲ?"

ပြောနေရင်းဖြင့် ဇီယန်၏နှင်းဆီဖူးနှုတ်ခမ်းလေးမှာ ပြုံးသွားပြီး မျက်လုံးများတွင် မုန့်မုန့်၏ပျော်ရွှင်သွားမည့်အမူအရာကို မျှော်လင့်နေသည်။

"အမ်?"

ထိုစကားကိုကြားသည့်အခါ မုန့်မုန့်သည် အစပိုင်းတွင် ကြောင်အသွားပြီးနောက်တွင် မျက်လုံးများမှာ တောက်ပသွားသည်။

“တကယ်လား? သမုဒ္ဒရာပန်းခြံကိုသွားကြမှာလား”

“ရေး....ကောင်းတယ် ကောင်းတယ်။ သမုဒ္ဒရာပန်းခြံကို သွားကစားကြမယ်။ သမုဒ္ဒရာပန်းခြံကို သွားကစားကြမယ်...”

မင်းသမီးလေးသည် အလွန်ပျော်ရွှင်စွာဖြင့် ကခုန်နေတော့သည်။ သူမလေး၏ချစ်စဖွယ်အမူအရာက ဇီယန်၊ ကျိုးဖေးနှင့် ကျန်းလီတို့ကို ရယ်မောသွားစေသည်။

ကလေးအများအတွက် ထိုသို့ပျော်ရွှင်ရသည်မှာ ရိုးရှင်းပေသည်။ ဤအရွယ်တွင် သူတို့၏မိသားစုနှင့်အတူ လျှောက်လည်ပြီး ဆော့ကစားရသည်မှာ အလွန်ပျော်ဖို့ကောင်းပေသည်။

သို့သော် ကလေးတစ်ယောက်ကြီးပြင်းလာသည့်အခါတွင် သူ၏အာရုံသည် အပေါင်းအသင်းများအပေါ်တွင်သာ

အမြဲရှိနေမည်ဖြစ်သည်။ အထိန်းအကွပ်မဲ့စွာဖြင့် လွတ်လွတ်လပ်လပ် သူ၏သူငယ်ချင်းများနှင့် လျှောက်လည်ရသည်ကို ပို၍ နှစ်သက်ပြီး မိဘများနှင့် အတူနေသည့်အချိန်မှာ ပို၍ပို၍နည်းပါးလာခဲ့သည်။ သို့သော် သူတို့အမှန်တကယ် မျက်စိပွင့် နားပွင့် ဖြစ်သည့်အချိန်တွင် သူတို့အား စိတ်ရင်းမှန်ဖြင့် ဆက်ဆံသည့်သူများမှာ သူတို့၏မိဘများသာဖြစ်ကြောင်း သဘောပေါက်သွားကြပေလိမ့်မည်။

သို့သော် ကျန်းဟန်တွင်တော့ ထိုသို့သောကိစ္စမျိုး ဖြစ်လာမည်မဟုတ်ပေ။ နောက်ဆုံးတွင် ကျန်းဟန်သည် သာမန်လူသားတစ်ယောက်မဟုတ်သလို သူသည် နေရာပေါင်းများစွာကို မုန့်မုန့်အား ကစားရန် ခေါ်သွားနိုင်သည်။ လောကကြီး၏စူးစမ်းရှာဖွေမှုများမှာ အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းလိမ့်မည်ဖြစ်ပြီး ကမ္ဘာတစ်ခုတွင် တစ်နှစ်လောက်ကစားနိုင်ခြင်းကဲ့သို့

ပန်းတိုင်တစ်ခုသတ်မှတ်ပြီး မုန့်မုန့်နှင့်အတူ နှစ်ပေါင်းတစ်သောက်လောက် သူကစားနိုင်ပေသည်။

အဓိကအကြောင်းအရာသို့ပြန်သွားရသော်... အချိန်မှာ နံနက် ၇ နာရီခန့် ရှိဖြစ်ပြီသည်။ စာသုံးသူများသည် ထုံးစံအတိုင်း ဆိုင်ရှေ့တွင် စုရုံးနေကြသည်။

အဖွဲ့ဝင်များသည် လူအုပ်ကြီး၏မနာလိုအားကျသည့်အကြည့်များအောက်တွင် အဖွဲ့ဝင်ထိုင်ခုံများဆီသို့ လျှောက်လှမ်းသွားကြသည်။

“မင်္ဂလာနံနက်ခင်းပါ သူဌေး။ မုန့်မုန့် ဘယ်ရောက်နေလဲ?” လျန်မုန့်ချီနှင့် အခြားနှစ်ယောက် ဝင်လာပြီး နှုတ်ဆက်ကြသည်။

“အပေါ်ထပ်မှာ” ကျန်းဟန် ကြက်ဥထမင်းကြော်ရန် ပြင်ဆင်နေရင်း ပြန်ဖြေသည်။

"အွန်း"

လျှန်မုန့်လျို ပြုံးကာ ပြန်ဖြေသည်။

တစ်ညတာကုန်ဆုံးခဲ့ပြီးနောက်တွင် လျှန်မုန့်ချီသည် ကျန်းဟန်ကိုသူမ သဘောကျသည်မှာ မမှားယွင်းကြောင်း သဘောပေါက်ခဲ့ပြီးဖြစ်သော်လည်း ကျန်းဟန်တွင် မိသားစုရှိနေလျှင် သူမ လုံးဝ အနှောင့်အယှက်ပေးမဟုတ်သလို စနိုက်ကျော်မည်လည်းမဟုတ်ပေ။ သူမ သူ့အား သဘောကျသည်ဆိုလျှင်ပင် သူမ၏အပြုအမူလုပ်ရပ်များနောက်တွင် အခြေခံကျင့်ဝတ်များ ရှိနေဆဲဖြစ်သည်။

အကယ်၍ သူမသည် အမှန်တကယ် အငယ်အနှောင်းဖြစ်လာခဲ့လျှင် သူမ၏အဆင့်အတန်းကိုအခြေခံ၍ သူမအဖေ၏မိသားစုသည် နှစ်ပေါင်းများစွာ ဟိုးလေးတကျော်ဖြစ်သွားမည် ဖြစ်သည်။

သူတို့၏ လျှန်မိသားစုသည် အလွန်ကြီးမားသော မိသားစုကြီးတစ်ခုဖြစ်ပြီး မိသားစုဝင်မှာအလွန်များပြားကာ မိသားစုခွဲများအလည်း အများအပြားရှိပြီး အချင်းချင်း ယှဉ်ပြိုင်မှုများလည်း ရှိသေးသည်။

အပြင်ဘက် အဖွဲ့ဝင်စားပွဲတွင် သူမဝင်ထိုင်လိုက်ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ကျောက်ဖုန်းသည် လမ်းလျှောက်လာသည်။ ကျန်းဟန်အလုပ်များနေသည်ကိုတွေ့သဖြင့် သူ့ကို နှုတ်ဆက်မနေတော့ဘဲ လျှန်မုန့်ချီ၏မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ရှင့်ကို ကြည့်ရတာ စိတ်တိုဖို့ကောင်းလိုက်တာ" လျှန်မုန့်ချီ မျက်စောင်းထိုးလိုက်သည်။

"အဟွတ် အဟွတ်" ကျောက်ဖုန်း၏နှုတ်ခမ်းထောင့်မှာ အကြိမ်အနည်းငယ် တွန့်သွားသည်။ သူတို့ဟာသူတို့ ရယ်မောနေကြသော

ယူချင်းချင်းနှင့် ကျောက်ဒါဟူတို့ကို တစ်ချက်ကြည့်လိုက်ပြီး လျန်မုန့်ချီအား အနည်းငယ်အကူအညီမဲ့သည့်အကြည့်ဖြင့် ကြည့်ကာ မေးလိုက်သည်။

“မုန့်ချီ။ မင်းဘာလို့ ငါ့ကို ရင်းရင်းနှီးနှီးမရှိရတာလဲ? ငါမင်းကို စိတ်တိုအောင် ဘာမှမလုပ်ထားမိဘူးလို့ ထင်တာပဲ”

ရက်အနည်းငယ်ကြာ အောင့်အီးထားခဲ့ပြီးနောက်တွင် ကျောက်ဖုန်းသည် သူ၏စိတ်ထဲရှိ မေးခွန်းကို နောက်ဆုံးတွင် ထုတ်မေးလိုက်သည်။ လျန်မုန့်ချီ ဘာကြောင့် သူ့အား အမြဲ ကြည့်မရဖြစ်နေရတာလဲဆိုသည်ကို အလွန်သိချင်လာသည်။

“ဘာအကြောင်းပြချက်မှမရှိဘူး ဟွန့်” လျန်မုန့်ချီ နှာခေါင်းရှုံ့လိုက်ပြီး ကျောက်ဖုန်းအား မျက်လုံးကြီးများဖြင့် စိုက်ကြည့်ကာ ပြောလိုက်သည်။

“သာမန်အရပ်သားတစ်ယောက် သခင်မလေးရဲ့ အာရုံစိုက်မှုကို ဘယ်လိုရနိုင်မှာလဲ?”

"အာ...ကောင်းပါပြီ"

ကျောက်ဖုန်း တောင့်တင်းသည့်အမူအရာမဖြင့် ခေါင်းယမ်းလိုက်သည်။

သူ၏အမူအရာကိုကြည့်ပြီး လျန်မုန့်ချီ မရယ်ဘဲမနေနိုင်တော့ချေ။

ရက်အနည်းငယ်ကြာ ထိတွေ့ဆက်ဆံပြီးနောက် ကျောက်ဖုန်းအား သူမ အမှန်တကယ် မကြိုက်၍မဟုတ်ဘဲ ကျောက်ဖုန်းအား စနောက်ချင်သည့်အတွက်ကြောင့်သာ ဤသို့ပြောဆိုနေခြင်းဖြစ်သည်။ သူ့အား စကားမပြောနိုင်လောက်အောင်ဖြစ်သွားသည်ကို မြင်လိုက်ရတိုင်း ပျော်စရာကောင်းသည်ဟု သူမခံစားရသည်။

ထို့နောက်တွင် လျန်မုန့်ချီသည် ယူချင်းချင်းနှင့် စကားပြောနေပြီး ကျောက်ဖုန်းသည် ဘေးမှ ငြိမ်သက်စွာ နားထောင်နေခဲ့သည်။ သူတို့ သုံးယောက်သည် လောလောဆည် ဘာမှ လုပ်ရာမရှိသောကြောင့်

ကျောက်ဖုံးသည် အလုပ်ရှာရန် နှစ်လသုံးလခန့် အနားယူရန် စီစဉ်ထားသည်။ နောက်ဆုံးတွင် သူ့၍ အရည်အချင်းနှင့် အဆက်အသွယ်များရှိပြီး အလုပ်လျှောက်ရသည်မှာ လွယ်ကူပေသည်။ သို့သော် လက်ထောက်ဒါရိုက်တာရာထူးအတွက်တော့ ကုမ္ပဏီအသစ်တွင် သူ၏နာမည်ကို တည်ဆောက်ရန် လိုအပ်ပေသည်။

အချိန်အတော်ကြာ စကားပြောနေခဲ့ကြပြီးနောက် စွန်းမင်၊ စွန်းဒုန်ဟမ်၊ စွန်းအမေတို့ ဝင်လာခဲ့သည်။ စွန်းမင်သည် လက်ထဲတွင် အလှဆင်ထားသည့်အိတ်တစ်လုံးကို ကိုင်ထားပြီး အထဲတွင် အမွှေးပွဝက်ဝံရုပ်လေးတစ်ရုပ်ရှိနေသည်။

သူတို့သည် အနားရှိ အဖွဲ့ဝင်စားပွဲတွင် အတူထိုင်လိုက်ကြသည်။ အခြားတစ်ဖက်တွင် စွန်းမင်သည် မီးဖိုချောင်ကောင်တာဆီသို့ လျှောက်လာပြီး လက်ထဲမှာ အိတ်ကို ယမ်းကာ

"သူဌေး မင်းချက်ထားတဲ့အစားအသောက်တွေက အရမ်းအရသာရှိတယ်။ မင်းနဲ့ မုန့်မုန့်ကို တွေ့တော့ ငါ့ရဲ့ အတွေးတွေကို အလင်းပွင့်သွားစေခဲ့တယ်။ ကျေးဇူးတင်ပါတဘ်။ ဒါက မုန့်မုန့်အတွက် လက်ဆောင်လေးပါ။ မင်းကြိုက်မယ်လို့ မျှော်လင့်ပါတယ်"

"အိုး"

ကျန်းဟန် တစ်ချက်ကြည့်လိုက်ပြီး ဘာသိဘာသာပင်ခေါင်းညိတ်ကာ

"ဆိုဖာပေါ်မှာပဲ ထားခဲ့လိုက်ပါ။ အရမ်းကြီး ယဉ်ကျေးနေဖို့မလိုပါဘူး"

"ကောင်းပါပြီ"

စွန်းမင်ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဝိုး..အဲဒါ လက်ဆောင်လား? မုန့်မုန့်က နောက်ထပ်လက်ဆောင်တစ်ခုရပြန်ပြီလား"

ထိုခဏတွင် ကျန်းလီသည် မုန့်မုန့်နှင့်အတူ လှေကားပေါ်မှ

ဆင်းလာသည်။ မုန့်မုန့်သည် စွန်းမင်၏လက်ထဲမှ အိတ်ထဲတွင် ဝက်ဝံဖြူလေးကိုတွေ့သည်နှင့် ချက်ချင်း ပြေးသွားသည်။

“ဟေး ဟေး ဟေး ဖြည်းဖြည်းဆင်းလေ။ ပြုတ်ကျမသွားစေနဲ့”

ကျန်းလီသည် မုန့်မုန့်ကို ဂရုတစိုက်ဖြင့် လှမ်းထမ်းပေးလိုက်ရင်း ကမန်းကတန်းပြောလိုက်သည်။

သူတို့နောက်တွင် ကျိုးဖေးသည် သမ်းဝေကာဖြင့် ဆင်းလာခဲ့သည်။ သူမ အိပ်ရေးမဝသေးသည်မှာ ထင်ရှားသည်။

ဇီယန်သည် နောက်ဆုံးမှ ဆင်းလာသူဖြစ်သည်။ သူမ မနက်အိပ်ယာထချိန်တွင် သာမန်သာဝတ်စားထားသော်လည်း သူမ၏ရိုးရှင်းသည့်အလှက လူတိုင်းကို ကြွေသွားစေလောက်သည်။

သဘာဝအလှဆိုသည့်စကားလုံးမှာ ဇီယန်ကို ရည်ညွှန်းထားသည့်ပုံရသည်။

သို့သော် ဇီယန် အပြင်ထွက်လိုက်သည်နှင့် အောက်ထပ်တွင် လူအပြည့်နီးပါးရှိနေပြီး အပြင်ဘက်တွင်လည်း လူနှစ်ဆယ်ကျော်ခန့် တန်းစီပြီးစောင့်နေသည်ကို တွေ့လိုက်ရသည့်အခါ တဖြည်းဖြည်းမျက်လုံးပြူးသွားသည်။

“အား:::::”

ဇီယန် အော်ဟစ်ကာ လှည့်ပြေးတော့သည်။

ကျန်းဟန်၏စားသောက်ဆိုင်တွင် စားသုံးသူများ ဒီလောက်များလိမ့်မည်ဟု သူမမထင်ခဲ့မိပေ။

လှေကားမှ တက်ပြေးသွားပြီး ဆိုဖာပေါ်တွင်ထိုင်ကာ ရင်ဘတ်ကိုဖိရင်း အသက်ပြင်းပြင်းရှူကာ ရယ်လိုက်သည်။

“အဲဒါအမှန်ပဲ။ ဒီကောင်ချက်ထားတဲ့အစားအသောက်တွေ့က အရမ်းအရသာရှိတယ်။ စားသုံးသူတွေ အများကြီးရှိရမှာပေါ့”

ထိုနေရာတွင် လူအများအပြားရှိနေသဖြင့် ဇီယန် ပထမထပ်တွင် ထမင်းစားနိုင်မည်မဟုတ်တော့ပေ။ ထို့ကြောင့် သူမ ဖုန်းကိုထုတ်ကာ ဆိုဖာပေါ်မှီပြီး ဖုန်းနှင့်ကစားနေလိုက်သည်။

အောက်ထပ်တွင်။

မုန့်မုန့်သည် စွန်းမင်ရှေ့သွားပြေးသွားပြီး အနည်းငယ် ရှက်ရွံ့စွာဖြင့် သူ့အားကြည့်လိုက်သည်။

“အဲ..ဒါက သမီးအတွက် လက်တောင်လား”

“ဒါပေါ့”

စွန်းမင်သည် ကြင်နာစွာပြုံးပြလိုက်ပြီး “ဒါက မုန့်မုန့်အတွက် လက်ဆောင်ပါ” ဟု ပြောလိုက်သည်။

စကားပြောနေရင်းဖြင့် စွန်းမင်သည် လက်ထဲမှ အိတ်ကို ကမ်းပေးလိုက်သည်။

မုန့်မုန့်သည် ဝက်ဝံဖြူလေးကို လှမ်းဆွဲလိုက်ပြီး လက်နှစ်ဖက်ဖြင့် တင်းတင်းကြပ်ကြပ် ဖက်လိုက်သည်။ သူမလေးသည် စွန်းမင်အား ပျော်ရွှင်စွာကြည့်လိုက်ပြီး “အာ..ကျေးဇူးတင်ပါတယ် ဦးလေးကြီး။ ဝက်ဝံလေးက အရမ်းလှတယ်။ မုန့်မုန့် သဘောကျတယ်” ဟု ပြောလိုက်သည်။

-C 88 End

wunzinnosp

## အပိုင်း(၈၉)

မုန့်မုန့်သည် ဝက်ဝံလေးကို ပွေ့ဖက်ကာ ပျော်ရွှင်စွာဖြင့် လှည့်ပတ်ခုန်ပေါက်နေသည်။

သူမလေး၏ချစ်စဖွယ်အသွင်အပြင်က စားသောက်ဆိုင်ထဲရှိ လူများ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

စွန်းအမေနှင့် စွန်းဒုန်ဟာမ်သည် ခေါင်းယမ်းကာ ရယ်မောလိုက်ကြသည်။ လျန်မုန့်ချီနှင့်ခြားသူများလည်း တိုးတိုးလေး ရယ်မောလိုက်ကြသည်။

လျန်မုန့်ချီသည် ကျန်းလီကို သံသယအပြည့်ဖြင့် ကြည့်နေခဲ့သည်။

သူတို့နှစ်ယောက်ထဲက တစ်ယောက်က မုန့်မုန့်ရဲ့အမေလား? သူမက အရမ်းကြီး လှတဲ့ပုံလည်းမပေါ်ပါဘူး

လျန်မုန့်ချီ၏ခံစားချက်များမှာ ရောထွေးနေသည်။ မုန့်မုန့်၏မိခင်သည် အလွန်တရာလှပမည်ဟု သူမထင်ခဲ့သော်လည်း ယခုတော့ သူမနှင့်တန်းတူလောက်သာရှိသည့်ပုံရသည်။ သူမတို့နှစ်ယောက်လုံးမှာ မိန်းမလှလေးများဖြစ်ကြသော်လည်း

သူမ၏စိတ်ထဲတွင် အနည်းငယ် စိတ်မပျက်ဘဲမနေနိုင်ချေ။ တစ်ချိန်တည်းမှာပင် အနည်းငယ် စိတ်သက်သာရာရသွားခဲ့သည်။

အကယ်၍ မုန့်မုန့်၏မေမေသာ သူမထက်အလွန်တရာပို၍ လှပသည်ကို မြင်လိုက်ရပါက လျှန်မုန့်ချီ မနာလိုပင်ဖြစ်ပြီး မျှော်လင့်ချက်မဲ့သွားမည်ဖြစ်သည်။

မုန့်မုန့်သည် လက်ဆောင်များကို အမှန်တကယ်နှစ်သက်သည်ကို တွေ့သည့်အခါ စွန်းမင် ပျော်ရွှင်စွာပြုံးလိုက်ပြီး ပြောလိုက်သည်။

“သမီးကြိုက်တယ်ဆိုတော့ ဝမ်းသာပါတယ်။ နောက်တစ်ခါ ဦးလေးလာရင် မုန့်မုန့်အတွက် လက်ဆောင်ယူလာခဲ့ပေးဦးမယ်”

“အမ်...ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဦးလေး” မုန့်မုန့်သည့် ဝမ်းသာအားရ ပြန်ပြောသည်။

မင်းသမီးလေး၏စိတ်ထဲတွင် သူမ ဖေဖေနှင့်အတူတူနေပြီးကတည်းက သူမကို လက်ဆောင်ပေးသည့်သူများ ပို၍များလာသည်ဟု ခံစားရသည်။

မုန့်မုန့်သည် ဝက်ဝံဖြူရုပ်လေးကို ပွေ့ချီကာ ဆိုဖာပေါ်တက်လိုက်ပြီး အရုပ်လေးဖြင့် ဆော့ကစားနေသည်။ သူမလေး၏ဘေးနားရှိ ကျန်းလီနှင့် ကျိုးဖေးတို့ ကိုပင် တစ်ချက်ကလေးမျှ ကြည့်ခွင့်မပေးပေ။

လျန်မုန့်ချီသည် စားပွဲတွင်ထိုင်နေပြီး သူမ၏မျက်လုံးများမှာ တစ်ဖက်ကို စိုက်ကြည့်နေသည်။ ခဏလောက်တုံ့ဆိုင်းနေပြီးနောက် နောက်ဆုံးတွင် သူမ၏စိတ်ထဲမှ သိချင်စိတ်ကို မထိန်းနိုင်တော့ဘဲ ထက လျှောက်သွားသည်။

သူမသည် ဆိုဖာ၏အနောက်တွင် ရပ်ကာ အမူအရာထိန်းလိုက်ပြီး စိတ်အခြေအနေကို

ထိန်းချုပ်လိုက်သည်။ သူမသည် မုန့်မုန့်ကို ကြည့်ကာ ပြုံး၍ နှုတ်ဆက်လိုက်သည်။

“မင်္ဂလာနံနက်ခင်းပါ မုန့်မုန့်”

“အမ် မင်္ဂလာနံနက်ခင်းပါ အစ်မကြီး” မုန့်မုန့်သည် လျန်မုန့်ချီကို လှည့်ကြည့်ကာ သူမလေး၏လက်သေးသေးလေးများကို အောက်သို့ ယမ်းလိုက်သည်။

လျန်မုန့်ချီ၏စကားများသည် ကျန်းလီနှင့် ကျိုးဖေးတို့ နှစ်ယောက်စလုံး၏အာရုံကို ဆွဲဆောင်သွားသည်။ လျန်မုန့်ချီသည် သူမတို့ကို နှုတ်ဆက်လိုက်ပြီးနောက် သူမတို့နှစ်ယောက်အား အကြိမ်အနည်းငယ် အကဲခတ်ကာ ပြုံး၍ မေးလိုက်သည်။

“မုန့်မုန့်ရဲ့အမေက ဘယ်သူများလဲလို့ တွေးနေတာ?”

သူမတို့နှစ်ယောက်သည် ခေါင်းယမ်းလိုက်ပြီး ပြောလိုက်ကြသည်။

ကျန်းလီသည် လျန်မုန့်ချီကို အကြိမ်အနည်းငယ်အကဲခတ်လိုက်ပြီး ပြုံးကာ ပြောလိုက်သည်။

"ကျွန်မက ကျန်းဟန်ရဲ့ ညီမ ကျန်းလီပါ"

"ကျွန်မက မုန့်မုန့်ရဲ့အဒေါ်ပါ" ကျိုးဖေးသည်လည်း ရိုးရှင်းစွာပင် မိတ်ဆက်လိုက်သည်။

ထိုအချိန်တွင် လျန်မုန့်ချီ၏အကြည့်များမှာ အေးခဲသွားပြီး သူမ၏မသိစိတ်က ပြောလိုက်မိသည်။ "အိုး…မင်္ဂလာပါ။ ကျွန်မနာမည် လျန်မုန့်ချီပါ။ စားသောက်ဆိုင်ရဲ့ ပထမဆုံးအဖွဲ့ဝင်ပါ"

လျန်မုန့်ချီသည် လှည့်ပတ်ကြည့်ရှုလိုက်ပြီး "မနေ့က မုန့်မုန့်ပြောတာ သူမအမေ ပြန်လာပြီလို့ ကြားလို့။ ဘာလို့ ဒီမှာ မရှိတာလဲ။ မုန့်မုန့်လိုမျိုး ချစ်စရာကောင်းတဲ့ မင်းသမီးလေးကို ဘယ်လိုမိန်းမလှလေးက မွေးပေးနိုင်ခဲ့လဲဆိုတာ အမြဲသိချင်နေခဲ့တာ"

လျှန်မုန့်ချီ၏မျက်လုံးများသည် တိုက်ပွဲဝင်စိတ်များဖြင့် တောက်ပနေပြီး သူမနှင့် မုန့်မုန့်၏အမေတို့ ဘယ်သူက ပိုလှသလဲဆိုသည်အား ယှဉ်ပြိုင်ချင်သလို ဖြစ်နေသည်။

"အယ်?"

ဇီယန် သူမ၏ဘေးတွင် မရှိသည်ကို သတိပြုမိသွားပြီး မုန့်မုန့်သည် ကလေးသံလေးဖြင့် ပြောလိုက်သည်။ "မေမေက အပေါ်ထပ်မှာရှိတယ်။ ဘာလို့မဆင်းလာတာလဲ? အာ..ခဏနေဦးနော် အစ်မကြီး သမီးမေမေကို ဆင်းလာဖို့ သွားခေါ်လိုက်မယ်"

ပြောပြီးသည်နှင့် မုန့်မုန့်သည် သူမ၏ဝက်ဝံဖြူလေးကို ပွေ့ချီပြီး ဒုတိယထပ်သို့ ပြေးတက်သွားသည်။

ကျိုးဖေး ခဏလောက် စဉ်းစားလိုက်ပြီးနောက် သူမ၏နောက်မှ လိုက်သွားသည်။ သူမ ဒုတိယထပ်သို့ ရောက်သည့်အခါ ဇီယန်၏ရင်ခွင်ထဲတွင် ချွဲနေသည့် မုန့်မုန့်ကို တွေ့လိုက်ရသည်။

"အစ်မယန် အောက်ထပ်မှာ လူအရမ်းများတယ်။ စားသောက်ဆိုင်ထဲမှာ ဆယ်ယောက်ကျော်ရှိပြီး အပြင်မှာလည်း နှစ်ဆယ် သုံးဆယ်လောက် တန်းစီနေတယ်။ စီးပွားရေးက တကယ်ကောင်းတာပဲ။ ဒီလိုမျိုး အစားအသောက်ဈေးနှုန်းတွေနဲ့ ရောင်းပုံအရဆိုရင် တစ်လကို ယွမ် တစ်သန်းအထက်ကို ရမှာပဲ" ကျိုးဖေးသည် အံ့သြတကြီးပြောသည်။

ကျိုးဖေး၏ အမြင်တွင် တစ်ရက်လျှင် ၃ နာရီသာ ဆိုင်ဖွင့်ပြီး တစ်သန်းလောက် ဝင်ငွေရနေသည်မှာ တကယ့်ကို အံ့ဖွယ်သရဲဖြစ်နေသည်။

"ဟုတ်တယ်။ လူအရမ်းများတယ်" ဇီယန် ခေါင်းယမ်းလိုက်ပြီး မုန့်မုန့်ကိုကြည့်ကာ သူမလေး၏နှာခေါင်းကို လက်ကလေးဖြင့် ညင်သာစွာ ဆွဲညှစ်လိုက်ပြီး

"မုန့်မုန့် မေမေ အခုမဆင်းတော့ဘူး။ သမီးဆင်းသွားပြီး

ကစားလို့ရတယ်။ စားဖို့အချိန်ရောက်ရင် မေမေနဲ့အပေါ်မှာလာပြီးစားပါ”

“အာ...ဒါပေမဲ့ အစ်မကြီးက မေမေကို ကြည့်ချင်နေတာ” မုန့်မုန့်သည် နှုတ်ခမ်းလေးဆူလိုက်သည်။

မင်းသမီးလေးသည် မေမေမှာ အလွန်လှပသည်ကို သိပြီး သူမသည် ပြိုင်ဘက်ကင်းလှပသည်သူဖြစ်သည်။ မေမေ့ကို တစ်စုံတစ်ယောက်က ချီးကျူးစကားပြောသည်ကို ကြားလိုက်ရသည့်အချိန်တိုင်း သူမလေးအလွန်ပျော်ရွှင်သည်။

“ဘာလို့ အစ်မကြီးလဲ”

ကျိုးဖေးပြုံးလိုက်ပြီး

“မုန့်မုန့် သမီးသူ့ကို အန်တီလို့ခေါ်သင့်တယ်။ သူမက အန်တီဖေးဖေးတို့ထက် သိပ်မငယ်ပါဘူး။ သူမက လှပတာပဲရှိတာ”

"အိုး"

ဇီယန် သူမကိုယ်သူမ ရေရွတ်လိုက်သည်။

"ဟွန့် မေမေက အလှဆုံးပဲ။ မေမေလောက် ဘယ်သူမှ မလှဘူး"

မုန့်မုန့်သည် သူမလေး၏လက်ကို အားနှင့်မာန်နှင့် မြှောက်ကာ လေးနက်သည့်မျက်နှာဖြင့် ပြောသည်။

"ခစ်ခစ်..."

ကျိုးဖေး မရယ်ဘဲမနေနိုင်ချေ။

"မုန့်မုန့်ပြောတာမှန်တယ်။ သမီးရဲ့ မေမေက အလှဆုံးပဲ"

"ဟွန့် ဒါပေါ့"

မုန့်မုန့်သည်လည်း တခစ်ခစ်ရယ်မောလိုက်သည်။

ဇီယန် စဉ်းစားလိုက်သော်လည်း နောက်ဆုံးတွင် သူမ အောက်ထပ်သို့ မဆင်းတော့ပေ။ "အစ်မကြီး" ဟု ခေါ်သော သူကို သူမ အမှန်တကယ်တွေ့ချင်ပြီး "ကျွန်မရှင့်ကို အရမ်းချစ်သွားပြီ" ဟု ပြောသော ထိုအစ်မကြီးကို

မုန့်မုန့်၏အမေက ဘယ်လိုမျိုးလဲဆိုသည်အား ပြလိုက်ချင်သော်လည်း နောက်ဆုံးတွင် သေချာစဉ်းစားလိုက်ပြီးနောက် လက်လျှော့လိုက်သည်။

မုန့်မုန့်နှင့် ကျိုးဖေးတို့ အပေါ်ထပ်တွင် မိနစ်အနည်းငယ်ကြာအောင်နေခဲ့ပြီး အောက်ထပ်သို့ ပြန်ဆင်းလာကြသည်။

“အစ်မကြီး..အမ်..သမီးမေမေ့ကို ခေါ်လို့မရဘူး။ သူမက ဒီမှာရှိပါတယ်”

မုန့်မုန့်သည် ညည်းညူလိုက်သည်။

လျန်မုန့်ချီကြားလိုက်ပြီးနောက် ခေါင်းညိတ်ကာ ရယ်မောလိုက်ပြီး “ဒါဆို နောက်တစ်ခါကျမှ အခွင့်အရေးရရင် ထပ်ကြိုးစားကြတာပေါ့”

သူမပြောပြီးသည်နှင့် ကျိုးဖေးဘက်သို့လှည့်ကာ ခေါင်းညိတ်ပြပြီး သူမ၏ထိုင်ခုံဆီသို့ ပြန်သွားလိုက်သည်။

၎င်းကိုမြင်သည့်အခါ ကျန်းဟန်လုံး၀ ဂရုမစိုက်ခဲ့ပေ။ ထိုအရာသည် မိန်းမများ၏ကြားမှ တိုက်ပွဲဖြစ်သည်ကို သူမသိခဲ့ပေ။ အကယ်၍ သိခဲ့လျှင်လည်း ကျန်းဟန်သည် ထိုအသေးအမွှားကိစ္စများကို ဂရုမစိုက်ပေ။

မွေးပုံ့သည့်ထမင်းကို ပြင်ဆင်ပြီးဖြစ်၍ ကျန်းဟန်သည် ယနေ့အတွက် ကြက်ဥထမင်းကြော်ကို စတင်ကြော်တော့သည်။

ကျက်ခါနီးအချိန်တွင် အခြားညှော်သည်တစ်ဖွဲ့ ထပ်ရောက်လာသည်။

ဝမ်ချမ်းသည် ဝူလီယင်းကိုခေါ်ဆောင်ကာ လျှောက်ဝင်လာခဲ့သည်။ ဤတစ်ကြိမ်တွင်တော့ ဝမ်ချင်သည် လေးငါးနှစ်အရွယ် ချာတိတ်လေးတစ်ယောက်ကို ချီထားသည်။

ကောင်လေး၏ဆံပင်မှာ ခပ်တိုတိုနှင့်ဖြစ်ပြီး မျက်လုံးများမှာ အလွန်နက်မှောင်တောက်ပနေသည်။ သူသည် အနည်းငယ် ပိန်သွယ်ပြီး သိမ်မွေ့သည့်အသွင်ရှိသည်။

သူတို့သုံးဦးဝင်လာသည့်အခါ အဝတွင် တန်းစီနေသည့်လူများမှာ ရှုပ်ထွေးစွာကြည့်နေကြသည်။

ဝမ်ချမ်းနှင့်အခြားနှစ်ယောက်သည် အတွင်းဆုံး အဖွဲ့ဝင်စားပွဲဆီသို့ အေးဆေးတည်ငြိမ်စွာ လျှောက်သွားပြီး ထိုင်လိုက်ကြသည်။

“နောက်ထပ်အဖွဲ့ဝင်သုံးယောက်လား? သေလိုက်ပါလား? တကယ်စောက်ရမ်းချမ်းသာတဲ့သူတွေ့ပဲ”

အပြင်ဘက်တွင် တန်းစီနေသည့်လူများမှာ အချင်းချင်း စတင်ဆွေးနွေးကြသည်။

“အိုက်ယား အဖွဲ့ဝင် ဘယ်နှယောက်ရှိလဲ ကြည့်ရအောင်။ လေး၊ သုံး၊ သုံး။ အိုး ဘုရားရေ ထိပ်ဆုံးအဖွဲ့ဝင်ကတ် ဆယ်ခုရောင်းပြီးသွားပြီလား?”

“ငါ ဒီကလေးကိုပါ ထည့်တွက်ရမှာထင်တယ်”

"ငါ ကြော်ငြာဘုတ်ကို သွားကြည့်လိုက်မယ်" သူတို့ထဲမှ တစ်ယောက်သည် ထပြေးသွားသည်။ စာကြောင်းများကို မြင်ပြီးနောက်တွင် သူသည် ၎င်းတို့အား စိုက်ကြည့်ကာ ပြန်ပြေးသွားသည်။ လမ်းတွင် အော်ဟစ်သွားသေးသည်။

"အမှန်ပဲ အမှန်ပဲ။ ထိပ်ဆုံးအဖွဲ့ဝင်ကတ် ဆယ်ကတ်လုံး ရောင်းပြီးသွားပြီ။ နောက်အဖွဲ့ဝင်ကတ်တွေက တစ်ကတ်ကို ယွမ် ၁၀ သန်းနဲ့မှ ရတော့မယ်"

"ငါပြောသားပဲ။ အချိန်က အရမ်းကြီးမြန်လွန်းမနေဘူးလား?"

"ချမ်းသာတဲ့သူတွေ အများကြီးရှိတာပဲ။ အာ မဟုတ်သေးဘူး ဒီစားသောက်ဆိုင်မှာ လာစားတဲ့သူတွေက ချမ်းသာတဲ့သူတွေ အများကြီးရှိတာပဲ။ အဖွဲ့ဝင်ကတ်တစ်ခုဝယ်ဖို့အတွက် ငွေတစ်သန်းကို ပေါ့ပေါ့ပါးပါး သုံးလိုက်တယ်။ ခေးပြဲတွေသာရှိရင် ဘဏ်ကို ခေးပြဲတိုက်ဖို့ မလိုတော့ဘူး။ ဒီအဖွဲ့ဝင်တွေကို ခေးပြဲတိုက်တာက ပိုကောင်းဦးမယ်"

"အိပ်မက်မက်မနေနဲ့။ အခုက ဘယ်ခေတ်ရောက်နေပြီလဲ? ခေါးပြတဲ့လား?"

"..."

စားသောက်ဆိုင်အပြင်ဘက်ရှိ လူများသာမက ဆိုင်ထဲမှ လူများလည်း အံသြသွားကြသည်။

"အဖွဲ့ဝင်အသစ်တွေရှိနေပြီပေါ့"

လျှန်မုန့်ချီ တိုးတိုးလေးရေရွတ်လိုက်သည်။

"အမှန်ပဲ။ အဖွဲ့ဝင်ကတ်တွေ ရောင်းတာ အရမ်းမြန်တာပဲ" ကျောက်ဒါပဲ့ဟူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး "ဟင်း....ငါ့မှာတော့ ငါးနှစ်လောက် အလုပ်ကြိုးစားပြီး နေခဲ့တာတောင်မှ ယွမ်သုံးသန်းပဲ စုဆောင်းနိုင်ခဲ့တယ်။ သူဌေးကတော့ စားသောက်ဆိုင်ဖွင့်တာ ရက်ပိုင်းပဲရှိသေးတယ် အဖွဲ့ဝင်ကတ်နဲ့တင် ဆယ်သန်းလောက် ရောင်းထွက်သွားပြီ"

"တော်စမ်း!"

ယူချင်းချင်းသည် ကျောက်ဒါဟူကို စိုက်ကြည့်ရင်း "နင်ငါ့ကို စိတ်မပျက်အောင် မလုပ်နိုင်ဘူးလား?"

ကျောက်ဒါဟူသည် ကိုယ်ကိုယ် ရမ်းလိုက်ပြီး ဘာမှ မပြောတော့ချေ။

အခြားတစ်ဖက်တွင် ဝမ်ချမ်းနှင့်ပါလာသော ချာတိတ်လေးသည် အခန်းထဲသို့ဝင်လာပြီးနောက် ဆိုဖာပေါ်တွင်ကစားနေသော မုန့်မုန့်ကို ရုတ်တရက်တွေ့လိုက်ပြီး ဆက်ပြီးမထိုင်နိုင်တော့သော်လည်း မတ်တပ်လည်းထမရပ်ချေ။ သူ၏အကြည့်များသည် မုန့်မုန့်နှင့်အတူ ကစားရန် မျှော်လင့်နေသည်။

နောက်ဆုံးတွင်တော့ သူ၏အကြည့်အောက်တွင် နှစ်မိနစ်ကြာပြီးနောက် မုန့်မုန့်သည်လည်း စားသောက်ဆိုင်ထဲသို့

ချာတိတ်လေးတစ်ယောက်ဝင်လာသည်ကို သတိပြုမိသွားသည်။

“အယ်?”

မုန့်မုန့်သည် ခဏလောက် ကြောင်အသွားပြီး နောက်တွင် သူမ၏လက်ထဲမှာ ဝက်ဝံရုက်ကို ချထားခဲ့ကာ ဆိုဖာပေါ်မှ ခုန်ဆင်းသွားပြီး ကောင်လေး၏ရှေ့သို့ ပြေးသွားသည်။ ထိုနောက် ကောင်လေးအား ဂရုတစိုက်အကဲခတ်လိုက်သည်။

“အမ်...မင်းနာမည် ဘယ်လိုခေါ်လဲ" မုန့်မုန့်သည် သူမလေး၏ဝိုင်းစက်ကြည်လင်သည့်မျက်လုံးများကို မှိတ်တုတ်မှိတ်တုတ်လုပ်ရင်း ပေးလိုက်သည်။

“ငါ့နာမည်က လီကျစ်ဝမ်ပါ။ မင်းနာမည်ကရော ဘယ်လိုခေါ်လဲ?”

ကောင်လေးသည် မဝံ့မရဲ ဖြင့် ပြန်ဖြေသည်။

သူ၏အမူအရာမှာ အလွန်ရှက်ရွံ့နေပြီး မုန့်မုန့်နှင့် ပထမဆုံးတွေ့သည့်အတွက် ရှက်နေသည့်ပုံပင်။

“ငါ့နာမည်က ကျွန်းယွီမုန့် လို့ခေါ်တယ်။ ဖေဖေ မေမေ နဲ့ တခြားသူတွေက မုန့်မုန့်လို့ခေါ်တယ်” မုန့်မုန့်သည် နှုတ်ခမ်းလေးကို စူလိုက်သည်။

“ဒါဆို ငါရော မင်းကို မုန့်မုန့်လို့ ခေါ်လို့ရမလား?” ကောင်လေးသည် တိုးတိုးလေးပြောလိုက်သည်။

“အိုး ရတာပေါ့” မုန့်မုန့်သည် ပွင့်ပွင့်လင်းလင်းပင် ပြန်ပြောသည်။

“ဟီးဟီး…”

ကောင်လေးသည် ပျော်ရွှင်စွာရယ်လိုက်သည်။ ထိုင်ခုံပေါ်မှ ဆင်းလိုက်ပြီး မုန့်မုန့်၏ရှေ့တွင် ရပ်ကာ အနည်းငယ် ရှက်ရွံ့နေသည့်ပုံရသည်။ အနည်းငယ် နီရဲနေသည့် မျက်နှာဖြင့် ပြောလိုက်သည်။

“မုန့်မုန့် မင်းက အရမ်းလှတယ်”

"တကယ်လား? ခစ်ခစ်ခစ်...."

မုန့်မုန့်သည် ရယ်လိုက်ပြီး

"ဒါဆို နင်လည်း ကြည့်လို့ကောင်းတာပဲ"

ကလေးနှစ်ယောက်ကြားရှိ အပြန်အလှန်ဆက်ဆံရေးက ပရိသတ်၏အာရုံကို ဖမ်းစားလာခဲ့သည်။

ကလေးတစ်ယောက်၏ခင်မင်ရင်းနှီးမှုသည် အလွန်လျင်မြန်ပေသည်။ အသက်ကြီးလာသည်နှင့်အမျှ သူငယ်ချင်းအရေအတွက်မှာ နည်းပါးလာကြသည်။ အဘယ်ကြောင့်ဆိုသော် လူများသည် အသက်ကြီးလာသည်နှင့် သူတို့၏အတွင်းစိတ်များကို ပို၍ပို၍ ဖုံးကွယ်ထားတတ်ကြသောကြောင့်ပင် ဖြစ်သည်။

သူ့အတွက် မုန့်မုန့်သည် သူ၏ရပ်ကွက်ရှိ ကလေးမလေးများအားလုံးထက် ပိုလှပေသည်။ သူမသည် ထိုကောင်မလေးများအားလုံးထက် ဆယ်ဆပိုလှပေသည်။

ကောင်လေးမှာ အနည်းငယ်ရှက်ရွံ့သွားသည်။ သူသည် လက်သီးများကိုတင်းတင်းဆုပ်ကာ မုန့်မုန့်အား ကြည့်လိုက်ပြီး အသံတိုးတိုးလေးဖြင့် ပြောလိုက်သည်။ “မုန့်မုန့် မင်းက အရမ်းလှတာပဲ... ငါမင်းကို နမ်းချင်တယ်”

“အယ်?”

မုန့်မုန့်သည် လန့်သွားပြီး မည်သို့ပြန်ပြောရမှန်းမသိတော့ချေ။ ထို့ကြောင့် သူမလေး အကြည့်များသည် မီးဖိုချောင်ထဲတွင် ကြက်ဥထမင်းကြော်အိုးကို ဂရုစိုက်နေသော ကျန်းဟန်ဘက်သို့လှည့်ကာ အော်လိုက်သည်။

“ဖေဖေ ဖေဖေ သူက သမီးကို နမ်းချင်တယ်တဲ့”

ဂလုံ ဂလုံ ဂလုံ ဂလုံ......

ကျန်းဟန်၏လက်ထဲရှိ ဇလုံမှာ မီးဖိုပေါ်သို့ လွတ်ကျသွားပြီး သူ၏မျက်လုံးများမှာ တဖြည်းဖြည်း ပြူးကျယ်လာကာ နလုံးခုန်နှုန်းများ မြန်လာသည်။

သူ၏အတိတ်ဘဝ အချိန်ကာလ သို့ ပြန်ရောက်လာပြီးကတည်းက သူ၏နှလုံးသားသည် အမြဲတမ်း ရေသေကန်ရေပြင်ကဲ့သို့ ငြိမ်သက်နေခဲ့ပြီး နောက်ဆုံးတွင် နျူကလီးယားဗုံးပေါက်ကွဲသွားသကဲ့သို့ ပထမဆုံးအကြိမ် ခံစားလိုက်ရသည်။

"မရဘူး!"

ကျန်းဟန်သည် အော်ဟစ်လိုက်ပြီး ဒယ်အိုးကိုပင် ဂရုမစိုက်တော့ ခါးဝတ်ပုဝါကိုလည်းမချွတ်တော့ဘဲ ခြေလှမ်းကျဲကြီးများနှင့် တစ်ခါတည်းလျှောက်ထွက်လာခဲ့သည်။ မုန့်မုန့်ကို ပွေ့ချီလိုက်ပြီး ကောင်လေးကို သေချာကြည့်ကာ ဒုတိယထပ်သို့ တက်သွားခဲ့သည်။

"ကျောက်ဖုန်း ငါ့ကိုကြက်ဥထမင်းကြော် ကူပြီး ပြင်ပေးပါ။ မင်းတို့ စားလို့ရပြီ"

ကျန်းဟန် မက်ဆေ့တစ်ဆောင်ထားခဲ့လိုက်ပြီး အပေါ်ထပ်သို့တက်သွားသည်။

ပထမထပ်မှလူများအားလုံးသည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ကြောင်အနေကြသည်။

-C 89 End

wunzinnosp

## အပိုင်း(၉၀)

ကျောက်ဖုန်း လျှင်မြန်စွာဖြင့်ပင် မီးဖိုချောင်ထဲသို့လျှောက်ဝင်သွားပြီး မီးဖိုကို ပိတ်လိုက်သည်။

ချာတိတ်လေးသည်တော့ စားပွဲဘေးတွင်ရပ်ရင်း ဘာလုပ်ရမှန်းမသိတော့ချေ။

“အဲဒီ....”

လျန်မုန့်ချီသည် ထမင်းသွားယူရန်သို့လျှောက်သွားစဉ် ဝမ်ချမ်း၏အနားမှ ဖြတ်သွားသည့်အခါ ခဏလောက် တုံ့ဆိုင်းသွားပြီးပြောလိုက်သည်။

“သူဌေးက သူ့သမီးကို အရမ်းစိတ်ပူတတ်တာ။ ပုံမှန်ဆိုရင် နမ်းဖို့နေနေသာသာ ကျွန်မတို့တောင် ပွေ့ဖက်ခွင့်မပေးဘူး။ ရှင်....ရှင်ရဲ့ကလေးကို ပြောထားတာပိုကောင်းမယ်ထင်တယ်”

“ဟုတ်ကဲ့ပါ”

ဝမ်ချမ်းခေါင်းညိတ်လိုက်ပြီး မျက်မှောင်ကြုတ်ကာ သူ၏မြေးကို ထိုင်ခုံဆီပြန်ခေါ်သွားသည်။ ကောင်လေးကိုကြည့်လိုက်ပြီး

“ငါ့မြေး မင်းအသက်ကလေးနှစ်တောင်ရှိနေပြီ။ ယောက်ျားလေးနဲ့မိန်းကလေးတွေက

အဲ့လိုမျိုးရင်းရင်းနှီးနှီးနေလို့မရဘူး။ ယောက်ျားနဲ့မိန်းမက ကွာခြားချက်ရှိတယ်။ နားလည်လား?”

“ဟုတ်ကဲ့ သိပါပြီ” ချာတိတ်သည် ခဏလောက်စဉ်းစားလိုက်ပြီး သူကိုယ်သူမှန်တကယ်လို့ခံစားမိသောကြောင့် ခွန်းတုံ့ပြန်လိုက်သည်။
“ဒါပေမဲ့ မေမေက ကျွန်တော့်ကို အရမ်းသဘောကျလို့ နမ်းတယ်လေ။ ကျွန်တော်လည်း မုန့်မုန့်ကို သဘောကျလို့ နမ်းချင်တာ”

သူ့အတွက် ဤမျှလှပသော ကလေးမလေးကို ပထမဆုံးအကြိမ်တွေ့ဖူးခြင်းဖြစ်သည်။ သူ၏ပျော်ရွှင်မှုကို ဖော်ပြရန် သူမ၏ပါးကို နမ်းချင်ခဲ့သည်။ သို့သော် မုန့်မုန့်အဖေ၏ တုံ့ပြန်မှုက အလွန်ကြီးမားသည့်ပုံရသည်။

ထိုစကားကိုကြားသည့်အခါ ဝူလီယင်းသည် ညင်သာစွာပြုံးလိုက်ပြီး မြေးဖြစ်သူ၏ခေါင်းကို ပုတ်ကာ ထမင်းယူရန် ထရပ်လိုက်သည်။

ဝမ်ချမ်းသည်တော့ သူ၏မျက်နှာတွင် အကူအညီမဲ့သည့် အရိပ်အယောင်များပေါ်လာပြီး
"မင်း သဘောကျရင်တောင် နမ်းလို့မရဘူး။ အဲဒါက ရိုင်းဆိုင်းတာပဲ။ နောင်ကျရင် မင်းရဲ့မိသားစုဝင်တွေကလွဲပြီး တခြားသူတွေကို နမ်းလို့မရဘူးဆိုတာကို မှတ်ထားပါ။ တခြားသူက မင်းကို သဘောကျရင်တောင် သူတို့ကို နမ်းတာကိုတော့ မကြိုက်ဘူး"

"သိပါပြီ အဖိုး" ကောင်လေးသည် နှုတ်ခမ်းစူလိုက်သည်။

သူ၏ရှက်ရွံ့သည့်အကျင့်ကို မဖော်ပြဝံ့သဖြင့် အနည်းငယ်မပျော်မရွှင်ခံစားခဲ့ရသည်။ သို့သော် ချာတိတ်လေးသည် ကြက်ဥထမင်းကြော်ကို ပထမဆုံးတစ်လုတ်စားကြည့်လိုက်သည့်အခါတွင်

ထိုမပျော်မရွှင်ခံစားချက်များ လုံးဝပျောက်ကွယ်သွားပြီး ပျော်ရွှင်မှုများ အစားထိုးလာသည်။

ထိုအချိန် အပေါ်ထပ် ဧည့်ခန်းထဲတွင်။

ဇီယန်၏ခန္ဓာကိုယ်မှာ ပျင်းရိငြီးငွေ့စွာဖြင့် ဆိုဖာပေါ်မှီရင်း သူမ၏ Weibo ကို ကြည့်နေလေသည်။ ထိုစဉ်က သူမအလွန်ရေပန်းစားသည့်အချိန်တွင် သူမ၏ Weibo ဖော်လိုဝါမှာ ဆယ်သန်းခန့်ရှိကာ ပို့စ်တစ်ခုစီတွင် မှတ်ချက်ပေါင်း သောင်းနှင့်ချီ၍ နှစ်သက်သူ ထောင်နှင့်ချီ၍ ရှိသည်။

သို့သော် ဇီယန် ဖျော်ဖြေရေးနယ်ပယ်မှ ထွက်ခွာသွားပြီးနောက်တွင် ထိုပရိသတ်များမှာ ပေါက်ကွဲခဲ့ကြပြီး ဇီယန်သည် ဘာမှရှင်းပြခဲ့ခြင်းမရှိဘဲ နောက်ဆုံးတွင် အားလုံးတစ်ပြိုင်နက် သက်ပြင်းချလိုက်ကြသည်။ သူမကို ဖောလိုလုပ်ထားသူများမှာ အပြောက်အများရှိခဲ့ပြီး ယနေ့တွင် ၅

သန်းခန့်ကျန်နေဆဲဖြစ်သည်။ လွန်ခဲ့သည် နှစ်နှစ်က ဇီယန်သည် ပို့စ်နှစ်ခုတင်ခဲ့သော်လည်း မှတ်ချက်များနှင့် နှစ်သက်သူများမှာ အလွန်အရေအတွက်နည်းပါးကြောင်းတွေ့ရသည်။

ဇီယန် ယခင်က ပို့စ်တင်ခဲ့သည်ကို ပြန်ကြည့်နေရင်း စိတ်ရှုပ်ထွေးစွာဖြင့် သက်ပြင်းချလိုက်သည်။ ရုတ်တရက် ကျန်းဟန်သည် မုန့်မုန့်ကို ချီလာပြီး ခြေလှမ်းကျဲကြီးများဖြင့် လျှောက်လာသည်ကို တွေ့လိုက်ရသည်။

အနားသို့ရောက်သည်နှင့် ကျန်းဟန်သည် မုန့်မုန့်ကို ဇီယန်၏ဘေးတွင် ချလိုက်သည်။

မုန့်မုန့်၏အမူအရာမှာ မဝံ့မရဲဖြစ်နေသည်။ သူမလေး၏မျက်လုံးကြီးများတွင် သနားစရာအရိပ်အယောင်များရှိနေသည်ကို သူမရှင်းရှင်းလင်းလင်းတွေ့လိုက်ရသည်။

“ဖေဖေ စိတ်ဆိုးနေတာလား? ဖေဖေ စိတ်မဆိုးပါနဲ့....”

“ဘာဖြစ်တာလဲ? လာ မေမေ့ဆီကိုလာ” ဇီယန်သည် ကျန်းဟန်အား ထူးထူးဆန်းဆန်းကြည့်လိုက်ပြီး မင်းသမီးလေးအား သူမ၏ရင်ခွင်ထဲသို့ ဆွဲယူလိုက်သည်။

ကျန်းဟန်အတွက်တော့ သူသည် အနည်းငယ်စိုးရိမ်သည့်မှုများ ရှိနေသေးသည်။ အသက်ပြင်းပြင်းတစ်ချက်ရှူထုတ်လိုက်ပြီး မုန့်မုန့်အားကြည့်ကာ နူးညံ့စွာပြုံးလိုက်သည်။ မုန့်မုန့်၏ခေါင်းလေးကို ညင်သာစွာပုတ်လိုက်ပြီး

“ဖေဖေ စိတ်မဆိုးပါဘူး”

“တကယ်လား?”

မုန့်မုန့်၏မျက်လုံးများမှာ

“တကယ်ပေါ့ ဖေဖေစိတ်မဆိုးပါဘူး” ကျန်းဟန် ညင်သာစွာခေါင်းညိတ်လိုက်ပြီး အနည်းငယ်ချောင်းဟမ့်လိုက်သည်။ ဇီယန်၏စိတ်ဝင်တစားအကြည့်အောက်တွင် သူသည်

ရိုးသားစွာဖြင့် စိတ်ထဲကအတိုင်း မုန့်မုန့်အား ပြောလိုက်သည်။ "မုန့်မုန့် ဖေဖေ သမီးကို အရင်က မပြောထားဖူးဘူးလား။ ဖေဖေနဲ့မေမေကလွဲရင် တစ်ခြားသူတွေ နမ်းလို့မရဘူးဆိုတာ"

"အာ...ဒါပေမဲ့ ဖေဖေပြောတာ မုန့်မုန့်က တခြားသူတွေကို နမ်းလို့မရဘူးလို့လေ...."

မုန့်မုန့်သည် ဖေဖေပြောထားသည့်စကားများကို ရှင်းရှင်းလင်းလင်း မှတ်မိနေသည်။

"တခြားသူတွေကလည်း မုန့်မုန့်ကို နမ်းလို့မရဘူး!" ကျန်းဟန် အလွန်လေးနက်စွာပြောလိုက်သည်။ "မုန့်မုန့် သမီးရဲ့မိဘတွေကလွဲရင် သမီးတခြားသူတွေ့ကို လုံးဝမနမ်းရဘူး။ တခြားသူတွေကိုလည်း လုံးဝနမ်းခွင့်မပေးရဘူး။ သမီးနားလည်လား?"

"သမီးနားလည်ပါပြီ။ မုန့်မုန့်က တခြားသူတွေ့ကို နမ်းခွင့်မပေးဘူး။ ဒါဆို....ဒါဆိုရင် တခြားသူက မုန့်မုန့်ကို နမ်းချင်နေသေးရင်ရော?"

“သမီးဘာလုပ်ရမလဲ?” ကျန်းဟန်၏မျက်လုံးများမှာ ရက်စက်သည့်အရိပ်အယောင်ပေါ်လာပြီး ပြောလိုက်သည်။ “သူ့ကို ရိုက်နှက်လွှတ်လိုက်!”

“ရှင်ဘာတွေ ပြောနေတာလဲ?” ဇီယန်သည် သူ၏စကားကိုကြားပြီးနောက် ကျန်းဟန်အား စိုက်ကြည့်လိုက်သည်။ သူတို့၏စကားများမှတစ်ဆင့် ဘာတွေဖြစ်နေသလဲဆိုသည်ကို သူမသိလိုက်သည်။ ထို့ကြောင့် ဇီယန်သည် မုန့်မုန့်ဘက်သို့လှည့်၍ ပြုံးကာ ပြောလိုက်သည်။

“မုန့်မုန့် သမီးဖေဖေရဲ့ အဓိပ္ပာယ်မရှိတဲ့စကားတွေကို နားမထောင်နဲ့။ တကယ်လို့ တစ်ယောက်ယောက်က သမီးကို နမ်းချင်ရင် သမီး သူတို့ကို ပြေးလို့ရတယ်။ သမီးဖေဖေရဲ့စကားကို နားမထောင်နဲ့။ သူတို့ကို ရိုက်နှက်တာက မှားယွင်းတယ်။ ပြီးတော့ သမီးက

မိန်းကလေးတစ်ယောက်။ မိန်းကလေးဆိုတာ နူးညံ့သိမ်မွေ့ဖို့လိုအပ်တယ်”

“အွန်း…မုန့်မုန့်က နူးညံ့တယ်” မုန့်မုန့်သည် သူမ၏လက်ကလေးများကိုမြှောက်၍ ပြောလိုက်သည်။

ဘေးတွင် ရပ်နေသည့်ကျန်းဟန်သည် ခဏလောက်စဉ်းစားလိုက်ပြီး အနည်းငယ် စိုးရိမ်စွာဖြင့် ပြောလိုက်သည်။

“ဒါဆို သမီးရဲ့မေမေပြောသလိုပဲ သမီးအရင်ဆုံးငြင်းလို့ရတယ်။ အဲ့ဒါမှ မရဘူးဆိုရင်တော့ သမီးတို့ဆိုင်းမနေဘဲ သူ့ကို ရိုက်နှက်ပစ်လိုက်”

“ကျန်းဟန်!”

ဇီယန်သည် လူသတ်လိုသည့်အရိပ်အယောင်များဖြင့် လှမ်းကြည့်လိုက်သည်။

သူ့သမီးကို သူများကို ရိုက်နှက်ဖို့သင်ပေးနေတယ်။ ဘယ်လိုအဖေမျိုးလဲ?

ယခုအချိန်သည် မုန့်မုန့်၏ပင်ကိုယ်အကျင့်စရိုက်ကို ပုံသွင်းရမည့်အချိန်ဖြစ်သည်။ ပညာရေးသည် အလွန်အရေးကြီးပြီး အချို့သော မသိနိုင်သည့်အကြောင်းပြချက်အချို့ကြောင့် မုန့်မုန့်ကို ဤနေရာတွင် ဆက်၍နေထိုင်စေရန် ဇီယန် အနည်းငယ် မသက်မသာခံစားလိုက်သည်။

"ငါ ထမင်းသွားယူလိုက်ဦးမယ်" ကျန်းဟန်သည် ဇီယန်ကိုတစ်ချက်ကြည့်ပြီး အောက်ထပ်သို့ ဆင်းသွားသည်။

ထိုအကြောင်းကိုမတွေးတော့သည်က ပိုကောင်းသည်။ မိန်းမတစ်ယောက်နှင့်ငြင်းခုံခြင်းသည် မိုက်မဲသည့်ရွေးချယ်မှုဖြစ်သည်။ အကယ်၍ သင် ငြင်းခုံရင်း ရှုံးနိမ့်သွားပါက သင်သည် လျှော်ပေးလိုက်မည်ဖြစ်သည်။

အကယ်၍ သင် အနိုင်ရပါက သင်သည် စိတ်သဘောထားကျဉ်းမြောင်းသည်ဟု အပြောခံရမည်ဖြစ်သည်။ အထူးသဖြင့် သူမသည် မုန့်မုန့်၏အမေဖြစ်နေခဲ့လျှင်ပင်။ ၎င်းက ကျန်းဟန်အား အကူအညီမဲ့သလို ခံစားရစေသည်။

အကယ်၍ မုန့်မုန့်ကိုသာ ဤနေရာတွင် နေစေချင်ပါက ဇီယန်၏စာမေးပွဲကို အောင်မြင်ရန်လိုအပ်သည်။

ခဏအကြာတွင် ကျန်းဟန်သည် နွားနို့ ၃ ခွက်နှင့် ကြက်ဥထမင်းကြော် ၃ ပန်းကန်ကို ယူလာသည်။

"ဒါက ရှင် ပုံမှန်ရောင်းတဲ့ ကြက်ဥထမင်းကြော်လား" ဇီယန်သည် ပန်းကန်ပြားကို သူမရှေ့ရှိ လက်ဖက်ရည်စားပွဲပေါ်တင်လိုက်ပြီး ပထမဆုံးအနံ့ခံကြည့်လိုက်သည်။ အနံ့က အရမ်းမွှေးလွန်းသဖြင့် သူမ၏ဗိုက်သည် တဂွီဂွီမြည်သွားသည်။

"စားဖို့အချိန်ရောက်ပြီ။ ဖေဖေ ချက်ထားတဲ့ အစားအသောက်တွေက အရသာအရှိဆုံးပဲ" မုန့်မုန့်သည် နှုတ်ခမ်းလေးကိုစူကာ တိုးတိုးလေးပြောလိုက်သည်။ သူမလေးသည် ဇွန်းကို ကောက်ကိုင်လိုက်ပြီး ကြက်ဥထမင်းကြော်ကို စတင်စားတော့သည်။

ကျန်းဟန်သည် အပြုအမူများ အလွန်ဆင်တူသည့် မိန်းကလေးနှစ်ယောက်ကိုကြည့်လိုက်ရင်း ဤအခိုက်အတန့်တွင် အလွန်နွေးထွေးသည်ဟု ခံစားလိုက်ရသည်။

ဒါက အိမ် ဆိုတာရဲ့ ခံစားချက်လား?

ကျန်းဟန်၏အကြည့်သည် အနည်းငယ် ဝေဝါးလာသည်။ သူသည် ပြန်လည်မွေးဖွားပြီးနောက် နှစ်ပေါင်းငါးရာတိုင် တစ်ကိုယ်တည်းအထီးကျန်းစွာ ကျင့်ကြံရင်းနေထိုင်လာခဲ့သည်။ မုန့်မုန့်သာ မရှိပါက

ကျန်းဟန်၏လက်ရှိစိတ်အခြေအနေမှာ အလွန်ပင် အေးစက်နေပေလိမ့်မည်။

ကောင်းကင်ကပ်ဘေးဒုက္ခအဆင့် တန်ခိုးရှင်တစ်ယောက်သည် သာမန်လူတစ်ဦးဖြစ်လာမည်ကို သံသယမဖြစ်သင့်ပေ။ သူသည် ကမ္ဘာမြေသို့ဆင်းသက်လာသည့် ကေရာဇ်တစ်ပါး၏အရိပ်အယောင်မှာ သေချာပေါက် ရှိလိမ့်မည်ဖြစ်သည်။

ပြောနေစရာပင်မလို ကျန်းဟန်သည် သူ၏ခွန်အားကို မြှင့်တင်နိုင်သည့်နည်းလမ်းများကို ချက်ချင်းရှာဖွေခဲ့ပေမည်။ ထို့နောက် သွေးချောင်းစီးသည်အထိ ကမ္ဘာကြီးကို အထက်အောက်မြေလှန်ပြီး ဤလောကတွင် သူသည် ဘုရင်တစ်ပါးဖြစ်သည်ကို ကမ္ဘာကြီးတစ်ခုလုံး သိသွားအောင် လုပ်ဆောင်လိုက်မည်ဖြစ်သည်။

သို့သော် မုန့်မုန့်၏တည်ရှိမှုသည် မှောင်မိုက်နေသည့်မဟူရာကမ္ဘာကြီးတွင် ဖြည်းညှင်းစွာထွက်ပေါ်လာသော သူ့ရိယနေမင်းအလား ကျွန်းဟန်၏စိတ်ကို အလင်းပေးတောက်ပစေခဲ့သည်။ သူ၏မိဘများ ပျောက်ဆုံးသွားရုံသာဆိုသည့်အချက်ပါ ထပ်ပေါင်းရလျှင် သူတွင် မည်သည့်ဒုက္ခပြဿနာမျှ မခံစားရတော့ဘဲ သူ၏စိတ်နှလုံးအတွင်းမှ ရန်လိုမုန်းတီးမှုများနှင့် အဆိုးမြင်ဝါဒီများအားလုံးကို လုံးဝပြေလျော့သွားစေခဲ့သည်။

ဤကဲ့သို့သော ခံစားချက်မျိုးက သူ့အတွက် ပထမဆုံးအကြိမ် ခံစားရခြင်းဖြစ်သည်။ ဤသည်မှာ ဖခင်တစ်ယောက်အနေနှင့် သူ၏စိတ်နေစိတ်ထားမှာ ပြောင်းလဲသွားခြင်း ဖြစ်နိုင်သည်။

အသက်သုံးဆယ်တန်းတွင် သူ၏နေရာကိုလုံးဝမသိဘဲ ငါးဆယ်ရောက်သည့်အခါ သူ၏ကံကြမ္မာကို သိသွားပေမည်။

ထိုစကားများမှ ကျိုးကြောင်းဆီလွန်းလှပေသည်။ သူတို့၏စိတ်ထဲတွင် ဖြစ်ပါလာသည့် အပြောင်းအလဲများကို ပြောထားခြင်းဖြစ်သည်။

ကျန်းဟန်အတွက်တော့ ၎င်းမှာ အယူအဆတစ်မျိုးသာဖြစ်သည်။ သူ့ဘဝတွင် မကြုံတွေ့ရသေးသည့် အရာများ အများအပြားရှိသေးသည်။

ကျန်းဟန်ခေါင်းယမ်းလိုက်ပြီး ခပ်ဖျော့ဖျော့ပြုံးလိုက်မိသည်။ သူသည် စဉ်းစားနေခြင်း ရပ်တန့်လိုက်ပြီး မုန့်မုန့်၏ဘေးတွင် ဝင်ထိုင်ကာ မနက်စာကို စတင်စားလိုက်သည်။

……

တစ်ချိန်တည်းမှာပင် ရွှယ်ချမ်၏နေအိမ်၌။

“ဘာ?”

ရွှယ်ချမ် အိပ်ယာထဲမှ ထလာပြီး သူ၏မျက်လုံးများမှာ ဇဝေဇဝါနှင့် အနည်းငယ်ရှုပ်ထွေးနေသည်။ သို့သော် သူ့ရှေ့ရှိ လီဖန်း အော်လိုက်သည်ကို ကြားလိုက်ရသည့်အခါ ရွှယ်ချမ်၏မျက်လုံးများမှာ တဖြည်းဖြည်းပြူးကျယ်လာသည်။ သူသည် လုံးဝ အိပ်ချင်စိတ်ပျောက်သွားပြီး တစ်ချိန်တည်းမှပင် သူ၏မျက်လုံးထဲ၌ စိတ်လှုပ်ရှားမှုများပြည့်လာကာ "ငါတို့ အဆက်အသွယ်ရပြီလား?"

"ရပြီ! ဟားဟားဟား ငါဆက်သွယ်လို့ရခဲ့ပြီ" မျက်ကွင်းများ ညိုမဲနေသော လီဖန်းသည် အားရပါးရ ရယ်မောလိုက်ပြီး
"ငါ နောက်ဆုံးတော့ မနေ့ညကပဲ သူနဲ့ အဆက်အသွယ်ရခဲ့ပြီ။ အဲဒါ စောက်ရမ်းကောင်းတာပဲ။ အစ်ကိုရွှယ် သူအခု ဘယ်မှာနေလဲ မှန်းကြည့်စမ်း?"

"ဘယ်မှာလဲ? ငါက ဘယ်လိုလုပ်သိမှာလဲဟ" ရွှယ်ချင်း ခေါင်းယမ်းလိုက်သည်။

"ဟောင်ကောင်မှာ! ဟားဟားဟား တိုက်ဆိုင်ချက်ကတော့ သူက အခု လခြမ်းပင်လယ်ကွေ့မှာရှိနေတာပဲ! ဟားဟားဟား ဘုရားရေ ကမ္ဘာပေါ်မှာ ဒီလောက်တိုက်ဆိုင်တာ ရှိသေးတာပဲ။ တမင်သက်သက်ချိန်းထားရင်တောင် လွဲနေဦးမယ်" လီဖန်းသည် အလွန်ပျော်ရွှင်နေပြီ ကပင် ကလိုက်သေးသည်။

"မင်း ဘာပြောခဲ့သေးလဲ?ငါတို့ တွေ့ကြမယ်တဲ့လား" ရွှယ်ချမ် အလောတကြီးမေးသည်။

"ဒါပေါ့"

လီဖန်းခေါင်းညိတ်လိုက်ပြီး

"သူပြောတာ ဒီနေ့အချိန်မရှိလို့ မနက်ဖြန် မနက်ခင်း ဒါမှမဟုတ် နေ့လည်ခင်းမှာ ဒီကိစ္စဆွေးနွေးကြမယ်တဲ့။ ငါ့ကို နေရာပြောထားတယ်"

“အရမ်းကောင်းတယ်။ ဒါဆို ငါတို့ ဒီနေ့ကောင်းကောင်းနားလိုက်ပြီး မနက်ဖြန်ကျရင် သူ့ဆီကို သွားကြတာပေါ့”

“...”

.....

ကျန်းဟန်၏စားသောက်ဆိုင်တွင်။

စားသုံးသူများသည် သူတို့၏မနက်စာကိုစားသုံးပြီးနောက် တစ်ယောက်ပြီးတစ်ယောက်ထွက်ခွာသွားကြသည်။ လျန်မုန့်ချီတို့အုပ်စုသည် သူတို့၏ခုံတွင် ခဏလောက် ထိုင်ချင်ကြသေးသည်။ အထူးသဖြင့် လျန်မုန့်ချီ ပင်။ သူမသည် သူဌေး၏ဇနီး စားသောက်ဆိုင်၏ပိုင်ရှင်က မည်သူလဲဆိုသည်ကို တွေ့ချင်သေးသော်လည်း သူငယ်ချင်းများနှင့်ချိန်းထားသဖြင့် ခဏအကြာတွင် ထွက်ခွာသွားကြသည်။

အားလုံးထွက်ခွာသွားကြပြီးနောက် ကျန်းလီသည် စားသောက်ဆိုင်ကို သန့်ရှင်းရေးလုပ်ရန် ပြင်လိုက်သည်။

စားသုံးသူများမှာ သန့်ရှင်းရေးလုပ်သွားကြသော်လည်း ထမင်းစားစားပွဲများပေါ်တွင် အစက်ပြောက်များ စွန်းထင်းနေသေးသည်။ ကျန်းလီသည် အတိတ်တုန်းက သခင်မလေးဖြစ်ခဲ့သော်လည်း ယခုတော့ ကွဲပြားသွားပြီဖြစ်သည်။ ညီမတစ်ယောက်အနေနှင့် အစ်ကိုဖြစ်သူ၏စားသောက်ဆိုင်ကို သန့်ရှင်းရေးလုပ်ပေးချင်ခဲ့သည်။

သို့သော်လည်း သူမ ထရပ်လိုက်သည်နှင့် ကျောက်ဖုန်းသည် စားပွဲများကို အဝတ်နှင့်စတင်သုတ်နေပြီဖြစ်သည်။

“အိုး..ကျန်းလီ နင့်အစ်ကိုမှာ တခြားစားပွဲထိုးရှိနေပြီးသားဖြစ်မယ်” ကျိုးဖေးသည် ကျောက်ဖုန်းအား

ထူးထူးဆန်းဆန်းကြည့်လိုက်သည်။ ထိုနောက် ခေါင်းငုံ့လိုက်ကာ သူမ၏ဖုန်းကို ပြန်ကြည့်နေသည်။

ကျန်းလီသည်လည်း အနည်းငယ်သိချင်စိတ်ပြင်းပြလာသည်။ သူမ ကျောက်ဖုန်းဆီသို့လျှောက်သွားလိုက်ပြီး စပ်စုစွာမေးလိုက်သည်။

"ရှင် အဖွဲ့ဝင်စားပွဲမှာထိုင်ပြီး စားနေတာကို ကျွန်မတွေ့လိုက်တယ်။ ရှင်လည်း စားသောက်ဆိုင်အဖွဲ့ဝင်တစ်ယောက်ပဲ မဟုတ်လား? ဘာလို့ ဒီမှာ သန့်ရှင်းရေးလုပ်နေတာလဲ?"

"ဒါက ကျွန်တော့်ရဲ့ သဘောဆန္ဒအတိုင်းလုပ်တာပါ။ ဘာလို့လဲဆိုတော့ သူဌေးက အရမ်းသဘောကောင်းပြီးတော့ အစားအသောက်တွေကလည်း အရသာရှိတယ်။ ကျွန်တော် နည်းနည်းလောက် ရှုံးသွပ်သွားစေလောက်တယ်လေ။ ပုံမှန်ဆိုရင် ကျွန်တော်အများကြီးမလုပ်ရပါဘူး။ ဒါကြောင့်

ကျွန်တော့ မပြန်ခင်မှာ နည်းနည်းလောက် သန့်ရှင်းရေးလုပ်ပေးတာပါ”

ကျောက်ဖုန်း ကျန်းလီကို ပြုံးပြလိုက်သည်။

“ရှင်က အရမ်းစိတ်ထားကောင်းတာပဲ” ကျန်းလီ အပြုံးလေးဖြင့် ပြောလိုက်သည်။

“ရပါတယ်ဗျ”

ကျောက်ဖုန်း ညင်သာစွာ ခေါင်းယမ်းလိုက်သည်။

မုန့်မုန့်၏အပန်းဖြေရာစားသောက်ဆိုင် တစ်ခုတည်းတွင်သာလျှင် ကျောက်ဖုန်းသည် ဤသို့ စိတ်အားထက်သန်သူဖြစ်ပေသည်။ သူ့ဇနီးနှင့်မှသာလျှင် ကျောက်ဖုန်းသည် လက်ပါးစေတစ်ယောက်လိုဖြစ်သွားခြင်းဖြစ်သည်။ တစ်ခုသိထားရမည်မှာ ထန်ကျန့်နှင့် ရင်ဆိုင်ရလျှင်ပင် ကျောက်ဖုန်းသည် တစ်ခါတစ်ရံ ‘မလုပ်နိုင်ဘူး’ ဟု ပြောလေ့ရှိသည်။

ထို့ပြင် မြေအောက်လောကမှလူများသာ ကျောက်ဖုန်း၏ကျိုးနွံနာခံတတ်သည့်ပုံစံကို မြင်လိုက်ရပါက သူတို့သေချာပေါက် အူတတ်အောင် ရယ်ကြပေလိမ့်မည်။

-C 90 End

wunzinnosp

## အပိုင်း(၉၁)

"အော်ဟုတ်သားပဲ မင်းက သူဌေးရဲ့ညီမမဟုတ်လား?" ကျောက်ဖုန်းသည် စားပွဲကိုသုတ်နေရင်း ကျန်းလီဘက်သို့လှည့်ကာ ပြုံး၍မေးလိုက်သည်။

"ကျွန်မအစ်ကိုမျိုးရိုးနာမည်က ကျန်း၊ ကျွန်မမျိုးရိုးနာမည်ကလည်း ကျန်း ပဲ။ ရှင်ဘယ်လိုထင်လဲ?" ကျန်းလီပြန်ပြော၏။

"မင်းတို့ရဲ့ဇာတိက ဘယ်ကလဲ?" ကျောက်ဖုန်းသည် ကျန်းဟန်၏အကြောင်းကို အမြဲသိချင်နေခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် သူ့အား ဘယ်တုန်းကမှ မမေးဖြစ်ခဲ့ပေ။ အကြောင်းမှာ သူငွေးသည် လူများနှင့်စကားပြောသည်မှာ ရှားပါးသည်ဟု ခံစားရပြီး သူအား ဂရုစိုက်သည့်ပုံလည်း မပေါ်သည့်အတွက်ကြောင့်ဖြစ်သည်။ သူ၏ရှေ့ရှိ ကျန်းဟန်၏ညီမဖြစ်သူ ဤအလှလေးမှာ ကျန်းဟန်၏အကြောင်း အများအပြားကို ပြောပြနိုင်လိမ့်မည်ဖြစ်သောကြောင့် ကျောက်ဖုန်းမေးလိုက်ခြင်းဖြစ်သည်။

"ပေကျင်း" ကျန်းလီ ရိုးရိုးရှင်းရှင်းပင် ပြန်ဖြေသည်။

"ပေကျင်းလား? ပြည်မကြီးမှာ အရှုပ်ထွေးဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့မြို့တော်ပေါ့"

ကျောက်ဖုန်း အနည်းငယ် ပြုံးလိုက်ပြီး ဆက်ပြောသည်။ “ဒါဆို သူဌေးက ပေကျင်းမှာ သေချာပေါက် အင်အားကြီးမားရမယ်။ ဟုတ်တယ်မလား?”

ထိုစကားကို ကြားသည့်အခါ ကျန်းလီသည် ကျောက်ဖုန်းကို ခေါင်းစခြေဆုံး အကဲခတ်လိုက်ပြီး ဘာမှပြန်မပြောချေ။

သူမ ဘာမှမပြောသော်လည်း တစ်စုံတစ်ယောက်ကတော့ ဝင်ပြောလိုက်သည်။ စားပွဲတွင်ထိုင်နေသည့် ကျိုးဖေးသည် ခေါင်းမော့မကြည့်ဘဲ ရယ်မောလိုက်ပြီး ပြောလိုက်သည်။ “ဟဲ့ သူက အင်အားကြီးရုံတင်ဘယ်ကမလဲ။ ကောင်လေး ကျွန်မပြောပြမယ် ကျွန်မရဲ့ ခဲအိုက အရင်တုန်းက ပေကျင်းရဲ့ သခင်လေး ၄ ယောက်ထဲက တစ်ယောက်ပဲ။ သူက ကျန်းမိသားစုရဲ့ အကြီးဆုံးသခင်လေးဖြစ်ပြီးတော့ သူရဲ့ကိုယ်ပိုင်လက္ခဏာကို ဖော်ပြဖို့ မလုံလောက်သေးဘူး။ သူက သခင်လေးလေးယောက်ထဲမှာ နောက်ဆုံး

လေးယောက်မြောက်သခင်လေးဖြစ်ပေမဲ့ တခြားသခင်လေးသုံးယောက်က သူ့ကို ရန်မစရဲဘူး။ ဘာလို့လဲဆိုတော့ သွားစရင် သူတို့က သေချာပေါက် အရိုက်ခံရမှာမလို့ပဲ”

ကျိုးဖေးသည် ထိုအကြောင်းများအားလုံးကို တစ်ဆက်တည်းပြော လိုက်သည်။ သူမရရှိခဲ့သည့် အချက်အလက်များမှာ ဇီယန်၏သူငယ်ချင်းမိတ်ဆွေများထံမှ သိရှိရခြင်းဖြစ်သည်။

ထိုသူက ကျန်းဟန်သည် ယခင်က အလွန်အစွမ်းထက်သောသူတစ်ယောက်ဖြစ်ကြောင်း၊ သူ နိမ့်ပါးသွားပြီးနောက် သူ၏ဆင်းရဲနွမ်းပါးသောဘဝအကြောင်းကိုလည်း ပြောပြခဲ့သည်။ ယခု သူမသည် ကျန်းဟန်အား အိုင်ဒေါတစ်ယောက်ကဲ့သို့ ဆက်ဆံနေပြီဖြစ်ပြီး ကျန်းဟန်

နိမ့်ပါးသွားသည့်ကာလအကြောင်းကို မပြောဘဲ ချန်လှပ်ထားခဲ့သည်။

ကျန်းလီသည် ထိုစကားကိုကြားပြီးနောက် သူမအား မျက်စောင်းထိုးလိုက်သည်။

ကျောက်ဖုန်းသည် ခေါင်းယမ်းကာ ရယ်လိုက်၏။ သူ့ရှေ့ရှိ မုန့်မုန့်၏အန်တီသည် သူ့အား မောင်လေးဟု ခေါ်ခဲ့သော်လည်း သူမ၏အသက်မှာ ထိုမျှအထိမကြီးသေးပေ။ တစ်ဖက်တွင် ကျောက်ဖုန်းသည် ဤစားသောက်ဆိုင်ထဲတွင် သာမန်လူတစ်ယောက်ကဲ့သို့သာ ပြုမူဆက်ဆံသဖြင့် ထိုသို့ခေါ်ဆိုခြင်းကို မည်သို့မျှ စိတ်ထဲမထားပေ။

သို့သော်လည်း ကျိုးဖေး၏နောက်ဆုံးစကားလုံးအနည်းငယ်က ကျောက်ဖုန်းကို ရုတ်တရက်နားလည်သွားစေပြီး "ဒါဆို သူ့ဌေးက ပေကျင်းရဲ့ သခင်လေးလေးယောက်ထဲက

တစ်ယောက်ပေါ့။ ဒါပေမဲ့ သူ့ငွေးရဲ့စွမ်းအားနဲ့ဆိုရင် ဘယ်သူမှသူ့ကို ရန်စရဲမှာမဟုတ်ဘူး”

ဘယ်လိုပြက်လုံးမျိုးလဲ? သူ့ငွေးရဲ့ ကျွမ်းကျင်မှုက အထူးတပ်ဖွဲ့မှာ ထိပ်ဆုံးသုံးယောက်ထဲပါတဲ့ သူ့ကိုတောင် တစ်ချက်တည်းနဲ့ အနိုင်ပိုင်းသွားခဲ့သည်။

သို့သော် ကျန်းလီ၏နောက်ထပ်စကားက ကျောက်ဖုန်းကို ကြောင်အ သွားစေသည်။

“ငါ့အစ်ကိုက အဲ့လောက်မဟုတ်ပါဘူး” ကျန်းလီ နှုတ်ခမ်းကိုတွန့်က ခပ်ဖွဖွရယ်လိုက်ပြီး “အဲဒီတုန်းက ငါ့အစ်ကိုက ပေကျင်းရဲ့ နံပါတ်တစ်သခင်လေး လျှိုထန်းနန်နဲ့ ရန်ဖြစ်ကြပြီး သူဒဏ်ရာရသွားတယ်လေ။ ပြီးလည်းပြီးရော ငါ့အစ်ကိုက သူ့အတွက် သက်တော်စောင့် ငါးယောက်တောင် ခေါ်ပါလေရော”

“အဟွတ် အဟွတ်....”

ကျောက်ဖုန်းသည် အသက်ရှုကြပ်လာသလိုခံစားလိုက်ရပြီး အနည်းငယ်ချောင်းဆိုးလိုက်သည်။ သူ့ကိုယ်သူတည်ငြိမ်အောင်လုပ်လိုက်ပြီးနောက် အသံတိုးတိုးလေးဖြင့် ရေရွတ်လိုက်သည်။ “နဂါးတွေ ကျားတွေ ပုန်းအောင်းနေတာပဲ။ ပေကျင်းက ဖုံးကွယ်ထားတဲ့အရည်အချင်းတွေပိုင်ဆိုင်ထားတဲ့ မြို့တစ်မြို့ပါလား.....”

ကျန်းဟန်၏အခြေအနေသည်ပင် ကျောက်ဖုန်းအား သူ၏ရှေ့တွင် မူလတန်းကျောင်းသားလေးတစ်ယောက်ကဲ့သို့ ခံစားရစေပြီးဖြစ်သည်။ သို့သော် ယခု သူ့ထွေးထက်ပင် အားကောင်းသည့်သူအကြောင်းကို ကြားလိုက်ရသည့်အတွက် ကျောက်ဖုန်းမှာ မတုန်လှုပ်ဘဲမနေနိုင်ပေ။

လက်ရှိကျန်းဟန်သည် နှစ်ပေါင်းငါးရာပင်ကျင့်ကြံလာခဲ့သည့်

မွှန်းစတားတစ်ကောင်ဖြစ်သည်။ ချီသန့်စင်ခြင်းအဆင့်မျှသာရှိသေးသော်လည်း သာမန်သေမျိုးလူသားများ ယှဉ်ပြိုင်နိုင်သည့်အရာမဟုတ်ချေ။

ကျန်းလီ၏ ထိုစကားများက ကျောက်ဖုန်းကို အလွန်နက်ရှိုင်းစွာ နားလည်မှုလွဲသွားစေခဲ့သည်။ တွေးကြည့်ရုံနှင့်ပင် ကြောက်ဖို့ကောင်းလွန်းသည်ဟု ခံစားလိုက်ရသည်။ သူ့ဒွေးထက်ပင် အားကောင်းသည်ဆိုတာက မိုးကောင်းကင်ကိုပင် ရန်စသွားနေပြီဆိုသည့်အဓိပ္ပာယ်မဟုတ်လော။

ထိုအကြောင်းအရာကိုကြားလိုက်ရပြီးနောက် ကျောက်ဖုန်းသည် နောက်ထပ်ဘာမှမေးချင်စိတ်မရှိတော့ချေ။

သူတို့စကားပြောနေကြစဉ်ပင် ကျန်းဟန်သည် မင်းသမီးလေးကို ပွေ့ချီကာ အောက်သို့ဆင်းလာသည်။ သူ၏နောက်တွင် လှပကြော့ရှင်းသည့် ဧယန် ပါလာသည်။

သူမသည် လခြမ်းတောင်သို့ သွားမည်ဖြစ်သောကြောင့် ဇီယန်သည် ဆံပင်ကို ဖြီးသင်ပြီး ကျစ်ဆံမြီးကျစ်လိုက်သည်။

ကျောက်ဖုန်းသည် ဇီယန်ကို တွေ့လိုက်ရသည့်အခါ ကြောင်အနေမိသည်။

သူအနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ သူမဇီယန်ဖြစ်သည်ဟု အလွန်းရင်းနီးစွာ သူခံစားမိပြီး သူမ၏နာမည်ကို အလွယ်တကူပြောနိုင်ပေသည်။ သို့သော် ယခုတော့ သူအလွန်ခေါင်းရှုပ်နေသဖြင့် ထုတ်မပြောနိုင်ဖြစ်နေသည်။ ဤခံစားချက်က သိပ်တော့ အဆင်မပြေလှပေ။

ရုတ်တရက် ကျောက်ဖုန်း၏မျက်လုံးများမှာ လင်းလက်တောက်ပသွားကာ နံရံပေါ်တွင် အသစ်လဲထားသော ဇီယန်၏ဓာတ်ပုံနှစ်ပုံကို လှည့်ကြည့်လိုက်ပြီး တဖြည်းဖြည်း မျက်လုံးပြူးလာကာ အော်လိုက်သည်။

"ဇီယန်လား? အဲဒီ....သူဌေးရဲ့အမျိုးသမီးက ဇီယန်လား?"

"အဲ့ဒါက ဘာတွေများအံ့သြစရာရှိလို့လဲ?" ကျန်းလီသည် ကျောက်ဖုန်းအား စိုက်ကြည့်လိုက်သည်။

"ဟုတ်ပါတယ် ဟုတ်ပါတယ်" ကျောက်ဖုန်း ရှုံ့မဲ့သွားပြီး ခေါင်းယမ်းလိုက်သည်။

ကျန်းဟန်ကို တွေ့ခဲ့ပြီးနောက် ဘာကြောင့် သူ၏စိတ်ခံစားတ်မှာ အလွန်ပျော့ညံ့လာရသနည်း။ ယခင်က ထန်ကျန့်၏ဖိအားအောက်တွင်ပင် သူ၏စိတ်ကို တည်ငြိမ်အောင် ထိန်းထားနိုင်သည့် ကျောက်ဖုန်းမှာ ဘယ်ရောက်သွားသနည်း။

သူ၏လက်ထဲမှ လက်သုတ်အဝတ်ကိုချလိုက်ပြီး ရှေ့ကိုလျှောက်သွားကာ ကျန်းဟန်အားပြုံးပြလိုက်သည်။ ထိုနောက် ဇီယန်ကိုကြည့်ကာ ပြောလိုက်သည်။ "မင်္ဂလာပါ သူဌေးကတော်။ မစ္စဇီယန်က ဒီနေရာရဲ့

ပိုင်ရှင်ဖြစ်လိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မထင်ခဲ့မိဘူး"

"မင်္ဂလာပါ"

ဇီယန် ခေါင်းညိတ်ပြလိုက်သည်။

"ဟမ့် ဟမ့်။ မုန့်မုန့်ပြောသွားပဲ သမီးရဲ့မေမေက အရမ်းလှပါတယ်လို့"

မုန့်မုန့်သည် ကျန်းဟန်၏ရင်ခွင်ထဲမှ နှုတ်ခမ်းလေးစူရင်း ပြောလိုက်သည်။

"ဟားဟားဟား..."

ကျောက်ဖုန်း ရယ်လိုက်ပြီး "ဟုတ်တာပေါ့။ မုန့်မုန့်ပြောတာ အမှန်ပဲ။ သမီးရဲ့မေမေက အရမ်းလှတယ်။ မုန့်မုန့်ကလည်း အရမ်းလှတာပဲ"

"ဟီးဟီးဟီး..မုန့်မုန့်လည်း အရမ်းလှတယ်။ မေမေ့လိုပဲ" မုန့်မုန့်သည် ပျော်ရွှင်စွာ ပြုံးလိုက်သည်။

နှုတ်ဆက်လိုက်ပြီးနောက် ကျန်းဟန်သည် မုန့်မုန့်ကို ချီကာ ထွက်လာသည်။ ဇီယန်သည် ဇနီးလေးတစ်ယောက်ကဲ့သို့ သူ၏နောက်မှ လိုက်လာသည်။ သူမ၏လက်ထဲတွင် မုန့်မုန့်ပြင်ဆင်လာသည့် အဝေးထိန်းလေယာဉ်လေးထည့်လာသည့် အိတ်နှင့် သူမကိုယ်တိုင် ထားသည့် ပါရာဆိုထီး၊ ဦးထုပ်၊ အဝတ် စသဖြင့် ပစ္စည်းအနည်းငယ်ပါသည်။

"အိမ်တွင် အမျိုးသမီးမရှိဘဲ မနေနိုင်ဘူး" ဆိုသည့် ရှေးလူကြီးတို့၏စကားရှိသည်။

ကျန်းဟန်သည် ဦးထုပ်၊ ထီးကဲ့သို့သော အရာများကို တစ်ခါမှ မစဉ်းစားခဲ့ဖူးပေ။ လခြမ်းတောင်၏ အပူချိန်နှင့် စိုထိုင်းဆသည့် သက်သောင့်သက်သာအရှိဆုံးဖြစ်သော်လည်း နေရောင်ခြည်နှင့် အချိန်အတော်ကြာ ထိတွေ့မိပါက သူ၏အသားအရေကို ထိခိုက်စေနိုင်သေးသည်။

"အိုး..သူဌေး ငါးသားပေါက်တွေနဲ့ တခြားပစ္စည်းတွေ ဒီကို မကြာခင်ရောက်မယ်။ နောက်မှ ငါ လခြမ်းတောင်ကို တစ်ခါတည်းတန်းပြီး ယူသွားလိုက်ရမလား?" ကျောက်ဖုန်းသည် ကျန်းဟန် စားသောက်ဆိုင်မှ ထွက်သွားတော့မည်ကို တွေ့လိုက်သဖြင့် လျင်မြန်စွာ ပြောလိုက်သည်။

"ကောင်းပြီ"

ကျန်းဟန် စကားတစ်ခွန်းသာ ပြန်ပြောပြီး တံခါးကိုတွန်းကာ ထွက်သွားလေသည်။ ပန်ဒါကားလေး၏ဘေးတွင် ဇီယန်သည် မုန့်မုန့်ကို သူမ၏လက်ထဲတွင် ပွေ့ချီလိုက်သည်။

ကျန်းလီနှင့် ကျိုးဖေးတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ လခြမ်းတောင်ဆီသို့ စပ်စုလိုစိတ်များကို တစ်ယောက်မျက်လုံးအတွင်း တစ်ယောက် ကြည့်နေလိုက်ကြသည်။

သူမတို့လည်း သွားချင်ပေမယ့် မီးသီးလုံးများဖြစ်သွားမည်ဟု ခံစားကြရသည်။ တစ်မနက်ခင်းလုံး အကြိတ်အနယ်ဆွေးနွေးပြီးနောက် မီးသုံးလုံးဘဝကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ကြသည်။

လခြမ်းတောင်ကို ဘယ်တော့သွားမှာလဲ?" ကျန်းလီသည် ကျောက်ဖုန်းကိုကြည့်ကာ မေးလိုက်သည်။

"တစ်နာရီလောက် ကြာရင်ပေါ့"

"ဒါဆို ကျွန်မတို့ အတူသွားကြရအောင်" ကျိုးဖေး ပြုံးကာပြောလိုက်သည်။

"ဒါပေမဲ့....."

ကျန်းလီ ရုတ်တရက် တုံ့ဆိုင်းသွားပြီး "ကျွန်မတို့အားလုံးသွားရင် စားသောက်ဆိုင်ကို ဘယ်သူကြည့်မှာလဲ?"

"ဒါက…"

ကျိုးဖေးအနည်းငယ်ကြောင်အသွားသည်။ သူမ ဤမေးခွန်းကို မမျှော်လင့်ထားပေ။

"နောက်မှ စားသောက်ဆိုက်ကို စောင့်ဖို့ တစ်ယောက်ယောက်ခေါ်လိုက်ပါ့မယ်"

ကျောက်ဖုန်း ခေါင်းယမ်းကာ ရယ်လိုက်ပြီး ပြဿနာကို ကောင်းစွာဖြေရှင်းပေးလိုက်သည်။

မကြာလိုက်ခင်မှာပင် ကျန်းလီ၏မ Maserati GT ကို စက်မှုပညာရှင် မောင်းနှင်လာခဲ့သည်။ ကားသော့များနှင့် လုပ်ထုံးလုပ်နည်းများ အဆင်သင့်ဖြစ်သွားပြီးနောက် ကားသည် ကျန်းလီ၏အပိုင်ဖြစ်လာခဲ့သည်။ နာရီဝက်အကြာတွင် ကျောက်ဖုန်း၏ငယ်သားနှစ်ဦး စားသောက်ဆိုင်သို့ ရောက်လာ၏။

ထိုနှစ်ယောက်မှာ ကျောက်ဖုန်း၏လက်အောက်မှလူများဖြစ်ကြသည်။

ရုံဟဲဂိုဏ်း၏ခေါင်းဆောင်မှာ ထန်ကျန့်ဖြစ်သော်လည်း ထန်ကျင့်၏လက်အောက်တွင် ခေါင်းဆောင်အနည်းငယ်ရှိပြီး ခေါင်းဆောင်တစ်ယောက်စီတွင် သစ္စာရှိလက်အောက်ခံများရှိကြသည်။

ကျောက်ဖုန်းတွင် လက်အောက်ငယ်သားဦးရေအနည်းဆုံးဖြစ်သော်လည်း ထိုအနည်းငယ်မှာလည်း သိပ်မဆိုးကြပေ။

"အစ်ကိုဖုန်း ကျွန်တော်တို့ရောက်ပါပြီ"

နှစ်ယောက်လုံးသည် အသီးသီးနှုတ်ဆက်လိုက်ကြပြီး စားသောက်ဆိုင်အတွင်းသို့ ဝင်လာသည်။

ထိုမြင်ကွင်းကိုတွေ့လိုက်သည့်အခါ ကျန်းလီနှင့် ကျိုးဖေးတို့သည် ကျောက်ဖုန်းအား ထူးဆန်းစွာကြည့်လိုက်ကြသည်။ ကျိုးဖေးသည်တော့ ကျောက်ဖုန်းမှာ သာမန်လူတစ်ယောက်မဖြစ်နိုင်ဟုသာ ခံစားမိသည်။ ကျန်းလီသည်တော့

အဆင့်အတန်းမြင့်သည့်နေရာမှ လာသည့် သခင်မလေးဖြစ်သည့်အတွက် ထိုမြင်ကွင်းကိုကြည့်ပြီး ဤကျောက်ဖုန်းသည် မြေအောက်ဂိုဏ်းအချို့နှင့် ဆက်စပ်နေလိမ့်မည်ဟု ခံစားမိသည်။

သို့သော်ငြား သူမတို့နှစ်ယောက်လုံး ဘာမှမပြောကြပေ။ ကျန်းလီသည် ကျိုးဖေးကိုခေါ်ကာ Marserati ကားသစ်ကြီးကိုမောင်းနှင်ပြီး ကျောက်ဖုန်းသည် လခြမ်းတောင်သို့မသွားခင် ငါးမျိုးပေါက်များသွားယူရန် သူ၏ကားဆီသို့ သွားလိုက်သည်။

အခြားတစ်ဖက်တွင်။

ကျန်းဟန်သည် လခြမ်းတောင်ခြေသို့မောင်းနှင်သွားပြီးချိန်တွင် ကားကို ပါကင်ထိုးလိုက်ပြီး မိသားစုသုံးယောက် တောင်ပေါ်သို့ လမ်းလျှောက်တက်လာကြသည်။

ထိုအချိန်တွင် ဇီယန်သည် မုန့်မုန့်ကိုချီထားရင်း ရှေ့မှဦးဆောင်နေကာ ကျန်းဟန်သည်တော့ လက်ထဲတွင် အထုပ်များဆွဲလာသည်။ သူသည် သားအမိနှစ်ယောက်နောက်မှ လိုက်လာပြီး သုခဘုံဆီသို့သွားနေကြသည်။

"အ...ရှောင်ပေးရေ ဘယ်ရောက်နေတာလဲ? နင်နဲ့ကစားဖို့ မုန့်မုန့်ဒီမှာ ရောက်နေပြီ"

သစ်တောကို ဖြတ်လာပြီးနောက် နယ်မြေအတွင်းသို့ ရောက်ရှိလာကြသည်။ မုန့်မုန့်သည် နောက်ထပ်မစောင့်နိုင်တော့ဘဲ ရှောင်ပေးအား အော်ခေါ်လိုက်လိုက်၏။

နူးညံ့သိမ်မွေ့သည့်အသံလေးသည် နယ်မြေအတွင်း၍ ပဲ့တင်ထပ်သွားသည်။

“အဝု…အာဝု..အဝု”

တောင်၏အနောက်ဘက်ဆီမှ ရှောင်ပေး၏ တက်ကြွသည့်အသံ ထွက်ပေါ်လာသည်။

ထွက်ပေါ်လာသည့်အသံနှင့်အတူ တောင်ထိပ်ရှိ ယန်မိုးကြိုးသစ်ပင်၏အောက်မှ ရှောင်ပေးသည် လျင်မြန်စွာပြေးထွက်လာသည်ကို မြင်နိုင်ပေသည်။ ရှောင်ပေး၏အရှိန်မှာ အလွန်လျင်မြန်ပြီးသူ၏အနက်ရောင်နှင့်ရွှေရောင်အမွေးများမှာ လေထဲတွင် ပျံ့ဝဲကာ အလွန်လှပသည် မြင်ကွင်းကို ဖြစ်ပေါ်လာစေသည်။

“ငါလာပြီ”

မုန့်မုန့်သည်လည်း ပျော်ရွှင်စွာ ခြေလှမ်းသေးသေးလေးများဖြင့် ပြေးထွက်သွားသည်။

ရှောင်ပေးသည် အလွန်လျင်မြင်စွာပင်ရောက်ရှိလာပြီး မုန့်မုန့်သည်

သူတို့အလွန့်အလွန်နီးကပ်လာသည်ကိုတွေ့လိုက်သည့်အခါ သူမလေးအနည်းငယ် စိတ်မရှိည်တော့ပေ။ သူမလေးသည် ရှောင်ပြေးရောက်ပြီဟုယူဆကာ မြေပြင်ပေါ် ပစ်လှဲချလိုက်သော်လည်း နောက်ဆုံးတွင်တော့.....

ဖလက်....

မုန့်မုန့်သည် မြေပြင်ပေါ်သို့ လဲကျသွားသည်။ မြေပြင်တွင် မြင်ပင်များထူထဲစွာရှိနေသဖြင့် သူမလေး မြေပေါ်လဲကျသွားသည်ပင်လျှင် မည်သို့မျှ မထိခိုက်ချေ။

“အယ်?”

မုန့်မုန့်သည် သူမ၏အောက်ရှိ မြင်ခင်းပြင်ကို ခံစားမိပြီး သူလေး၏နူးညံ့ပျော့ပြောင်းသော လက်ဖဝါးလေးကို ဆန့်ထုတ်လိုက်သည်။ သူမသည် သံသယစိတ်ဖြင့် မြက်ခင်းပြင်ကို ပုတ်ကြည့်လိုက်သည်။ သူမလေး၏ကြည်လင် ကြီးမားသော မျက်လုံးကြီးများက ရှောင်ပြေး သူမဆီသို့ ပြေးလာနေသည်ကို တွေ့လိုက်ရပြီး

"အာ...ဒါက ရှောင်ပေါ့ရဲ့ဗိုက်လည်းမဟုတ်ဘူး" ဟု ကလေးသံလေးဖြင့် ပြောလိုက်သည်။

ပြောပြီးသည်နှင့် မုန့်မုန့်သည် တွားသွားလိုက်သည်။ ထိုအချိန်တွင် ရှောင်ပေါ့မှာ သူမ၏ရှေ့သို့ ရောက်နေပြီဖြစ်၍ မုန့်မုန့်သည် နှုတ်ခမ်းလေးစူကာ ရှေ့သို့တိုးသွားသည်။

"အာဝူ..."

ရှောင်ပေါ့၏ကိုယ်သည် အလျှင်အမြန် ပက်လက်လှန်လိုက်ပြီး သူ၏ဝမ်းဗိုက်ဖြင့် မုန့်မုန့်ကို တိကျစွာ ဖမ်းယူလိုက်သည်။

ထိုတော့မှ မုန့်မုန့်သည် ကျေနပ်သွားပြီး ရှောင်ပေါ့၏ဗိုက်ကို ပွတ်သပ်ကာ ပြုံးလိုက်ပြီး မတ်တပ်ထရပ်၍ ရှောင်ပေါ့နှင့်တောင်ထိပ်သို့ ပြေးသွားသည်။

မုန့်မုန့်၏ပုံစံကိုကြည့်ပြီး ဇီယန်ပြုံးလိုက်ကာ ခေါင်းယမ်းရင်း ပတ်ဝန်းကျင်ကို

မျက်လုံးကစားကြည့်လိုက်သည်။ သူမ၏အကြည့်များမှာ အံ့သြမှုများဖြင့် ပြည့်နှက်သွားပြီး
“ဒီနေရာရဲ့ ရှုခင်းက အရမ်းလှတာပဲ။ ပြီးခဲ့တဲ့ညတုန်းက ကျွန်မ သေချာမတွေ့လိုက်ရဘူး”

ဇီယန်၏ဘေးတွင် ရပ်နေသည့် ကျန်းဟန်သည် လှည့်ပတ်ကြည့်လိုက်ပြီး နူးညံ့စွာပြောလိုက်သည်။
“ဒီနေရာက အနာဂတ်ကျရင် ပိုပြီးတော့ လှပလာလိမ့်မယ်”

-C 91 End

wunzinnosp

## အပိုင်း(၉၂)

ဇီယန်၏မျက်လုံးများမှာ အနည်းငယ် ထိတ်လန့်သွားသည်။

အနာဂတ်ကျရင် ပိုပြီးလှလာမှာလား? ဘာကိုဆိုလိုတာလဲ? ပြောချင်တာက အနာဂတ်မှာ ဒီနေရာက ပိုပြီးလှပလာရုံမကဘဲ မုန့်မုန့်ရယ် ငါရယ်နဲ့ ဆက်ဆံရေးကို ပိုပြီးကောင်းမွန်လာမယ်လို့ ပြောချင်တာပေါ့။ သူက ငါ့ကို ပိုးပန်းဖို့ အဆင်သင့်ဖြစ်နေပြီလား?

တစ်ခါတစ်ရံ ဇီယန်၏ဦးနှောက်မှာ အတော်လေးကြီးမားသည်။ ကျန်းဟန်နှင့် ရ၍်ဆိုင်ရသည့်အခါ သူမ၏ နှလုံးသားထဲမှ တည်ငြိမ်မှုများကို မထိန်းနိုင်တော့ဘဲ သူ၏စကားကြောင့် သူမ၏အတွေးများ အမြဲတမ်း မှောင်မိုက်ညစ်ညမ်းသွားစေခဲ့သည်။

၎င်းကိုတွေးနေရင်းဖြင့် ဇီယန်၏အကြည့်သည် ပန်းပင်လယ်လေးပေါ်သို့ ရုတ်တရက် ရောက်ရှိသွားသည်။

“ဟမ်?”

ဇီယန် အနည်းငယ်အော်လိုက်မိပြီး ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသည်။

သူမနီးကပ်လာသည်နှင့်အမျှ လေထဲတွင် ပန်းပွင့်များ၏မွှေးရနံ့များက ပျံ့လွင့်လာပြီး ဇီယန်မှာ အနည်းငယ်သတိလက်လွတ်ဖြင့် အသက်ပြင်းပြင်းရှူရှိုက်လိုက်မိသည်။ ပို၍ နီးလာလေလေ သူမ၏မျက်လုံးများ ပို၍ ပြုးကျယ်လာလေလေဖြစ်ပြီး အနားသို့ရောက်သည့်အခါတွင် ထိတ်လန့်စွာဖြင့် သူမ၏ပါးစပ်မှာ အနည်းငယ် ပွင့်ဟသွားသည်။

ကံကောင်းစွာဖြင့်ပင် သူမသည် လျင်မြန်စွာတုံ့ပြန်နိုင်ခဲ့ပြီး သူမ၏အနီရောင် နှင်းဆီနှုတ်ခမ်းလေးကို လက်ဖြင့်အုပ်လိုက်သည်။ သူမ၏လှပသည့် သမင်မျက်လုံးလေးများက ကျန်းဟန်အားစိုက်ကြည့်နေပြီး သူမ၏မျက်ဝန်းများအတွင်း၌ အံ့ဩထိတ်လန့်နေမှုများကို တွေ့နိုင်ပေသည်။

“ဘုရားရေ...ကျန်းဟန် ဒါတွေ့အကုန်လုံးက ပန်းအစစ်တွေလား?”

ဇီယန် ထိတ်လန့်စွာ မေးလိုက်သည်။ “ပန်းအတုတွေ ဖြစ်နိုင်လို့လား?” ကျန်းဟန် ရယ်ရမလား ငိုရမလားမသိတော့ဘဲ ပြန်ပြောလိုက်သည်။

“ဒါက သစ်ခွလား? အရမ်းလှတာပဲ။ အရောင်ကလည်း စိုနေတာပဲနော်။ ပုံမှန်အရောင်တွေနဲ့ တော်တော်လေးကွဲတယ်”

ဇီယန်သည် သူမ၏ရှေ့ရှိ သစ်ခွပန်းခြုံလေးကို ကြည့်ကာ ပြောလိုက်သည်။

“အင်း အဲဒါ သစ်ခွမျိုးစုံလေ”

“ဒါက ဘာပန်းလဲ?” ဇီယန်သည် သူမ၏ညာဘက်မှ ပန်းကို လက်ညှိုးထိုးပြကာ မေးသည်။

ပန်းပွာ မိုးမခသစ်ရွက်ကဲ့သို့ ပွင့်ဖက် ခြောက်ခုရှိပြီး သွယ်လျလှပသည်။ ပွင့်ဖတ်များသည် တစ်ခုနှင့်တစ်ခု ဖြတ်သန်းနေပြီး အလွန်လှပသည်။

"အဲဒါက ဟိုင်ယာဆင့်"

"ဒီပန်းက ဘာပန်းလဲ? အရမ်းလှတယ်" ဇီယန်သည် ရှေ့သို့ ခြေလှမ်းအနည်းငယ်လှမ်းရင်း အခြားပန်းအမျိုးအစားတစ်ခုကို တွေ့သည့်အခါ မေးလိုက်ပြန်သည်။

ထိုနေရာရှိပန်းများမှာ အဖြူနှင့်အဝါရောင်ဖြစ်ပြီး လေပန်ကာကဲ့သို့ခပ်ဆင်ဆင်ရှိကာ အပွင့်ငါးပွင့်ပါရှိသည်။

"အဲဒါက ကြက်ဥပန်း"

"ဒါက ဘာပန်းလဲ?"

"အဲဒါက..."

ကျန်းဟန်သည် ဇီယန်မေးသမျှကို ပန်းပွင့်ပါရဂူတစ်ယောက်ကဲ့သို့ ရှင်းပြနေသည်။

"ဝိုး...လှလိုက်တဲ့ နှင်းဆီပန်းတွေ"

ဇီယန်သည် ရှေ့နားရှိ နှင်းဆီပန်းများကို တွေ့လိုက်ပြီး မျက်လုံးများတောက်ပသွားက အမြန်လျှောက်သွားသည်။

အချစ်နှင့် ရိုမန့်၏ သင်္ကေတကဲ့သို့ပင် အမျိုးသမီးများသည် နှင်းဆီများကို အလွန်မြတ်နိုးကြပေသည်။ ဇီယန်မှာလည်း ခြွင်းချက်မဟုတ်ချေ။

"ရောင်စုံရှိတာပဲ။ နှင်းဆီနီ၊ နှင်းဆီဖြူ၊ နှင်းဆီပြာ၊ ခရမ်းရောင်နှင်းဆီ၊ ပန်းရောင်နှင်းဆီ၊ ခရင်ရောင်နှင်းဆီ၊ နှင်းဆီအနက်။ အများကြီးပဲ...လှလိုက်တာ" ဇီယန်သည် ကြည်နူးအံ့သြစွာ ပြောလိုက်သည်။

သူမ၏အမူအရာကိုမြင်သည့်အခါ ကျန်းဟန်ပြုံးလိုက်မိသည်။

မူလက တောင်ပေါ်တွင် နှင်းဆီနီတစ်မျိုးတည်းသာရှိသော်လည်း နယ်မြေပြန်လည်မွမ်းမံချိန်တွင် ကျွန်းဟန်သည် နှင်းဆီပန်းအချို့ကို တမင်သက်သက် ကူးယူပြီး သူတို့၏အရောင်များကို ပြောင်းလဲလိုက်ခြင်းဖြစ်သည်။ ယန်မိုးကြိုးသစ်ပင်အတွက် နှင်းဆီရောင် ချိန်ညှိခြင်းသည် သဘာဝကျကျပင် လွယ်ကူသည့်အလုပ်တစ်ခုဖြစ်သည်။

"အရမ်းလှတာပဲ။ အင်္ဂလန်က ဂျူးလီးယက်နှင်းဆီတောင် ဒီလောက်ပဲရှိမှာကို ကြောက်မိတယ်။ ဒါတွေက ကျွမ်းမြင်ဖူးသမျှထဲမှာ အလှဆုံးနှင်းဆီပန်းတွေပဲ" ဇီယန် ခေါင်းယမ်းကာ ညည်းတွားလိုက်သည်။ ပန်းခူးချင်သည့်အတွက် သူမ၏လက်ဖဝါးလေးကို ညင်သာစွာ ဆန့်ထုတ်လိုက်သော်လည်း သူမ ခူးလိုက်ရန် ဝန်လေးနေမိသည်။ သူမသည် ခဏလောက်ကိုင်ကြည့်ရုံသာကိုင်လိုက်ပြီး ခေါင်းကို

အနားကပ်သွားကာ မျက်လုံးလေးများမှိတ်လိုက်ပြီး ပန်းကလေးများကို ပြင်းပြစွာ နမ်းရှိုက်လိုက်သည်။

ဤအခိုက်အတန့်လေးသည် အလွန်ပင် ကဗျာဆန်လွန်းနေပြီး ပန်းပွင့်များကလှပနေသလို ဇီယန်မှာ ပို၍ပင် လှပနေပေသည်။

"ဂျူးလီယက်နှင်းဆီလား?"

ကျန်းဟန် ခဏလောက် ကြောင်သွားပြီး ဂျူးလီယက်နှင်းဆီအကြောင်းကို ပြန်စဉ်းစားလိုက်သည်။

ဂျူးလီယက်နှင်းဆီကို ၁၉၇၈ ခုနှစ်တွင် ဒေးဗစ်ဩစတင်က မျိုးစပ်ဖန်တီးခဲ့သည်။ ပန်းပွင့်ရန်သက်တမ်း ဆယ့်ငါးနှစ်ကြာမြင့်ခဲ့ပြီး အရောင်မှာ မက်မွန်ရောင်ရှိကာ အလွန်လှပပြီး ရှားပါး တန်ဖိုးကြီးသည်။ ထိုပန်းမှာ စတာလင်ပေါင် ၃ သန်းပင် တန်ကြေးရှိသည်။ ကျန်းဟန်သည် ယခင်က ဂျူးလီယက်နှင်းဆီအကြောင်းကို ဖတ်ခဲ့ဖူးသောကြောင့် ၎င်းတို့၏ပုံသဏ္ဍာန်ကို သိရှိပေသည်။

(T/N – Juliet Rose အကြောင်းကို မူရင်း Novel မှာ သက်တမ်း ၁၅ နှစ်ရှိပြီး တန်ဖိုးကြီးမားတယ် ဆိုတာပဲပါပါတယ်။ ကျွန်တော် အဲ့နှင်းဆီပန်းအကြောင်း ပြန်ရှာကြည့်ပြီး ဗဟုသုတရအောင် နည်းနည်းလေး ဖြည့်စွက်လိုက်ပါတယ်။ မလိုအပ်ဘဲ စာအရမ်းရှည်သွားမှာစိုးလို့ အများကြီးမထည့်တော့ပါဘူး။ စိတ်ဝင်စားရင် torontoflora ဝဘ်ဆိုဒ်မှာ သွားပြီး ရှာဖတ်လို့ရပါတယ်)

ကျန်းဟန် ထိုအကြောင်းကို စဉ်းစားလိုက်ပြီးနောက် နောက်တစ်ကြိမ်နယ်မြေပြောင်းလဲခြင်းဖြစ်စဉ်စသည့်အချိန်တွင် စိုက်ပျိုးနိုင်သည်ဟု ခံစားလိုက်ရသည်။ ပြောရလျှင် ဤနေရာရှိပန်းများမှာ အရည်အသွေးအမြင့်ဆုံးပန်းများပင်ဖြစ်မဟုတ်ပါလား....။

ကျန်းဟန် ပြုံးကာ ခေါင်းယမ်းလိုက်ပြီး "လခြမ်းတောင်က နှင်းဆီပန်းတွေက ဂျူးလီယက်နှင်းဆီထက်ပိုကောင်းတယ်"

လခြမ်းတောင်၏နှင်းဆီပန်းများသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်နေပြီးသားဖြစ်သော်လည်း ပုံသဏ္ဍာန်အရတွင် ပွင့်ဖတ်များစွာရှိသော ဂျူးလီယက်ပန်းသည် ထူးခြားသည့်အလှကို ပိုင်ဆိုင်ထားသည်။ နောက်ဆုံးတွင် ပေါင်း ၃ သန်းတန်ပန်းမှာ ပေါ့သေးသေးမဟုတ်ပေ။

"နှင်းဆီပန်းတွေက လှလိုက်တာ" ဇီယန်သည် လှပသည့်မျက်လုံးလေးများဖြင့် ကျန်းဟန်ကို စိုက်ကြည့်ရင်း နှုတ်ခမ်းလေးကိုကိုက်လိုက်သည်။ ရှည်လျားကော့စင်းနေသည့် မျက်တောင်လေးများကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ပြီး တိုးတိုးလေး ပြောလိုက်သည်။ "မိန်းကလေးတစ်ယောက်ကို လက်ဆောင်ပေးရင် သေချာပေါက်ကို သဘောကျသွားမှာ"

သူမ၏စကားများတွင် ခါးသက်သည့်အရိပ်အယောင်များ အမြဲတမ်းပါရှိနေသည်။

ဒီလောက်လှတဲ့နှင်းဆီပန်းကို သူက ဘာလို့တစ်ပွင့်လောက်တောင် ခူးမပေးချင်ရတာလဲ?

သူ ငါ့ကို အလေးအနက်မထားလို့များလား? ဒါမှမဟုတ် အချိန်ကောင်းမဟုတ်သေးလို့ နောက်မှပေးချင်တာလား?

သူမ၏စိတ်ထဲတွင် ထိုသို့တွေးမိကာရှိသေးသည်။ သူမရှေ့ရှိ ကျန်းဟန်၏စကားများသည် ရေအေးအေးကြီးဖြင့် ပက်ချလိုက်သည်။ သူသည် ပေါ့ပေါ့ပါးပါးပင် ရယ်လိုက်ပြီး "ဘယ်သူကမှ ဒီပန်းတွေကို လက်ဆောင်အဖြစ်ယူချင်ကြမှာမဟုတ်ဘူး။ ဒါကြောင့် ဒီပန်းတွေကို ဘယ်သူမှလည်း ဂရုမစိုက်ကြတာ" ဟု ပြောချလိုက်သည်။

ဇီယန်၏အမူအရာမှာ အေးခဲသွားပြီး ကျန်းဟန်အား အူကြောင်ကြောင်ဖြင့် စိုက်ကြည့်နေမိသည်။

ကျန်းဟန်သည်လည်း တစ်ချိန်တည်းမှာပင် အနည်းငယ်ထိတ်လန့်သွားကာ သူ၏စကားများမှာ အနည်းငယ် လွဲမှားနေသည်ဟု ဖျက်ခနဲ ခံစားလိုက်ရသည်။

ဇီယန် တစ်စုံတစ်ရာ ပြောလိုက်ချင်သော်လည်း ယန်မိုးကြိုးသစ်ပင်အောက်သို့အောက်နေပြီဖြစ်သော မုန့်မုန့်သည် သူမ၏လက်ကလေးကို ဝှေ့ယမ်းကာ အော်လိုက်သည်။

"အိုက်ယား...ဖေဖေ နဲ့ မေမေ မြန်မြန်လာလေ။ အရမ်းနွေးတာပဲ....မုန့်မုန့် စောင့်ရတာ အရမ်းကြာနေပြီ"

မုန့်မုန့်၏ခေါ်သံကို တုံ့ပြန်သည့်အနေဖြင့် ဇီယန် အနည်းငယ်မေးငေါ့လိုက်ပြီး မုန့်မုန့်ဆီသို့ လျှောက်သွားလိုက်သည်။

ကျန်းဟန် ပြုံးကာ ခေါင်းယမ်းလိုက်ပြီး သူမနောက်မှ လိုက်သွားသည်။

ယန်မိုးကြိုးသစ်ပင်အောက်သို့လျှောက်သွားနေရင်း ဇီယန်သည် တောင်နောက်ဘက်ရှိမြင်ကွင်းကို တွေ့လိုက်ရကာ မနေနိုင်ဘဲ အော်လိုက်မိသည်။

"ကျန်းဟန် ရှင် တိရိစ္ဆာန်တွေအများကြီးမွေးထားတာလား? အသီးအနှံတွေလည်း အများကြီးပဲ"

"အာ? အဲ့ဒါတွေအကုန်လုံး ဖေဖေက မုန့်မုန့်အတွက် လုပ်ပေးထားတာ"
မင်းသမီးလေးသည် နှုတ်ခမ်းလေးစူကာ ပြောလိုက်သည်။

မုန့်မုန့်သည် အနည်းငယ် နစ်နာသွားသလိုခံစားလိုက်ရသည်။ ကျန်းဟန်သည် ထိုအရာများအားလုံးကို မုန့်မုန့်အတွက် ရည်ရွယ်၍ ဖန်တီးထားခြင်းဖြစ်ကြောင်း သူမသိပေသည်။ အကယ်၍ မုန့်မုန့်အတွက်သာမဟုတ်ပါက ဤကဲ့သို့လှပသောနေရာတစ်ခု ရှိလာမည်မဟုတ်သည်ကိုလည်း သူမသိပေသည်။

ဇီယန် ထိုစကားကို ကြားလိုက်ရသည့်အခါ ပြုံးလိုက်ပြီး သူမလေး၏ခေါင်းကို ပွတ်လိုက်သည်။ တစ်ချိန်တည်းမှာပင် သူမ မကျေမနပ်ခံစားလိုက်ရသည်။

ထိုအကောင်သည် မုန့်မုန့်အတွက် အရာများစွာလုပ်ပေးခဲ့သော်လည်း သူမအတွက် ဘာမှလုပ်ပေးခြင်းမရှိချေ။ သူသည် သူမအား ပန်းလေးတစ်ပွင့်ပေးရန်ပင် အစီအစဉ်ရှိသည့်ပုံမပေါ်။

အဲ့ဒါ ဘာအဓိပ္ပာယ်လဲ? သူ့မျက်လုံးထဲမှာ ငါက အရည်အသွေးမမှီလို့လား?

ထိုအကြောင်းကိုတွေးလိုက်ရင်း ဇီယန် ရယ်စရာကောင်းသည်ဟု ခံစားလိုက်ရသည်။ တစ်နေ့နေ့တွင် သူမ၏သမီးကို ပြန်၍ မနာလိုဖြစ်ရလိမ့်မည်ဟု ဘယ်တုန်းကမှမတွေးခဲ့မိပေ။

သို့သော် ထိုအကောင်မှာလည်း လွန်လွန်းပါပေဘိ။ အားလုံး သူ့အမှားတွေချည်းသာပင်။ နှစ်ပေါင်းငါးရာ ဝွေးတိုလာတာ နည်းပင်နည်းသေးသည်။

ကျန်းဟန်သည် သဘာဝကျကျပင် ဇီယန်၏စိတ်ထဲ ဘာရှိနေသည်ကို မသိခဲ့ပေ။ သူသည် အချစ်ပညာရှင်ကြီးမဟုတ်သလို ဣတ္ထိယစိတ်ပညာရှင်လည်းမဟုတ်၊ ပီမိုးနင်း၏ မိန်းမစိတ်ကျမ်းလည်း မဖတ်ဖူးချေ။ ထို့ကြောင့် ထို နှစ်ပေါင်းငါးရာဝွေးတိုကောင်သည် ရယ်မောကာဖြင့် သူ့စိတ်ထဲရှိ ပြောချင်ရာပြောချလိုက်သည်။ “ငါတို့ ဒီနေရာက ခုမှပုံစံသွင်းကာစပဲရှိသေးတယ်။ နောက်ဘက်က သီးနှံစိုက်ခင်းကိုကြည့်လိုက်။ အဲဒီမှာ ဥယျာဉ်ခြံလုပ်မယ်။ သီးပင်စားပင်တွေစိုက်မယ်။ ဒီမှာ ငါးမွေးကန်လုပ်ပြီး ငါးသားပေါက်တွေမွေးမယ်။ ဒီသစ်ပင်ရဲ့ရှေ့က မြေကွက်လပ်ကတော့ အနာဂတ်ကျရင် စံအိမ်နည်းနည်းဆောက်ဖို့ လျာထားတာ”

သူပြောလိုက်သည့်အချိန်တွင် ဇီယန်မှာ ကြောင်အသွားသည်။ သူအနည်းငယ် အံ့အားသင့်သွားပြီး သူမ၏လှပသည့်သမင်မျက်လုံးလေးများက စိန်ပွင့်အလား တလက်လက်ဖြင့် ကျန်းဟန်အား စိုက်ကြည့်လိုက်သည်။ “ရှင်ပြောသလိုဆိုရင်တော့ ကျွန်မ ဒီနေရာမှာ ဘာတွေဖြစ်လာမလဲဆိုတာ ကြည့်ချင်သေးတယ်။ ဒါပေမဲ့ ရှင်လုပ်နိုင်ပါ့မလား? ဒါက အရမ်းကြီးတဲ့ ပရောဂျက်ကြီးတစ်ခုပဲ။ ဒီနေရာက အစိုးရပိုင်မြေလေ။ ရှင်က တစ်နှစ်ပဲ ငှားထားတာကို။ ဒီပရောဂျက်ကို တည်ဆောက်ဖို့ဆိုရင် အနည်းဆုံး တစ်နှစ်မက ကြာမှာပဲ”

စကားပြောနေစဉ်တွင် ဇီယန်၏မျက်လုံးများအတွင်း၌ သံသယအရိပ်အယောင်များ ပေါ်လာသည်။ ဒီနေရာရှိ တစ်လက်မတိုင်းသည် ငွေအမြောက်အများတန်ဖိုးရှိပေသည်။ ကျန်းဟန်သည် သူ၏စိတ်ကူးကို အကောင်အထည်ဖော်ရန် ငွေမည်မျှသုံးစွဲမည်နည်း။ ထို့အပြင် အစိုးရအာဏာပိုင်အဖွဲ့အစည်းသည် ဤမြေကို

လေလံတင်လိမ့်မည်ပင် မဟုတ်ချေ။ ၎င်းကို အသုံးပြုခွင့်အတွက် ခွင့်ပြုမိန့်မရှိပါက သူမည်သို့ တည်ဆောက်မည်နည်း။

ဇီယန်သည် ၎င်းကို သူမ၏စိတ်ထဲတွင်တွေးနေသော်လည်း ပထမအကြိမ်အသွင်ပြောင်းလဲခြင်းဖြစ်စဉ်ပြီးနောက်ပင် လခြမ်းတောင်မှာ အလွန်အမင်းပြောင်းလဲသွားခဲ့ပြီဖြစ်ကြောင်း သူမ မသိခဲ့ချေ။ အကယ်၍ လခြမ်းပင်လယ်ကွေ့မြေယာဗျူရိုမှ တစ်စုံတစ်ယောက် ဘာရောက်စစ်ဆေးလျှင် သူတို့၏မျက်လုံးကျွတ်ကျသည်အထိပင် ထိတ်လန့်သွားပေလိမ့်မည်။

ပုံမှန်အခြေအနေဆိုလျှင် မြေယာဗျူရိုမှလူများသည် သုံးလတစ်ကြိမ် ပုံမှန်လာရောက်စစ်ဆေးလိမ့်မည်ဖြစ်သည်။ သို့သော် ကျန်းဟန်သည် ဒါရိုက်တာဝမ်နှင့် ပြဿနာဖြစ်ခဲ့၏။

ထို့ကြောင့် သူသည် လခြမ်းတောင်ကို ဂရုစိုက်ရန် အမြဲစဉ်းစားနေခဲ့သည်။

သို့သော် ကျန်းဟန်သည် သူ့အား လုံးဝဂရုစိုက်ခြင်းမရှိပေ။ ရေကိုပင် အင်အားသုံးကာ တားဆီးနိုင်သကဲ့သို့ ဖြေရှင်း၍ မရနိုင်သည့်အရာ တစ်ခုမျှ မရှိချေ။

ထိုခိုက်အတန့်တွင် ကျန်းဟန်သည် ဇီယန်၏စကားများကို အပြုံးလေးဖြင့် ရင်ဆိုင်လိုက်ပြီး ယုံကြည်မှုရှိစွာ ပြောလိုက်သည်။

“ငါပြောခဲ့တဲ့အရာတွေကို သုံးနှစ်အတွင်း ပြီးအောင်လုပ်နိုင်တယ်။ အဲဒီထက် နည်းနည်းစောရင်တောင် စောလိမ့်မယ်”

ငါးနှစ်အတွင်း ယန်မိုးကြိုးသစ်ပင်သည် နယ်မြေကို အသွင်ပြောင်းလဲခြင်း ၃ ကြိမ်လုပ်နိုင်ပြီး ဒုတိယအကြိမ်ပြောင်းလဲချိန်တွင် ကျန်းဟန်သည် ယခုပြောခဲ့သည့် အရာများအားလုံးကို

ပြီးအောင်လုပ်နိုင်ပေသည်။ သိထားရမည်မှာ ဒုတိယအကြိမ်အသွင်ပြောင်းလဲခြင်းသည် ပထမအကြိမ်ကထက် အဆများစွာ ပို၍ စွမ်းအားအများအပြား ထုတ်လွှတ်ပေးနိုင်သည်။ ပထမနှင့် ဒုတိယ အကြိမ်ပေါင်းခြင်းလောက် မရိုးရှင်းသော်လည်း တတိယအကြိမ် အသွင်ပြောင်းလဲပြီးနောက်တွင် လခြမ်းတောင်သည် စစ်မှန်သည့် ရတနာနယ်မြေတစ်ခုဖြစ်လာပေမည်။

“တကယ်လား?”

ဧယန်သည် နှုတ်ခမ်းများကို ကွေးညွတ်လိုက်ပြီး တောက်ပသည့်မျက်လုံးများဖြင့် ကျန်းဟန်အားကြည့်ကာ ပြောလိုက်သည်။

“ဒါဆို ရှင်ပြောတဲ့အတိုင်း လုပ်နိုင်ဖို့ ကျွန်မစောင့်နေမယ်”

ထိုစကားများသည် ဧယန်အား သူမက သူ့အား စောင့်နေသကဲ့သို့ ခံစားလိုက်ရစေသည်။

အဘယ်ကြောင့်မှန်းမသိ သူမ ကျန်းဟန်နှင့်စကားပြောသည့်အခါ အမြဲတမ်း ပေါ့ပေါ့ပါးပါးရှိနေတတ်သည်။ အနည်းငယ်စဉ်းစားလိုက်ပြီးနောက် တစ်ခါတစ်ရံ သူမ သူ့အား တစ်စုံတစ်ရာ ပြုလုပ်နေသလို ခံစားရစေသည်။

သူ့ကိုကြည့်နေရင်းဖြင့် ဇီယန်၏မျက်လုံးများမှာ မှိတ်တုတ်တုတ်ဖြစ်သွားသည်။ ကျန်းဟန်နှင့် ပို၍ကြာကြာ ထိတွေ့ဆက်ဆံလေလေ သူမစိတ်ထဲတွင် ပို၍ ပေါ့ပေါ့ပါးပါး ရှိလေဖြစ်သည်ဟု စိတ်ထဲတွင် ခံစားမိသည်။

ဒါက အိမ်ဆိုတာရဲ့ခံစားချက်များလား?

"ဖေဖေ မေမေ။ လာလေ… ကစားကြမယ်လေ"

မုန့်မုန့်နှင့် ရှောင်ဟေးသည် အိမ်မွေးတိရိစ္ဆာန်များရှိသည့် နေရာသို့ ပြေးသွားကြသည်။ သခင်မလေးရောက်လာသည်ကိုတွေ့လိုက်သည့်အခါ ထိုခွေးမသားလေးများအုပ်စုသည် ချက်ချင်း

တက်ကြွလာကြသည်။ ခပ်ခွာခွာနေတတ်သည့် ကောင်များပင် မုန့်မုန့်အား လှည့်ပတ်ကစားနေကြသည်။

ဤအချိန်အတွင်းတွင် သူတို့အားလုံး အမုန်တရားကို နားလည်လာကြသည်။

လူတော်လူကောင်းဖြစ်ချင်ပါက သခင်မလေးကို မျက်နှာချိုသွေးရမည်ဖြစ်သည်။ သူတို့၏ "အစ်ကိုကြီး" ရှောင်ဟေး မည်သို့လုပ်ဆောင်နေသည်ကို သူတို့တွေ့မြင်ကြပေသည်။

အစ်ကိုကြီးသည် အမြဲတမ်း ကြမ်းတမ်းခက်ထန်ပြီး သွားကြီးဖြဲပြကာ သူတို့အပေါ် ကောင်းမွန်သည့်သဘောထားမရှိပေ။ သူ၏သွားကြီးများဖြင့် ကိုက်ချီကာ ဘောလုံးတစ်လုံးကဲ့သို့ အပေါ်သို့ပစ်မြှောက်လေ့ရှိသည်။ ၎င်းမှာ အလွန်ကြောက်ဖို့ကောင်းပေသည်။

သို့သော် အစ်ကိုကြီးမှာ သခင်မလေးရှေ့တွင်တော့ အမှန်တကယ်ကွဲပြားခြားနားသွားသည်။ ရှင်ဘုရင်အား ခစားနေသည့် မိန်းမစိုးတစ်ယောက်ကဲ့သို့ပင်။

ရလဒ်အနေဖြင့် ခွေးကလေးများအားလုံးမှာ အလွန်ဉာဏ်ကောင်းလာကြသည်။ သူတို့ မုန့်မုန့်ကို မြင်လိုက်သည်နှင့် အလွန်လိမ္မာသည့်အမူအရာများဖြင့် ပြေးသွားကြရာ မုန့်မုန့်ပင် အနည်းငယ် စိတ်ရှုပ်ထွေးသွားသည်။

"ကျန်းဟန် ခွေးတွေပေါ်မှာ ပိုးမွှားတွေအများကြီးရှိတယ်။ ရှင် အမြဲ ဒီလိုမျိုး မုန့်မုန့်ကို သူတို့နဲ့ ကစားခိုင်းထားတာလား?" ဇီယန်၏မျက်ခုံးများမှာ မြင့်တက်သွားပြီး စစ်ဆေးမေးခွန်းထုတ်သည့်လေသံဖြင့် ပြောလိုက်သည်။

"အဆင်ပြေပါတယ်"

ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် ပြန်ပြောလိုက်သည်။ "သူတို့ပေါ်မှာ ဘာပိုးမွှားမှမရှိတော့ဘူး။ ဒါကြောင့်

သူတို့နဲ့ပတ်သက်ပြီး ဘာမှမစိုးရိမ်နဲ့။ သူတို့ကိုလည်း မင်းတို့သောက်ခဲ့တဲ့ရေကို ငါ တိုက်ထားပါတယ်။ ဘာမှ စိတ်ပူနေစရာမလိုပါဘူး”

-C 92 End

wunzinnosp

## အပိုင်း(၉၃)

“အဲ့ဒါ တကယ်ဖြစ်နိုင်ပါ့မလား?” ဇီယန် တုံ့ဆိုင်းစွာပြောသည်။ နောက်ဆုံးတစ်ခေါက်တုန်းက ကျန်းဟန် ဤစကားပြောခဲ့သည့်အချိန်က ရှောင်ပေး၏အမွေးများမှာ အများနှင့်ခြားနားနေသောကြောင့် သူမ ဘာမှမပြောတော့ချေ။ သို့သော် ဤတစ်ကြိမ်တွင်တော့

အကောင်သုံးဆယ်ကျော်နီးပါးရှိပြီး နည်းနည်းတော့ လွှန်လွှန်းသည့်ပုံရသည်။

“ငါဘာလို့ မင်းကို လိမ်ရမှာလဲ?” ကျန်းဟန် ရယ်ရခက် ငိုရခက်ဖြင့် ဇီယန်ကို ကြည့်ကာ “ငါမင်းကို မလိမ်ပါဘူး။ တကယ်လို့ မင်းစိတ်ပူနေတယ်ဆိုရင် ခွေးလေးတွေကို သွားကိုင်ကြည့်လိုက်ပါလား”

“ဟွန့်”

ဇီယန်သည် ကျန်းဟန်အား မျက်စောင်းထိုးလိုက်ပြီး “ရှင့်က လူတွေကိုလှည့်စားတဲ့နေရာမှာ အရမ်းတော်တာကို၊ ရှင်အမှန်ပြောလား လိမ်ပြောလားဆိုတာ ဘယ်သူကသိမှာလဲ?”

ထိုသို့ဖြင့် ဇီယန်သည် မုန့်မုန့်ဆီသို့ အရှိန်ပြင်းပြင်းဖြင့် ပြေးထွက်သွားပြီး မိန်းကလေးနှစ်ဘောက်သည် ခွေးကလေးများနှင့် အချင်းချင်းပြေးလွှား ခုန်ကစားနေကြပါတော့သည်။

ကျန်းဟန်သည် ဘေးမှရပ်နေကာ သူတို့နောက်သို့လိုက်ပါစီးမျောနေသည်။ ဤအခိုက်အတန့်တွင် မြက်ခင်းပြင်တွင် ဆော့ကစားနေကြသည့် သားအမိကို ကြည့်ရင်း သူ၏နှလုံးသားထဲမှ နွေးထွေးမှုကို ခံစားလိုက်ရသည်။

"ကျန်းဟန် ကျွန်မကို အိတ်ပေး" ခဏလောက် ကစားခဲ့ပြီးနောက် ဧိယန်သည် ခေါင်းလှည့်ကာ ကျန်းဟန်ထံသို့ လက်ဆန့်လိုက်ရင်း ပြောလိုက်သည်။

ကျန်းဟန်သည် အိတ်ကို ကမ်းပေးလိုက်ပြီး ဧိယန်သည် အိတ်ထဲမှ နှစ်မီတာအချင်းရှိသော ကူရှင်အဝိုင်းတစ်ခုကို ထုတ်၍ မြက်ခင်းပြင်ပေါ်တွင် ခင်းလိုက်ရင်း မုန့်မုန့်ဆီသို့ လက်ဝှေ့ယမ်းကာ

"မုန့်မုန့်ရေ လာ ဒီမှာခဏလာနားလှည့်ဦး" ဟု အော်လိုက်သည်။

"ဟမ်...ဟာ မုန့်မုန့် မမောပါဘူး" မုန့်မုန့်၏မျက်နှာမှာ ချွေးသီးများက ဖုံးလွှမ်းနေသည်။ မင်းသမီးလေးသည် စစ်မြေပြင်တွင် တိုက်ပွဲဝင်ရန် ရှောင်ပေးကို စီးကာ အလုပ်များနေသဖြင့် ဇီယန်ကို ခေါင်းလှည့်မကြည့်ဘဲ ဖြေလိုက်သည်။

"မရဘူး။ မုန့်မုန့်ရေ ဒီကို မြန်မြန်လာ။ သမီးချွေးတွေရွှဲနေပြီ။ မေမေ သမီးကို ချွေးအရင်သုတ်ပေးမယ်" ဇီယန် ထပ်ပြောလိုက်သည်။

မုန့်မုန့်သည် အလွန်နာခံနေဆဲဖြစ်ပြီး သူမလေးသည် ရှောင်ပေး၏ကိုယ်ကို လက်ဖြင့်ရိုက်ကာ "ဝူး..ရှောင်ပေး မေမေဆီသွားကြရအောင်"

"အာဝု...."

မုန့်မုန့်လေး သူ၏ကိုယ်ပေါ်မှ ပြုတ်ကျသွားမည်ကို အလွန်ကြောက်ရွံ့သဖြင့် ရှောင်ပေးသည် ဂရုတစိုက်ဖြင့်

နောက်သို့လှည့်လိုက်ကာ ဇီယန်ဆီသို့ ဖြည်းဖြည်းချင်းလျှောက်သွားသည်။

“ခစ်ခစ်…”

၎င်းကိုမြင်သည့်အခါ ဇီယန် မရယ်ဘဲမနေနိုင်ချေ။ ကျန်းဟန်အားကြည့်ကာ “ရှင် ဒီလို မှော်ဆန်တဲ့ခွေးတစ်ကောင် ဘယ်ကရလာတာလဲ? အရမ်းအံ့သြဖို့ကောင်းတာပဲ။ သူက လူ့သဘာဝကို နားလည်တယ်”

“အမ်…ဟမ့် ရှောင်ဟေးက…အဲဒီ…အဲ…ရွှေရောင်မြေကြီးအင်ပါယာခွေးပါ” မုန့်မုန့်သည် နွားခေါင်းရှုံ့ကာ ပြောလိုက်သည်။ သူမလေးသည် အချိန်အတော်ကြာ စဉ်းစားသော်လည်း ရှောင်ဟေး၏ နာမည်အပြည့်အစုံကို စဉ်းစား၍မရသေးချေ။

၎င်းကိုမြင်သည့်အခါ ကျန်းဟန် ရယ်လိုက်ပြီး “သမီးကို ဖေဖေပြောခဲ့တာ

ရွှေရောင်သံမဏိချပ်ဝတ်အင်ပါယာခွေး။ သူ့နာမည်က ရောင်ပေး လို့လေ”

“ဟုတ်တယ် ဟုတ်တယ်။ အဲဒီ သံအိတ်စွပ် အင်ပါယာခွေး။ ရောင်ပေးက တကယ်အံ့သြဖို့ကောင်းတယ်” မုန့်မုန့်သည် ရောင်ပေးကို စီးကာ ရှေ့သို့ရောက်လာပြီး ရောင်ပေး၏ကိုယ်ပေါ်မှ ဖြည်းဖြည်းချင်း မြေပြင်ပေါ် ဆင်းလိုက်သည်။ မုန့်မုန့်သည် ဘေးမှ လျှောချလိုက်ပြီး ဇီယန်ဆီသို့ ဝမ်းသာအားရပြေးသွားသည်။

“မုန့်မုန့် ခဏထိုင်ပြီး နားပါဦး” ဇီယန်သည် သူ့မအောက်ရှိ ကူရှင်ခေါ် ဖျာကို ပုတ်ပြလိုက်သည်။

မုန့်မုန့်သည် လျှောက်လာပြီး ဖျာပေါ်တွင် ဖင်ထိုင်ချလိုက်သည်။ ဇီယန်၏အမူအရာကို အတုခိုးပြီး ဖျာကို အကြိမ်အနည်းငယ် ပုတ်ပြကာ “ဖေဖေ ခဏထိုင်ပြီး နားပါဦး” ဟု ပြောလိုက်သည်။

မင်းကိုမြင်သည့်အခါ ကျန်းဟန် ရယ်မောကာ ခေါင်းယမ်းလိုက်ပြီး မုန့်မုန့်၏ညာဘက်တွင် ဝင်ထိုင်လိုက်သည်။

“ကြည့်စမ်းပါဦး ဘယ်လိုတွေကစားနေတာလဲ။ အရူးမလေးကျနေတာပဲ”
ဇီယန်သည် တစ်ရှူးစက္ကူကို ထုတ်ကာ မုန့်မုန့်၏နဖူးပေါ်မှ ချွေးစက်များကို သုတ်ပေးလိုက်ပြီး ဦးထုပ်နှစ်လုံးထုတ်လိုက်သည်။

တစ်ခုမှာ ဇီယန်၏ဆောင်းနေကျပုံစံအတိုင်း ပန်းရောင်ဦးထုပ်ဖြစ်ပြီး အခြားတစ်ခုမှာ ချစ်စရာကောင်းသည့် ပန်းရောင်ဦးထုပ်လေးဖြစ်သည်။

“လာ မုန့်မုန့် သမီးဦးထုပ်ဆောင်းလိုက်။ ဒါမှ သမီးနေမပူတော့မှာ”
ဇီယန်သည် ဦးထုပ်ကို ပေးလိုက်သည်။

"အမ်....ဟမ့် မဆောင်းဘူး။ မေမေကလည်း ဦးထုပ်ကို ဆောင်းလိုက်ရင် မုန့်မုန့်ရဲ့ ဆံပင်တွေ ရှုပ်ပွကုန်မှာပေါ့"

မင်းသမီးလေးသည် ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်နေဆဲဖြစ်ပြီး သူမလေး၏ကြည်လင်ကြီးမားသောမျက်လုံးများကို မှိတ်ကာ လေးနက်စွာ ပြောလိုက်သည်။ ကျန်းဟန်သည် ပုံမှန်အားဖြင့် သူမလေး၏ဆံပင်ကို သပ်သပ်ရပ်ရပ်မလုပ်တတ်ဘူးဆိုသည်ကို မေ့သွားသည့်ပုံရသည်။

"ပိုနီတေး(မြင်းမြီးဆံပင်ပုံစံ)က ဦးထုပ်ဆောင်းလိုက်ရင် မရှုပ်သွားပါဘူး။ ဒီမှာကြည့် မေမေ ဦးထုတ်ချွတ်ပြမယ်။ ရှုပ်မသွားဘူးမလား"

ဇီယန် ကိုယ်တိုင်လက်တွေ့သရုပ်ပြလိုက်ပြီး မေမေ၏ဆံပင်များ ရှုပ်ပွမသွားသည်ကို တွေ့သည်နှင့် ဦးထုပ်ကို ယူကာ ဆောင်းလိုက်သည်။

ဦးထုပ်ကို လူတိုင်းမဆောင်းနိုင်ကြပေ။ အချို့မှာ ဦးထုပ်ဆောင်းထားပါက ကြည့်မကောင်းကြ။ သို့သော် ဇီယန်နှင့် မုန့်မုန့်တို့ကဲ့သို့ သင့်တင့်သည့်ဦးခေါင်းအရွယ်အစားရှိသူများအတွက် ဦးထုပ် ဇဂရာခိုင်နှုန်းကျော်ကို ဆောင်းနိုင်ကြပေသည်။

"မေမေ ဒီဦးထုပ်လေးက မုန့်မုန့်နဲ့ကြည့်လို့ကောင်းလား" မုန့်မုန့်သည် မျှော်လင့်ချက်များပြည့်နေသည့်မျက်နှာဖြင့် မေးလိုက်သည်။

"ကောင်းတယ် အရမ်းကောင်းတယ်" ဇီယန် ပြုံးကာ ပြောလိုက်သည်။

"ဖေဖေ ဒီဦးထုပ်နဲ့လှလား" မုန့်မုန့်သည် တခစ်ခစ်ရယ်မောကာ ကျန်းဟန်အားကြည့်၍မေးသည်။

"ဒါပေါ့ မုန့်မုန့်က ဦးထုပ်ဆောင်းထားရင်တောင်မှ ကမ္ဘာပေါ်မှာ အလှဆုံးမင်းသမီးလေးပဲ" ကျန်းဟန် ပြုံး၍ ပြန်ပြောသည်။

"ခစ်ခစ် မေမေက အရမ်းလှတယ်။ ဖေဖေကလည်း အရမ်းချောတယ်။ ပြီးတော့ မုန့်မုန့်လည်း အရမ်းလှတယ်"

မုန့်မုန့်သည် သူမလေး၏မျက်လုံးကြီးများကို မိုတ်တုတ်မိုတ်တုတ်လုပ်လိုက်သည်။ သူမ၏ဘယ်ဘက်လက်ကလေးက ဇီယန်၏ညာဘက်လက်ဖဝါးကို ဆွဲလိုက်ပြီး ညာဘက်လက်ကလေးက ကျွန်းဟန်၏ဘယ်ဘက်လက်ဖဝါးကို ဆွဲကိုင်လိုက်သည်။

ဇီယန်သည် နောက်အခိုက်အတန့်တွင် ဘာတွေဖြစ်မည်ကို သိလိုက်ပြီး သူမ၏နှလုံးသားသည် နားမလည်နိုင်လောက်အောင် တင်းကျပ်လာသည်။ သို့သော်လည်း မုန့်မုန့်အား သူမ၏လက်ကို ဆုပ်ကိုင်ခွင့်ပြုထားသည်။

မုန့်မုန့်၏လက်ကလေးနှစ်ဖက်မှာ တဖြည်းဖြည်း ပို၍ နီးကပ်လာသည်။ တဖြည်းဖြည်းချင်း လက်ဖဝါးလေးခု

ပေါင်းစပ်လိုက်သည်နှင့် ဇီယန်၏နူးညံ့လှပသော လက်ဖဝါးလေးက ကျန်းဟန်၏ လက်ဖဝါးနှင့် ထိတွေ့သွားသည်။ ဇီယန်သည် မိုးကြိုးပစ်ချလိုက်သကဲ့သို့ ခံစားလိုက်ရသည်။ သူမ စိတ်လှုပ်ရှားနေရုံသာမက လက်ဖဝါးလေးပင် ထုံကျင်လာသည်ကို ခံစားလိုက်ရသည်။

"အာ...ဖေဖေ မေမေ့ရဲ့လက်ကို ကိုင်ထားလေ" သူတို့လက်များမှာ မည်သို့မျှ မလှုပ်ရှားသည်ကိုသည့်အတွက် မုန့်မုန့်သည် စိတ်မရှည်စွာ ပြောလိုက်သည်။

ကျန်းဟန်သည် ညင်သာစွာပြုံးလိုက်ပြီး ဇီယန်၏ဖြူဖွေးနူးညံ့သော လက်ကလေးများကို သူ၏လက်ဝါးအတွင်းသို့ ဆုပ်ကိုင်လိုက်သည်။

ထိုအချိန်တွင် ဇီယန်၏ခန္ဓာကိုယ်မှာ အနည်းငယ်ထုံကျင်သလို ခံစားလိုက်ရသည်။ ၎င်းမှာ ကြောက်ရွံ့စိတ်လှုပ်ရှားသည့်ခံစားချက်မျိုး၊

မရင်းနီးသည့်ခံစားချက်မျိုး၊ ရှုပ်ထွေးသည့်ခံစားချက်မျိုး ဖြစ်သည်။

မြွားနတ်မောင် ခေါ် အချစ်နတ်ဘုရား ကျူးပစ် ထက်ပင် ပိုတော်သော အကောင်းဆုံးသော အောင်သွယ်တော်လေးဖြစ်သည့် မုန့်မုန့်သည်တော့ သူမလေး၏လက်နှစ်ဖက်ကို ရစ်ပတ်ဆုပ်ကိုင်ထားသည့် လက်ဖဝါးကြီးနှစ်ဖက်ကို ကြည့်ပြီး ဝမ်းသာအားရဖြင့် "ရေး…ဖေဖေ နဲ့ မေမေ က မုန့်မုန့်နဲ့အတူတူ လိုက်ပြီး လုပ်ပေးတယ်။ မုန့်မုန့် အရမ်းပျော်တာပဲ…."

သူမလေးပြောနေရင်းဖြင့် မုန့်မုန့်သည် သူမ၏ဦးခေါင်းလေးကို သူတို့နှစ်ယောက်၏လက်ဖဝါးပေါ်သို့ မှီအိပ်လိုက်သည်။ မင်းသမီးလေးသည် ဤမြင်ကွင်းကို အမြဲစောင့်မျှော်နေခဲ့ခြင်းဖြစ်ပြီး ဖေဖေနှင့်မေမေတို့ အတူတူရှိနေကြသည်မှာ အပျော်ရွှင်ဆုံးကိစ္စပင်ဖြစ်သည်။

ဇီယန်၏ နှလုံးသားမှာ တုန်လှုပ်သွားသည်။ ကျန်းဟန်ကို ကြည့်လိုက်သည့်အခါ ကျန်းဟန်လည်း သူမကို ကြည့်နေသည်အား တွေ့လိုက်ရသည်။

ထိုအခိုက်အတန့်တွင် သူတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြရင်း ကမ္ဘာကြီးမှာ ရပ်တန့်သွားသည့်ပုံရသည်။

သူ၏မျက်လုံးထဲမှ နွေးထွေးမှု၊ မျှော်လင့်ချက် နှင့် ရှက်ရွံ့မှု အရိပ်အယောင်တို့ကို သူမ တွေ့လိုက်ရသည်။

တစ်ယောက်ကို တစ်ယောက် ၁၀ စက္ကန့်ကြာသည့်တိုင် ကြည့်နေခဲ့ပြီးနောက် ဇီယန်မှာ လျင်မြန်စွာ ခေါင်းငုံ့သွားသည်။ သူမ၏ မျက်တောင်ရှည်များက အနည်းငယ် တုန်နေပြီး သူမ လုံးဝ တည်ငြိမ်မှုမရှိနေကြောင်း ဖော်ပြနေသည်။

ကျန်းဟန်၏ နှလုံးသားထဲတွင်လည်း ထူးခြားမှုတစ်စုံတစ်ရာ ရှိနေသည်။ အလွန်ပျော်ရွှင်နေသည့် မုန့်မုန့်ကို ကြည့်လိုက်ရင်း သူ၏နှလုံးသားမှာ နူးညံ့လာသည်။

တကယ်တော့...ဒီတိုင်းလေးပဲ ဆက်ပြီးလုပ်နေလိုက်တာ ကောင်းပါတယ်...

ကျန်းဟန် စိတ်ထဲတွင် ရေရွတ်လိုက်သည်။ ဤကဲ့သို့သော အတွေးမျိုး သူ၏စိတ်ထဲတွင် အမှန်တကယ် ပထမဆုံးအကြိမ်ဖြစ်သည်မှာ အမှန်ပင်။

နှစ်ယောက်သား နှစ်မိနစ်ခန့် လက်ကို ဆုပ်ကိုင်ထားကြသည်။ မုန့်မုန့်သည် လက်ကလေးနှစ်ဖက်ကို ဝှေ့ယမ်းကာ သီချင်းပင် ဆိုနေသည်။ ဇီယန်သည် တိတ်ဆိတ်စွာဖြင့် ခေါင်းငုံ့နေသည်။ ကျန်းဟန်သည်တော့ သားအမိနှစ်ယောက်အား နူးညံ့သည့်အကြည့်ဖြင့် ကြည့်နေသည်။

ကျန်းဟန်သည် လက်ဖဝါးမှ ချွေးများထွက်လာသည့်အခါ သူမ သူနေမလား စိတ်လှုပ်ရှားနေမလား မသိသဖြင့် ဇီယန်၏လက်ကို လွှတ်ပေးလိုက်သည်။ သူသည် ပြုံးကာ မုန့်မုန့်၏ခေါင်းကို ပွတ်ပေးရင်း

"မုန့်မုန့် ဖေဖေ အလုပ်တစ်တစ်ခုခုလုပ်တော့မယ်။ သမီးမေမေနဲ့ ဒီမှာ ကစားနေနော်"

"အမ်...ဟမ့် ဟမ့် ကောင်းပြီ။ မြန်မြန်လေးလုပ်နော် ဖေဖေ"

မုန့်မုန့်သည် သူမ၏အကောင်းဆုံးထောက်ပံ့မှုဖြင့်ပင် သူတို့ အချိန်ကြာကြာ လက်မကိုင်ထားကြဘူးဆိုသည်ကို ခံစားလိုက်ရသဖြင့် နှုတ်ခမ်းလေးစူကာ ပြန်ပြောသည်။

သူမလေးသည် ကျန်းဟန်အား မျက်လုံးကြီးများဖြင့် ကျန်းဟန်အား ကြည့်ကာ လက်ကလေးကို ဝှေ့ယမ်းပြလိုက်သည်။

"ကောင်းပါပြီဗျာ"

ကျန်းဟန် ရယ်မောလိုက်မိသည်။

ထရပ်လိုက်ပြီးနောက် သူမတို့အတွက် ပါရာဆိုထီးကြီးကို အရင်ဆုံးတပ်ဆင်ပေးလိုက်သည်။ ပြီးမှ တောင်ထပ်ရှိ

ယန်မိုးကြိုးသစ်ပင်ဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသည်။

“ဟူး…”

ကျန်းဟန်ထွက်သွားပြီးနောက်တွင် ဇီယန်သည် အသက်ပြင်းပြင်းရှူထုတ်လိုက်ပြီး သူမ၏နှလုံးခုန်သံများမှာတော့ မြန်နေဆဲဖြစ်သည်။

လက်ကိုင်ထားရုံပဲမဟုတ်ဘူးလား…ဇီယန် နင်ဘာလို့ အရမ်းရှက်နေရတာလဲ….

ငါ ဘာတွေဖြစ်နေတာလား….

ဘာလို့ သူနဲ့လက်ကိုင်ထားရတာက မိုးကြိုးပစ်သလိုမျိုး ခံစားနေရတာလဲ။ အဲဒီတုန်းအချိန်တုန်းကဆို သူနဲ့ငါ….

ထိုသို့မဟုတ်လျှင် မုန့်မုန့်လည်း ပေါ်လာလိမ့်မည်မဟုတ်ပေ။ ထိုအချိန်တွင် သူတို့ နှစ်ဦးလုံး မှင်တက်သွားခဲ့ကြပြီး မသိစိတ်က အရာအားလုံးကို

အတူတကွပြီးဆုံးသွားစေခဲ့သည်။ ထိုအချိန်က ခံစားချက်မှာ ယခုထိ မရှင်းမလင်းပင်ရှိသေးသည့်အတွက် သူမနှင့်ကျန်းဟန်တွင် ထူးဆန်းသည့်ခံစားချက်တစ်ခု ရှိနေဆဲဖြစ်သည်။

အားလုံးသိကြသည့်အတိုင်းပင်။ စုံတွဲတစ်တွဲသည် လက်ချင်းချိတ်၊ ပွေ့ဖက်၊ နမ်းရှုံ့ကြသည့်အခါ လုံးဝ မမေ့နိုင်သည့် အခိုက်အတန့်ပင်ဖြစ်ကြသည်။ မူရင်းဆရာက အားလုံးသိကြသည့်အတိုင်းပင် ဟု ဆိုထားသော်ငြားလည်း FA ကောင်တွေတော့ သိကြမည် မထင်ပေ။ ထို့အတူ ဘာသာပြန်သူ ကျွန်တော်လည်း မသိပါပေ။

ဇာတ်လမ်းသို့ ပြန်သွားရသော်။ ၎င်းမှာ မေ့မရနိုင်သည့် အတွေ့အကြုံတစ်ခုဖြစ်ပြီး စိတ်ပိုင်စိတ်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများမှာ ပို၍ပင် ပြင်းထန်လာကြသည်။ ဥပမာဆိုရသော်၊ လက်ဖဝါးချင်း၊

ခန္ဓာကိုယ်ချင်း၊ အသားချင်းထိမိသည့်အခါ ဓာတ်လိုက်သကဲ့သို့ ထုံကျင်သည့် ခံစားချက်ကို ပေးစွမ်းသည်။ လူအများစုက ၎င်းမှာ အရှုးအမူးစွဲလမ်းသည့်ကာလဟု ခေါ်ဆိုကြသည်။

သူတို့နှစ်ဦးမှာ မုန့်မုန့်ရှိသော်လည်း အမှန်တကယ်သမီးရည်းစားများမဟုတ်ကြပေ။ အချို့သောတုံ့ပြန်မှုများမှာ ပုံမှန်ပင်ဖြစ်သည်။

ကျန်းဟန်သည်တော့ မည်သည့်တုံ့ပြန်မှုမျှ မရှိချေ။ ဤအခိုက်အတန့်တွင် သူသည် ယန်မိုးကြိုးသစ်ပင်အောက်ခြေသို့ လျှောက်သွားပြီး အိမ်မွေးတိရိစ္ဆာန်ဧရိယာတွင် ထိုင်နေသည့် ဇီယန်နှင့် မုန့်မုန့်ကို ကြည့်လိုက်သည်။ ထို့နောက် သူ၏လက်ဖဝါးကို ကြည့်လိုက်ပြီး ညင်သာစွာ ခေါင်းယမ်းလိုက်သည်။

အနည်းငယ်နောင်တရစရာကောင်းပေသည်။ ဇီယန်၏ဖြူဖွေးနူးညံ့နေသည့်လက်ကမှာ အလွန် နူးညံ့ပြီး ကိုင်လို့ကောင်းပေသည်။

"ကဲ အလုပ်လုပ်လိုက်ရတာပေါ့"

ကျန်းဟန် ရယ်မောကာ ခေါင်းယမ်းလိုက်သည်။ ထို့နောက် အိတ်ကပ်ထဲမှ လည်ဆွဲကို ထုတ်ယူလိုက်၏။

"အနာဂတ်မှာ...." ကျန်းဟန် လည်ဆွဲကို ကြည့်လိုက်ပြီးနောက် ဇီယန်ဘက်သို့လှည့်ကြည့်လိုက်ကာ နူးညံ့စွာ ရေရွတ်လိုက်သည်။ "ကိုယ် မင်းကို မိုးကောင်းကင်တခွင်မှာ အကောင်းဆုံးလည်ဆွဲကို ပေးမယ်"

ကျန်းဟန်နှင့် ဇီယန် နှစ်ယောက်လုံးသည် လွတ်လပ်ကာ ဖွံ့ဖြိုးသည့်အတွေးအမြင်ကိုယ်စီရှိကြပြီး အနာဂတ်တွင် သူတို့နှစ်ယောက် ဆက်ဆံရေးမှာ အောင်မြင်မည်လားဆိုသည်ကို မသိရသေးသော်လည်း ကျန်းဟန်၏အမြင်တွင် သူတို့နှစ်ယောက် သဘာဝအတိုင်းပင် အောင်မြင်သွားမည်ဖြစ်သည်။ မသိလိုက်စွာပင် ကျန်းဟန်သည်ကို ဇီယန်ကို လက်ခံလိုက်ပြီးသွားပြီဖြစ်ပြီး၊

ဇီယန်၏သဘောထားကိုကြည့်ရသည်မှာ သူမလည်း ကျန်းဟန်အား လက်ခံတော့မည်ဖြစ်သည်။

ငင်းမှာ အနည်းနှင့်အများဆိုသလို ဇီယန်နှင့်ကျန်းဟန်တို့စိတ်ထဲတွင်ရှိပေသည်။

ကျန်းဟန်သည် သူ၏အကြည့်ကို ရုတ်သိမ်းလိုက်ပြီး လည်ဆွဲကိုကိုင်ထားသည့် လက်ထဲမှာ စွမ်းအင်အချို့ကို အသုံးပြုလိုက်သည်။ လည်ဆွဲကြိုးလေးမှာ ကျိုးပဲ့သွားပြီး မြေပြင်ပေါ်ပြုတ်ကျသွားသည်။ အသည်းနှလုံးပုံသဏ္ဍာန် ကျောက်တုံးလေးကို ဆုပ်ကိုင်ထားသည့် ကျန်းဟန်၏လက်မှာ ရုတ်တရက် ပွင့်ဟလာပြီး ယန်မိုးကြိုးသစ်ပင်ပေါ်သို့ ဖိချလိုက်သည်။

"အိုစီသလင်းကျောက်!"

ကျန်းဟန် မျက်လုံးမေးစင်းသွားသည်။ သူ၏ကိုယ်ထဲရှိ စိတ်ဝိညာဉ်စွမ်းအင်များကို လက်ဖဝါးအတွင်းသို့

အဆက်မပြတ်စုစည်းကာ အိုစီသလင်းကျောက်မှ စွမ်းအင်များကို ဆွဲယူနေသည်။

“ဘန်း!”

အလွန်တိုးညှင်းသည့်အသံတစ်ခုထွက်ပေါ်လာပြီး မမြင်နိုင်သော လှိုင်းလုံးကြီးတစ်ခုသည် ယန်မိုးကြိုးသစ်ပင်ကို ဝန်းရံသွားသည်။ ထိုနောက် ၎င်းလှိုင်းလုံးကြီးမှာ ယန်မိုးကြိုးသစ်၏ စုပ်ယူခြင်းခံလိုက်ရသည်။

အိုစီသလင်းကျောက်၏စွမ်းအင်များသည် ယန်မိုးကြိုးသစ်ပင်ဆီသို့ စီးဆင်းသွားသည်။ ငါးမိနစ်အကြာတွင် အိုစီသလင်းကျောက်၏စွမ်းအင်များသည် လုံးဝပျောက်ကွယ်သွားပြီး အသည်းနှလုံးပုံသဏ္ဍာန်ကျောက်တုံးလေးသည် လေနုအေးကလေးနှင့်အတူ အမှုန့်များအဖြစ်သို့ ပြောင်းလဲကာ လွင့်မျောသွားသည်။

အိုစီသလင်းကျောက်မှထွက်လာသည့် စွမ်းအင်များသည် ယန်မိုးကြိုးသစ်ပင်နှင့်ပြည့်လျှံနေသည်။

"သန့်စင်စမ်း!"

ရုတ်ချည်းပင် သလင်းကျောက်စွမ်းအင်များကို စိတ်ဝိညာဉ်စွမ်းအင်များအဖြစ်ဆွဲယူလိုက်သည့်အတွက် ကျန်းဟန်၏အကြည့်များသည် စူးရှသွားသည်။ စွမ်းအင်များမှာ မီးကျောက်စိမ်းနှင်းစက်ပေါ်တွင် အဆက်မပြတ်စုစည်းသွားပြီး ၎င်းကို သန့်စင်တော့သည်။

အညစ်အကြေးများရှိနေသည့် မီးကျောက်စိမ်းနှင်းစက်မှာ အဖြူရောင်နှင့်အစိမ်းရောင် ရောနှောနေသည်။ သလင်းကျောက်စွမ်းအင်၏ ကျူးကျော်ဝင်ရောက်မှုအောက်တွင် အစိမ်းရောင်အညစ်အကြေးများမှာ တဖြည်းဖြည်း လျော့နည်းလျော့နည်းလာပြီး နောက်ဆုံးတွင် လုံးဝ ပျောက်ကွယ်သွားကာ အညစ်အကြေးများကင်းစင်သွားသည့်

နို့နှစ်ဖြူရောင်မီးကျောက်စိမ်းနှင်းစက်ကို ချန်ရစ်ထားခဲ့သည်။ ဤမီးကျောက်စိမ်းနှင်းစက်သည် ဒုတိယအဆင့် စိတ်ဝိဉာဉ်ရတနာဖြစ်သွားချေပြီ။

မီးကျောက်စိမ်းနှင်းစက်ကို သန့်စင်ခြင်းမှာ သလင်းကျောက်စွမ်းအင် သုံးပုံ နှစ်ပုံ သုံးလိုက်ရသည်။ ကျန်ရှိသည့် တစ်ပုံကိုတော့ ယန်မိုးကြိုးသစ်ပင်ထဲတွင် ယာယီသိုလှောင်ထားလိုက်သည်။

-C 93 End

wunzinnosp

## အပိုင်း(၉၄)

မြေအောက်ရေကန်တွင်တော့ သန့်စင်သောယန်စွမ်းအင်မှာ ၃ လီတာခန့်သာ

ကျန်ရှိတော့သည်။ ကျန်းဟန်၏ စိတ်စွမ်းအင်အောက်တွင် ယန်မိုးကြိုးသစ်ပင်သည် သန့်စင်သောယန်ရေများအားလုံးကို ထိန်းချုပ်ထားသည်။ သစ်မြစ်များမှတစ်ဆင့် ပင်စည်ထဲသို့ ရေများကို စုပ်ယူလိုက်ပြီး သလင်းကျောက်စွမ်းအင်ကို ယန်မိုးကြိုးသစ်ပင်မှ စုပ်ယူလိုက်သည်။

ခဏအကြာတွင် မြေအောက်ရေကန်အတွင်းသို့ ယန်မိုးကြိုးသစ်ပင် အမြစ်များမှ သန့်စင်သောယန်ရေများ စီးဆင်းလာသည်။

တစ်လီတာ၊ နှစ်လီတာ၊ သုံးလီတာ။

ငါးစက္ကန့်အတွင်းမှာပင် သန့်စင်သောယန်ရေပမာဏသည် သုံးလီတာသို့ ရောက်ရှိသွားပြီး ၎င်းစုပ်ယူလိုက်သည့်ပမာဏနှင့်တူညီသွားသည်။ သို့သော်လည်း သန့်စင်သောယန်ရေများမှာ အမြစ်များမှတဆင့် ဆက်လက်စီးဆင်းနေဆဲဖြစ်သည်။

လေးလီတာ၊

ငါးလီတာ၊....၊တစ်ဆယ်လီတာ၊....နှစ်ဆယ်လီတာ၊......။

သုံးဆယ်လီတာအထိရောက်ရှိသွားမှ လုံးဝ ရပ်တန့်သွားသည်။

သုံးဆယ်လီတာ။

သန့်စင်သောယန်ရေပမာဏသည် နောက်ဆုံးတော့ နည်းနည်းလောက်တိုးလာခဲ့ပြီဖြစ်သည်။

"နောက်ဆုံးတော့ ငါနည်းနည်းလောက် ပိုလုပ်နိုင်ခဲ့ပြီ"

ကျန်းဟန် ပြုံး၍ ခေါင်းယမ်းလိုက်ပြီး ယန်မိုးကြိုးသစ်ပင်ပေါ်သို့ လက်တင်တာ ရေ ဆယ်လီတာခန့်ကို စုပ်ယူလိုက်ပြီး စွမ်းအင်လှိုင်းများအဖြစ် ပြိုကွဲသွားစေရန် လမ်းညွှန်လိုက်ပြီး ယန်မိုးကြိုးသစ်ပင် အမြစ်များမှတစ်ဆင့် နယ်မြေ၏မြေဆီလွှာနှင့် ရေများအတွင်းသို့ အာဟာရဖြည့်ရန် ဖြန့်ဝေလိုက်သည်။

ထိုအချိန်တွင် အိုစီသလင်းကျောက်၏စွမ်းအင်များမှာလည်း အဆုံးသတ်သွားမည်ဖြစ်သည်။

ကျန်းဟန် လက်ကို ပြန်ရုတ်လိုက်သည်နှင့် အိမ်မွေးတိရိစ္ဆာန်ဇရိယာတွင် လမ်းလျှောက်နေသော ရှောင်ပေးသည် ရုတ်တရက် နားရွက်ထောင်လာပြီး ချက်ချင်းပင် ပြုံးဖြဲဖြဲ အမူအရာဖြင့် နောက်မှလိုက်လာသည်။

“ဝုတ် ဝုတ် ဝုတ်” ရှောင်ပေးသည် တောင်ရှေ့ဘက်ဆီသို့ နှစ်ကြိမ်ဟောင်လိုက်ပြီး တစ်စုံတစ်ယောက်လာနေသည်ကို ညွှန်ပြလိုက်သည်။

ဤအချိန်တွင် ရောက်ရှိလာကြသူများမှာ ငါးမျိုးပေါက်များလာပို့သည့် ကျောက်ဖုန်းနှင့် အခြားသူများဖြစ်နိုင်သည်။

ကျန်းဟန်၏အကြည့်သည် တောအုပ်ဆီသို့ ငုံ့ကြည့်လိုက်သည်။ စက္ကန့်နှစ်ဆယ်အကြာတွင် ကျောက်ဖုန်း၏ပုံရိပ်သည် နယ်မြေမြက်ခင်းပြင်ပေါ်တွင် ပထမဆုံးပေါ်လာပြီး သူ၏နောက်တွင် ကျန်းလီ ကျိုးဖေးနှင့် ငါးမျိုးပေါက်များကို သယ်ဆောင်ရန် ပါလာသည့် လူ ရှစ်ယောက် ကိုးယောက်ခန့် ရောက်ရှိလာကြသည်။

"ဝုတ်!"

အမိုက်စားဟန်ရေးပြရန် အခွင့်အရေးကား ရောက်လာချေပြီ။ ရှောင်ပေါ်းသည် "ဝုတ်" ဟူသော ဟောင်သံကို ထုတ်လွှတ်လိုက်လေသည်။

"ဝါး..လှလိုက်တဲ့နေရာ!"

"လခွမ်း! လှလိုက်ချည်းလှလားဟ။ ဒါ ကမ္ဘာပေါ်က နိဗ္ဗာန်ပုံပဲ"

"ဒီလောက်လှတဲ့နေရာကို ငါ ပထမဆုံးတွေ့ဖူးတာပဲ"

"ဟူး...လေကလည်း လတ်ဆတ်လိုက်တာ။ ခံစားချက်က အရမ်းကောင်းတာပဲ"

လူတိုင်း ခံစားချက်မျိုးစုံဖြင့် သက်ပြင်းချနေကြသည်။ ဤသည်မှာ ပထမဆုံးအကြိမ်လျှောက်ရှိသည့်လူများအတွက် အဖွားလျိုဂရန်းဗျူးဥယျာဉ်သို့ဝင်ရောက်လာသည့်အသွင်အပြ င်သို့ ပြောင်းလဲသွားကြသည်။

"အာ ဒီလောက်ကြီးတဲ့ခွေးကြီးလား?"

ကျန်းလီသည် ရှောင်ဟေး လာနေသည်ကိုမြင်လိုက်သည့်အခါ သူမ ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်လိုက်သည်။

ကျိုးဖေးသည်၎င်း ၎င်းကိုမြင်ပြီး သူမ၏မျက်နှာမှာ ပို၍ပင် ကြောက်ရွံ့တုန်လှုပ်သွားကာ ခန္ဓာကိုယ်ကို ဇီယန်အနားသို့ တိုးကပ်သွားသည်။ ကျန်လူများမှာ ပို၍ပို၍ပင် ကြောက်ရွံ့နေကြသည်။

သာမန်ရွှေရောင်အမွေးများရှိသည့်အိမ်မွေးခွေးတစ်ကောင်ဆိုလျှင် သူတို့ကြောက်ရွံ့ကြမည်မဟုတ်သော်လည်း ဤကဲ့သို့ကြီးမားပြီး ရက်စက်ကြမ်းကြုတ်သည့်ပုံစံရှိသောခွေးတစ်ကောင်ကို မြင်လိုက်ရသည့်အတွက် သူတို့ကြက်သီးမွေးညှင်းများပင် ထသွားသည်။

"အဆင်ပြေပါတယ်။ သူက မကိုက်ဘူးရယ်"

ကျောက်ဖုန်းက လက်ဝှေ့ယမ်းပြလိုက်ပြီး အားလုံးကိုပြောလိုက်သည်။

သူစကားပြောနေစဉ်တွင်ပင် ရှောင်ဟေးသည်လင်းသူ့အဆီသို့ တည့်တည့်ပြေးလာသည်။ သူပြောပြီးခါစပင်ရှိသေးသည် ရှောင်ဟေးသည် သူ၏အစွယ်ဖွေးဖွေးများအား ဖြဲပြကာ ကျောက်ဖုန်းဆီသို့ကြည့်ကာ မာန်ဖီလိုက်ပြီး သူ့အဖေအားတစ်ခုခုလုပ်သွားသည့်ရန်သူတော်ကြီးအလားကျောက်ဖုးန်အား ကြည့်လိုက်သည်။

ဤမြင်ကွင်းက လူတိုင်း၏နှလုံးသားများကို တင်းကြပ်သွားစေပြီး ကျောက်ဖုန်း၏အမူအရာမှာလည်း အေးခဲသွားသည်။ သူက အဆင်ပြေပါတယ်လို့ပြောကာပင်ရှိသေးသည် ရှောင်ပေးသည် အထက်စီးဆန်ဆန်ပြုမူကာ သူ၏မျက်နှာအား ဖြတ်ရိုက်လိုက်သည်။

"သူ တကယ်မကိုက်တာ သေချာရဲ့လား?" ကျန်းလီ ကြောက်ရွံ့စွာဖြင့် မေးလိုက်သည်။

"ဒါက..." ကျောက်ဖုန်း ဘာပြန်ဖြေရမှန်းမသိချေ။ ကိုက်တာလား? မကိုက်ဘူးလား? ၎င်းမှာ အခြေအနေပေါ်မူတည်နေပြီး ကျန်းဟန် ဒီနေရာတွင် ရှိနေပါက ဘယ်သူ့ကိုမှမကိုက်ဘူးဆိုတာ သေချာသော်လည်း လက်ရှိတွင် ကျောက်ဖုန်းလည်း မသိတော့ချေ။ ထိုအကောင်က သူ့တစ်ယောက်တည်းအား ကိုက်ချင်နေသည့်အမူအရာရှိနေပေသည်။

"ဂီး..." ရှောင်ပေါ်းသည် ဆက်၍ မာန်ဖီနေကာ ကျောက်ဖုန်းထံ တစ်လှမ်းပြီးတစ်လှမ်း တိုးကာလာရင်း သူ၏ပါးစပ်ထဲရှိ ကျားရဲကဲ့သို့ ချွန်မြသည့် သွားများကိုကြည့်ပြီး လူအများ၏ နှလုံးများမှာ တုန်လှုပ်လာကြသည်။

"တော်ပြီ ရှောင်ပေါ်း ပြန်လာခဲ့တော့" ကျန်းဟန်သည် ယန်မိုးကြိုးသစ်ပင်အောက်မှ လှမ်းခေါ်လိုက်သည်။

သူ၏အသံသည် ကျယ်လောင်ခြင်းမရှိ၊ ကျောက်ဖုန်းနှင့်အခြားသူများ ရှင်းရှင်းလင်းလင်းမကြားနိုင်သော်လည်း ရှောင်ပေါ်း၏အကြားအာရုံက ယခင်ကထက် အလွန်ထက်မြက်သည့်အတွက် ကျန်းဟန်၏ခေါ်သံကို ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

ထို့အတွက်ကြောင့် ရှောင်ပေါ်းသည် ကျောက်ဖုန်းကို မာန်ဖီလိုက်ပြီး အခြားသူများကိုလည်း

နောက်ဆုံးအကြိမ်ပြောင်းလိုက်ကာ ကျန်းဟန်ဆီသို့ ခေါင်းလှည့်၍ ပြေးသွားကြသည်။

"ဝူး...."

ထိုမြင်ကွင်းကို မြင်လိုက်ရသည့်အခါမှ အားလုံး စိတ်သက်သာရာရစွာဖြင့် သက်ပြင်းချလိုက်ကြသည်။

"အစ်ကိုဖုန်း ဒါက ဘယ်လိုခွေးအမျိုးအစားလဲ? ကျားတစ်ကောင်လိုပဲ အရမ်းရက်စက်တယ်လို့ ခံစားရတယ်" ကျောက်ဖုန်း၏တပည့်တစ်ဦးက စိတ်ထဲတွင် ကြောက်ရွံ့မှုများဖြင့် မေးလိုက်သည်။

ကျန်းလီ၊ ကျိုးဖေးနှင့် ကျန်လူများအားလုံးကလည်း ကျောက်ဖုန်းကို ကြည့်နေကြသည်။

လူပေါင်းများစွာ၏အကြည့်များအောက်တွင် ကျောက်ဖုန်း၏နှုတ်ခမ်းထောင့်မှာ တွန့်ကွေးသွားပြီး နောက်ဆုံးတွင်

"ဒီခွေးက ကျားတစ်ကောင်လာရင်တောင်မှ သူ့ကိုယှဉ်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ဒီနေ့ရောက်လာကြတဲ့လူတွေထဲမှာ ငါ့ရဲ့ဦးဆောင်မှုမပါဘဲ မင်းတို့ ဒီနေရာကို ကိုယ့်သဘောနဲ့ကိုယ်မလာသင့်ဘူး။ ဘာလို့လဲဆိုတော့ သူဌေးသာ ဒီမှာမရှိရင် ဒီခွေးက မင်းတို့ကို သေချာပေါက် သေတဲ့အထိ တစ်စစီဆွဲဖြဲမှာပဲ"

"ဟမ်?"

ကျောက်ဖုန်းသည် မည်သည့်အခါမှ ဟာလုပ်မည့်သူမဟုတ်ချေ။ ဤခွေးသည် လူကိုသေအောင်ကိုက်နိုင်ကြောင်း သူပြောပါက ၎င်းမှာ သေချာပေါက် ထိုသို့လုပ်ရန် ခွန်အားရှိပေမည်။

"ဒီခွေးက အဲ့လောက် စွမ်းအားကြီးတာလား?" ကျန်းလီသည် စူးစမ်းလိုစိတ်ဖြင့် မေးသည်။

"ဒါပေါ့။ ကျွန်တော်တောင် သူနဲ့ရင်ဆိုင်ရမယ်ဆိုရင် တော်တော်လေးအားစိုက်ထုတ်ဖို့ လိုလိမ့်မယ်"

ကျောက်ဖုန်းသည် ခါးသီးစွာရယ်မောရင်း ခေါင်းယမ်းလိုက်သည်။

ကျန်းဟန်၏အဆိုအရ သူသည် ရှောင်ပေးအား လက်ဗလာဖြင့် မယှဉ်နိုင်သော်လည်း သူသည် လူသားတစ်ယောက်ဖြစ်ပြီး မည်သို့ပင်ဆိုစေကာမူ မသိစိတ်အရ လက်နက်ဆောင်သွားမည်ဖြစ်သည်။ ကျောက်ဖုန်းသည်လည်း ချွင်းချက်မဟုတ်ပေ။ သူ့တွင် ဓားတစ်လက်သာ ရှိပါက ရှောင်ပေးအား အနိုင်ယူရန်မှာ အချိန်တစ်ခုသာ လိုသည်။

“တက်ကြရအောင်”

ကျောက်ဖုန်း ဦးဆောင်ပြီး တောင်ထိပ်ဆီသို့ လျှောက်သွားကြသည်။

အခြားသူများသည် သူ၏နောက်မှ ကပ်လိုက်လာကြပြီး မနေနိုင်ဘဲ အော်ဟစ်လိုက်ကြသည်။

"ဒီမြက်ပင်က အရမ်းပျော့ပြောင်းတာပဲ။ ဒီပေါ်ကို တစ်လှမ်းလောက်လှမ်းပြီးရင် နောက်ထပ်ဆက်လှမ်းချင်တယ်။ အရမ်းမှော်ဆန်တာပဲ။ ဟိုရှေ့ကသစ်ပင်ကြီးက ဘာလို့ဒီလောက်ကြီးနေတာလဲဟ။ မှိုပွင့်ကြီးကျနေတာပဲ။ အာ မဟုတ်သေးဘူး ဂိမ်းထဲက ကမ္ဘာ့သစ်ပင်ကြီးနဲ့တူတာပဲ။ အရမ်းမိုက်တယ်...."

အဖွားလျှို ဥယျာဉ်အတွင်း ဝင်ရောက်လာသည့် အခြေအနေသို့ ပြန်ရောက်သွားကြသည်။ ကျန်းလီနှင့် ကျိုးဖေးတို့သည် ပန်းပင်လယ်ကြီးဆီသို့ အကြည့်များ ရောက်ရှိသွားကြသည်။

"အား...ကျန်းလီ ကျန်းလီ ဟိုမှာကြည့်စမ်း! စပ! အဲဒါ အစစ်တွေလား?"

"အမ်?.... ဝိုး! လှလိုက်တဲ့ပန်းတွေ! မြန်မြန်သွားကြည့်ရအောင်!"

နှစ်ယောက်သား အပြေးအလွှားသွားလိုက်ကြသည်။ သူတို့သည် ဧယန်ထက်ပင် ပို၍ တောသူမဆန်နေကြပြီး တစ်ခါတစ်ရံ အော်သံဟစ်သံများပင် ထွက်ပေါ်လာသည်။

"သောက်ပလုတ်! ဒါ ပန်းအစစ်တွေပဲ!"

"အရမ်းလှတာပဲ။ ဘုရားရေ ငါမြင်ဖူးသမျှမှာ အလှဆုံးပဲ"

"..."

နှစ်ယောက်သားပန်းပွင့်များကြားတွင် အံ့သြပျော်ရွှင်နေကြရင်း ကျန်းဟန်နှင့်အခြားသူများ တောင်နောက်ဘက်သို့ ထွက်သွားကြသည်ကိုပင် သတိမပြုမိကြပေ။

တောင်၏အနောက်ဘက်သို့ ရောက်သည့်အခါ ကျောက်ဖုန်းသည် အိမ်မွေးတိရိစ္ဆာန်ဧရိယာတွင် ထိုနေသည့် သားအမိကိုတွေ့လိုက်သည့်အခါ ကြောင်အသွားသည်။ သူမျက်လုံးပင်မေးကြည့်လိုက်မိသည်။

ဇီယန်၏အသွင်အပြင်မှာ အလွန်ဝေးကွာလွန်းသည့်နေရာမှ လမ်းကြည့်နေရသော်လည်း ထိုအမျိုးသမီးသည် အလွန်လှပကြော့ရှင်းကြောင်း ထင်ရှားစွာ မြင်နိုင်ပေသည်။

ထို့ကြောင့် ကျောက်ဖုန်းစိတ်ထဲတွင် အလွန်သိချင်စိတ်ပြင်းပြလာသည်။ ကျန်းဟန်အား လှည့်ကြည့်လိုက်ပြီး

“သူဌေး ဟိုမှာထိုင်နေတဲ့တစ်ယောက်က ကျွန်တော်တို့ သူဌေးကတော်လား?”

“ဟုတ်တယ်”

ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

“နည်းနည်းတော့ ရင်းနီးနေသလိုပဲ” ကျောက်ဖုန်း သံသယဖြင့် မေးလိုက်သည်။

ကျန်းဟန် ခေါင်းယမ်းလိုက်ပြီး ဘာမှ ပြန်မပြော။ ၎င်းကိုမြင်သည့်အခါ ကျောက်ဖုန်း သိချင်စိတ်ကို အောင့်အီးလိုက်ပြီး ဆက်မမေးတော့ချေ။

လှုအုပ်မှာ ရေကန်သို့ ရောက်လာသည့်အခါ ရေကန်ပတ်ပတ်လည်ရှိ ဟော်လီပင်များဖြင့် ရေကန်ကို ပိုင်းခြားထားသည်။ မီတာအနည်းငယ်တိုင်းတွင် ဟော်လီပင်အနည်းငယ် ရှိနေပြီး ၎င်းတို့မှာ မီတာဝက်ခန့် အမြင့်ရှိကြသည်။

ကျောက်ဖုန်းခေါ်လာသော ကျွမ်းကျင်သူသည် ဘောင်းဘီခြေထောက်ကိုမတင်ကာ ရေထဲသို့ ဆင်းသွားပြီး ရေကန်ထဲမှရေအနည်းငယ်ကို ယူစမ်းကြည့်ရန် ကြိုးစားလိုက်သည်။

သူသည် ကျောက်ဖုန်းထံမှ ဤရေသည် ရေချိုငါးရော ရေငန်းငါးပါ တစ်ပြိုင်နက်တည်း မွေးမြူနိုင်ကြောင်း ကြားခဲ့ရပြီး သဘာဝကျကျပင် သူမယုံကြည်ခဲ့ချေ။

သူခြေလှမ်းအနည်းငယ်လှမ်းရန်ပြင်ခါပင်ရှိသေးသည် ကျန်းဟန် ပါးစပါဖွင့်ဟလိုက်သည်။

"နေဦး။ ရေက လေးမီတာကျော်နက်တယ်"

ဤရေကန်မှာ ကျန်းဟန်အတွက် ရေကူးကန်ကဲ့သို့ပင်။ ကမ်းခြေ သို့မဟုတ် ရေအိုင်များကဲ့သို့ ပို၍ပို၍ နက်ရှိုင်းမည်ကို မလိုလားပေ။

“ဟမ်?”

ကျွမ်းကျင်သူသည် အနည်းငယ် အံ့အားသင့်သွားသော်လည်း ခြေထောက်ကို အမြန်ပြန်ရုတ်လိုက်သည်။ ခဏလောက်စဉ်းစားပြီးနောက် သူ၏ဘေးနားရှိလူကိုခေါ်လိုက်ပြီး သူ၏ညာဘက်လက်ဖြင့် ဆွဲလိုက်သည်။ တစ်ချိန်တည်းမှာပင် ဘယ်ဘက်လက်က ရေသန့်ဘူးအလွတ်တစ်ခုကို ကိုင်ထားပြီး ရေကန်ထဲမှ ရေကို ခပ်လိုက်သည်။

သူသည် နေကို စက္ကန့်အနည်းငယ်ကြာအောင် ကြည့်လိုက်ပြီးနောက် သူ့လူများကို မိုက်ခရိုစကုပ်ယူခိုင်းကာ မှန်ပေါ်တွင် ရေအနည်းငယ်ထားခိုင်းလိုက်သည်။

ထို့နောက် သူ၏လက်ဝါးထဲသို့ ရေအနည်းငယ်လောင်းထည့်ခါ အကြိမ်အနည်းငယ် နမ်းကြည့်ပြီး ရေ၏အရည်အသွေးကို ကိုယ်တိုင်စမ်းကြည့်သည်။

"ဟင်?"

ဘူးထဲမှရေကို တအံ့တသြကြည့်ရင်း သူ၏မျက်လုံးများမှာ ပြူးကျယ်လာသည်။ ဘူးထဲမှ ရေကို ပါးစပ်ထဲ လောင်းထည့်လိုက်ပြီး ရေကိုမြိုမချခင် ခဏလောက် တုံ့ဆိုင်းသွားသည်။

နောက်တစ်ကြိမ် စမ်းကြည့်ချင်သေးသော်လည်း ပထမတစ်ကျိုက်သောက်ပြီးနောက် မရပ်တန့်နိုင်တော့ချေ။ စမ်းသပ်ကြည့်ရန်ပင် မကျန်တော့ဘဲ အကုန်မော့သောက်လိုက်သည်။

"ဂလွတ် ဂလွတ် ဂလွတ်..."

သူ၏ပတ်ဝန်းကျင်ရှိလူများမှ သူ့အား အူကြောင်ကြောင်ကြည့်နေကြသည်။

မင်းဘာတွေလုပ်နေတာလဲ?

သူ အဲဒါတွေကို ဘယ်လိုတောင် သောက်လိုက်တာလဲ?

လူအုပ်၏အကြည့်အောက်တွင် ကျွမ်းကျင်သူသည် ဘူးထဲမှ ရေများအားလုံးကို တစ်မော့တည်းကုန်သွားသည်။

“အာ…”

သူသည် ၎င်းကိုစဉ်းစားက ခေါင်းယမ်းလိုက်ပြီး “အရမ်းမိုက်တာပဲ”

ထိုကဲ့သို့အရသာရှိသည့်ရေကို သူပထမဆုံးအကြိမ်သောက်ဖူးခြင်းပင်။

“ကောင်းလိုက်တာ။ လာဦး ငါ့ကိုကိုင်ထား။ ငါနောက်တစ်ဘူးခပ်လိုက်ဦးမယ်”

ထိုခဏ၌ သူ၏အလုပ်ကိုပင် မေ့လျော့သွားပြီး ဤနေရာရှိရေကို သောက်ရန်သာ စိတ်ထဲရှိတော့သည်။

သူ့အဖော်များ၏အကူအညီဖြင့် နောက်ထပ် ရေဘူးအနည်းငယ်ကို ခပ်လိုက်ပြီး မော့သောက်ပစ်လိုက်သည်။

"ဟားဟားဟား အရမ်းကောင်းတာပဲ! တကယ်ကိုအရသာရှိတယ်။ ငါ့မွေးရပ်မြေက သဘာဝရေတွင်းထက် အများကြီးပိုကောင်းတယ်။ ဒီရေက အရမ်းမိုက်တာပဲ"

သူ၏ပုံစံက နှစ်တစ်ရာသက်တမ်းရှိသည့် နှစ်ချို့ဝိုင်ကိုသောက်လိုက်ရသကဲ့သို့ လူအုပ်ကို ခံစားရစေသည်။

"တကယ်အရသာရှိတာလား? ငါကိုလည်း နည်းနည်းလောက်တိုက်ပါဦး"

သူ၏အဖော်က သိချင်စိတ်ပြင်းပြစွာမေးသည်။

“ဒါဆို ခဏစောင့်။ ငါ ဘူးတစ်ဝက်လောက် သောက်နိုင်သေးတယ်။ လာ ငါ့ကို ကိုင်ထား” ကျွမ်းကျင်သူသည် ဘူးတစ်ဝက်လောက် သောက်ချင်သေးသည်။

ထိုအချိန်တွင် ကျောက်ဖုန်း၏အမူအရာမှာ ကို့ယို့ကားယားဖြစ်နေသည်ကို သူ နည်းနည်းလေးမှ သတိမထားမိပေ။ သူ၏နဖူးကြောကြီးများပင် ရှုံ့တွနေကာ ကျွမ်းကျင်သူက ရေသောက်နေသည်ကို တွေ့လိုက်ရသည့်အခါ မနေနိုင်ဘဲ သတိပေးလိုက်သည်။

“အဟမ်း အဟမ်း…မင်းအလုပ်စလို့ရပြီလား?”

ကျောက်ဖုန်း ပါးစပ်ဟလိုက်သည်နှင့် မျက်မှန်တပ်ထားသည့် ကျွမ်းကျင်ပညာရှင်မှာ ကျောက်ဖုန်းအားကြည့်ရင်း သူ၏ကိုယ်ကို ပြန်ဆုတ်လိုက်သည်။ ထို့နောက် ကျန်းဟန်ဘက်သို့လှည့်ကာ ရက်စက်ရှုံ့သည့်အမူအရာဖြင့်

"တောင်းပန်ပါတယ် သူငွေး။ ရေက အရသာရှိလွန်းလို့ ကျွန်တော် မထိန်းလိုက်နိုင်ဘူး..."

"ရပါတယ်။ မင်းသောက်ချင်ရင် သောက်လို့ရပါတယ်" ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် လက်ဝှေ့ယမ်းလိုက်သည်။

"ဟီးဟီး ကျေးဇူးပါသူငွေး" ကျွမ်းကျင်သူသည် ရယ်မောလိုက်ပြီး နောက်ထပ် ရေတစ်ဘူးခပ်လိုက်သည်။

တစ်ဝက်သောက်လိုက်ပြီးနောက် ဗိုက်တင်းလာသလို ခံစားလိုက်ရသည်။ ထို့နောက် သူ၏အဖော်များကို ရေဘူးပေးလိုက်သည်။ ရေကို မြည်းကြည့်ပြီးသည်နှင့် အားလုံးသည် ဗိုက်တင်းသည့်အထိ သောက်ကြသည်။

ကျွမ်းကျင်သူသည် ကျန်းဟန်ရှေ့သို့ လျှောက်လာပြီး သူ၏လေသံမှာ လေးနက်သွားကာ တကယ့်ကျွမ်းကျင်သူ(ပရော်ဖက်ရှင်နယ်) တစ်ယောက်အဖြစ်ပြောင်းလဲသွားသည်။

"ရေက အရမ်းကောင်းတယ်။ ဒါပေမဲ့ ရေငန်ငါးတွေကိုတော့ မွေးနိုင်လိမ့်မယ်လို့ ကျွန်တော်မထင်ဘူး။ ဒီတော့ ကျွန်တော် ရေချိုငါးတွေချည်းပဲ မွေးလိုက်ဖို့ အကြံပေးချင်တယ်။ ဘာလို့ဆို သူဌေးရဲ့ရေကန်က တစ်ကေကျော်လောက်ပဲကျယ်ဝန်းတယ်။ သူတို့ကို မွေးလို့မရနိုင်လောက်ဘူး"

-C 94 End

wunzinnosp

## အပိုင်း(၉၅)

"အင်း...အဲဒါလည်း အဆင်ပြေပါတယ်" ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

သူ၏အလုပ်ရှင်က စိတ်ထဲမထားသည်ကိုတွေ့လိုက်ရသည့်အခါ ကျွမ်းကျင်သူသည် စိတ်သက်ရာရစွာ သက်ပြင်းချလိုက်သည်။ ထို့နောက် သူသည် ပြုံးကာ "သူဌေးရေရေကန်က သိပ်မကြာခင်ကလုပ်ထားသလိုပဲ။ ဒီလိုမျိုးအရည်အသွေးကောင်းတဲ့ ရေကို ဘယ်ကနေရလာသလဲတော့ ကျွန်တော် တကယ်မသိဘူး။ ဈေးကွက်ထဲမှာ ဒီရေအရင်းအမြစ်ကို ကျွန်တော့ မတွေ့ဖူးဘူး။ ရေထဲမှာက ဇီဝပိုးမွှားတွေ မရှိဘူး။ အဲ့လိုမျိုးဆိုတော့ ငါးတွေကို အစာပုံမှန်ကျွေးဖို့တော့ လိုလိမ့်မယ်"

"ရေကန်အောက်ခြေမှာ ငါးစာတွေပြင်ထားပြီးပါပြီ" ကျန်းဟန် ခေါင်းညိတ်လိုက်သည်။ အစာနှင့်ပက်သတ်၍ အသားမြက်များရှိနေသဖြင့် ကျန်းဟန် စိတ်ပူစရာမလိုအပ်ချေ။

"အဲ့လိုလုပ်လို့မရပါဘူး"

ကျွမ်းကျင်သူ၏အမူအရာမှာ ပြောင်းလဲသွားပြီး သေချာပြောလိုက်သည်။

ငါးအစာကျွေးခြင်းသည် လေ့ရန်ထားရန် လိုအပ်သည်။ ၎င်းမှာ အလွန်အကျုံမဖြစ်နိုင်ချေ။ ငါးများသည် အစာဝသွားပါက ၎င်းတို့၏အသက်ရှူနှုန်းမှာ မြန်ဆန်လာပြီး အစာခြေရန် အောက်ဆီဂျင်က ကူညီပေးသည်။ အကယ်၍ ရေသည် ဟိုက်ပိုဆစ်ဖြစ်ပါက ငါးမှာ အစာဝသည့်အခါ သေချာပေါက်သေဆုံးသွားပေမည်။ ငါးစာကျွေးသည့်အခါ သေချာဂရုစိုက်ရန်လိုအပ်ပြီး အချို့ ညှံ့ဖျင်းသည့်အစာများကို အများအပြားမကျွေးနိုင်ပေ။ ညှံ့ဖျင်းသည့်အစာများမှာ ရေနှင့်ထိတွေ့သည့်အခါ ပွထလာပြီး ငါး၏အစာအိမ်ထဲတွင် ဖောင်းပွလာကာ အစာအိမ်ပေါက်သွားပေမည်။

"ကောင်းပါပြီ"

ကျန်းဟန် မထူးမခြားနားပင် ပြန်ပြောလိုက်သည်။

ကျွမ်းကျင်သူပြောသည့်အကြောင်းအရာများမှာ ကျိုးကြောင်းဆီလျော်သော်လည်း ဤနေရာသည် လခြမ်းတောင်ဖြစ်သည်။ သာမန်အသိဖြင့် ဆုံးဖြတ်နိုင်သည့် အရာမဟုတ်ပါပေ။

ရေက ဟိုက်ပိုဆစ်ဖြစ်မှာလား? အဲ့လိုဖြစ်စရာမရှိပါဘူး။ ဒါက စိတ်ဝိညာဉ်ရေတွေလေ။

အစားလွန်ပြီးသေဆုံးမှာလား? စိတ်မကောင်းပါဘူး။ ငါးတွေက အသားမြက်ကိုပဲ စားတယ်။ အဲ့လိုမျိုး ဘယ်တော့မှ ဖြစ်မှာမဟုတ်ဘူး။

စိုးရိမ်စရာ ဘာမှမရှိချေ။ ကျောက်ဖုန်းသည် ကျန်းဟန်၏ရည်ရွယ်ချက်ကို သိသဖြင့် မျက်မှန်နှင့် ကျွမ်းကျင်သူကို ကြည့်လိုက်ပြီး "ကောင်းပြီ စလိုက်ကြရအောင်"

"ကောင်းပါပြီ"

ကျွမ်းကျင်သူသည် ခေါင်းညိတ်လိုက်ပြီး

သူ၏အဖော်များဆီသိုလှည့်ကာ

“လာကြ။ အလုပ်လုပ်ကြမယ်။ ငါးမျိုးပေါက်တွကို ရေကန်ထဲလွှတ်ရအောင်”

ငါးများသည် ရေကန်ထဲသို့ ရောက်ရှိသွားသည်နှင့် တစ်စုံတစ်ရာကို ခံစားမိပြီး ပျော်ရွှင်သွားပုံရကာ ကန်ထဲတွင် ကူးခတ်နေကြသည်။ တစ်ခါတစ်ရံ ရေထဲမှခုန်နေကြကာ ရေမျက်နှာပြင်တွင် လှိုင်းများဖြစ်ပေါ်ပြီး ရေကန်ကို အသက်ဝင်လာစေသည်။

ငါးနှင့် ပုစွန်မျိုးပေါက်များကို ရေကန်ထဲလွှတ်ပြီးနောက် ကျောက်ဖုန်းသည် လက်ပြန္နတ်ဆက်ကာ ၎င်းတို့အား ပြန်ခိုင်းလိုက်သည်။

သူတို့သည် ခတ်ပုံအနည်းငယ်ရိုက်ရန် ခွင့်တောင်းကြသည်။ ကျန်းဟန် ခေါင်းညိတ်သဘောတူလိုက်သည်နှင့် ဝမ်းသာအားရပင် ခတ်ပုံရိုက်ကြသည်။ နေရာတိုင်းတွင် စုံနေအောင်

ရိုက်ချင်သော်လည်း မိနစ်အနည်းငယ်ကြာပြီးနောက် ရှောင်ပြေးရောက်ရှိလာကာ ၎င်းတို့အား အစွယ်ထုတ်ပြ၍ မာန်ဖီလိုက်သဖြင့် တောင်ပေါ်မှ ဆင်းသွားကြသည်။

ငါးကန်ပြီးသွားသည်နှင့် ကျန်းလီနှင့်ကျိုးဖေးသည် တောင်ပေါ်မှ ဖြည်းညှင်းစွာလျှောက်လာကြသည်။

"အစ်ကို"

ကျန်းလီသည် ပြေးလာပြီး စိတ်လှုပ်ရှားစွာဖြင့်ပြောလိုက်သည်။

"အစ်ကို ရှေ့ကပန်းတွေက အရမ်းလှတာပဲ။ နင်ဘယ်လိုစိုက်ထားတာလဲဟမ်?"

"ဟုတ်တယ် ဟုတ်တယ်။ ခဲအို။ နင်က အရမ်းတော်တာပဲ။ ငါတကယ် နင့်အတွက် လုပ်ပေးစရာတွေ အများကြီးရှိသေးတာပဲ။ ဒီလို သုခဘုံတစ်ခုကို နင် ဆောက်နိုင်လိမ့်မယ်လို့ ငါမထင်ထားဘူး။ ဒီနေရာက အရမ်းလှတယ်"

ကျိုးဖေး၏မျက်လုံးများမှာ ပြူးကျယ်နေပြီး အကဲပိုသည့်အမူအရာဖြင့်ပြောသည်။

“ဒီပန်းတွေကိုကြိုက်ရင် ပြန်စိုက်ဖို့ နည်းနည်းလောက် ယူသွားလေ”
ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် ပြန်ပြောသည်။

ထိုစကားကိုကြားသည့်အခါ ကျိုးဖေး၏မျက်လုံးများမှာ တောက်ပသွားသော်လည်း ကျန်းလီသည် ခေါင်းကို အဆက်မပြတ်ခါယမ်းကာ ပြောလိုက်သည်။
“အဲ့လိုလုပ်လို့မဖြစ်ပါဘူး။ ငါတို့မှာ ပန်းတွေကို ဂရုစိုက်နေဖို့ အချိန်မရှိဘူး။ တကယ်လို့ သူတို့သေသွားကြရင် ဘယ်လောက်ဝမ်းနည်းဖို့ကောင်းလဲ?”

“အမှန်ပဲ။ ဟင်း... လူတိုင်းက ပန်းလှလှလေးတွေကို ကြိုက်ကြပါတယ်။ ဒါပေမဲ့ သူတို့က အရမ်းလှလွန်းတယ်။ တစ်ပင်လေးတောင် စိုက်ဖို့မရဲဘူး။ တကယ်ကို

စိတ်မကောင်းစရာပဲ”

ကျိုးဖေး၏မျက်နှာမှာ ခါးသက်သွားသည်။

ထိုပန်းလှလှလေးများကို သူတို့ နည်းနည်းလေးမှ မစိုက်ဝံ့ချေ။ သူတို့ကိုယ်ကိုယ် ၎င်းတို့ကို ဂရုမစိုက်နိုင်မှာတော့ ဒီမှာပဲ ထားခဲ့တာက ပိုကောင်းပေသည်။ အချိန်ရသည့်အခါ သူမတို့ ဒီနေရာသို့လာပြီး မည်သို့မချင်း အလှအပကိုခံစားကြသည်က ပိုကောင်းပါသည်။

သို့သော် သူမတို့မသိခဲ့သည်က လခြမ်းတောင်၏စိတ်ဝိညာဉ်မြေဆီလွှာတွင် ရှိနေသမျှကာလပတ်လုံး စိတ်ဝိညာဉ်ရေ၏အာဟာရဖြည့်မှုဖြင့် ပန်းများမှာ မည်သို့နွမ်းရုံမက ကြာရှည်စွာ ပွင့်လန်းနေကြမည်ဖြစ်သည်။ စိတ်ဝိညာဉ်ရေကို အာဟာရ မရရှိသည့်အခါမှ ညှိုးနွမ်းပေလိမ့်မည်။

လက်ရှိဈေးကွက်တွင် နည်းပညာများဖွံ့ဖြိုးတိုးတက်ပေသည်။

နိုင်ငံတစ်ခု၏ပန်းကုမ္ပဏီတစ်ခုတွင် နေရောင်ခြည်နှင့် ရေလောင်းရန်မလိုအပ်သည့် မိန်းမလှလေးနှင့်သားရဲနှင်းဆီအမျိုးအစား ပန်းတစ်မျိုးကို တီထွင်နိုင်ခဲ့သည်။ ဖန်ပုလင်းဖြင့် ထည့်ထားသည့်အခါ ထိုပန်း၏ဈေးနှုန်းသည် ဒေါ်လာ တစ်သောင်းမှ သုံးသောင်းကြား ရှိပြီး လခြမ်းတောင်၏ပန်းများဆိုလျှင် ပြောနေစရာပင်မလိုတော့ချေ။

နှိုင်းယှဉ်မှုမရှိလျှင် ထိခိုက်မှုလည်းမရှိနိုင်သကဲ့သို့ အကယ်၍ ဈေးကွက်ထဲမှပစ္စည်းများနှင့် လခြမ်းတောင်မှပစ္စည်းများကို ယှဉ်ကြည့်ပါက သွေးအန်သည်အထိ စိတ်ဓာတ်ကျသွားပေမည်။

“အိုး…ဟုတ်သားပဲ…သူဌေး.....” ကျောက်ဖုန်း တစ်စုံတစ်ရာပြောခါနီးတွင်။

“ဖေဖေ ဒီကိုမြန်မြန်လာ!”

ကျန်းဟန်သည် အချိန်အတော်ကြာ ထွက်သွားသည့်အတွက်ကြောင့် မင်းသမီးလေးသည် ကစားရန် မစောင့်နိုင်တော့ဘဲ အသားကုန်အော်ဟစ်လိုက်သည်။

မင်းသမီးလေး၏ခေါင်းသံကိုကြားသည်နှင့် ကျန်းဟန်သည် အခြားသူများကို လစ်လျူရှုထားသည့်အမူအရာဖြင့် ချက်ချင်းလျှောက်ထွက်သွားသည်။

ကျောက်ဖုန်း၏နှုတ်ခမ်းထောင့်မှာ ရှုံ့မဲ့သွားပြီး ခွန်အားမဲ့နေသည့်မျက်နှာထားဖြင့် ကျန်းဟန်၏နောက်မှ လိုက်သွားသည်။

ဘေးနားရှိ ကျန်းလီနှင့် ကျိုးဖေးသည် ကျောက်ဖုန်း၏အမူအရာကို ကြည့်ပြီး ရယ်မောလိုက်ကြသည်။

"ဟေး ဖေဖေ ဘာလို့ အရမ်းနှေးတာလဲ? မုန့်မုန့်က အဝေးထိန်းလေယာဉ်ပျံနဲ့ ကစားချင်နေပြီ။ မစောင့်နိုင်တော့ဘူး"

ရှေ့သို့လျှောက်လာရင်း မုန့်မုန့်သည် အဝေးထိန်းလေယျာဉ်ဘူးလေးကို သယ်ကာ ကျန်းဟန်ဆီသို့ စိတ်အားထက်သန်စွာပြေးလာသည်။ မင်းသမီးလေးသည် ဖေဖေကို ဘူးဖွင့်ပြီး အဝေးထိန်းလေယာဉ်ကို တပ်ဆင်ခိုင်းကာ သူမ၏မေမေအား ထိတောင်ထိခွင့်မပေးချေ။

"ဖေဖေ လာနေပြီ" ကျန်းဟန်သည် ခြေလှမ်းအနည်းငယ် လှမ်းပြီးနောက် မုန့်မုန့်ကို ပွေ့ချီလိုက်ကာ ဇီယန်၏ဘေးရှိ နေရာတွင် ပြန်ထိုင်လိုက်သည်။ သူသည် ဘူးကိုဖွင့်လိုက်ပြီး မုန့်မုန့်ကစားရန် လေယာဉ်ကို ပြင်ဆင်ပေးလိုက်သည်။

"အစ်မယန်၊ ခဲအို က အရမ်းအံ့ဩဖို့ကောင်းတာပဲ။ ဒီလိုနေရာကို တည်ဆောက်နိုင်တယ်။ ဘုရားရေ ငါတကယ် အရင်က တွေးတောင်မတွေးရဲခဲ့ဘူး" ကျိုးဖေးသည် ဇီယန်၏ဘေးတွင် ထိုင်ရင်း လေးစားစွာပြောလိုက်သည်။

“အမှန်ပဲ ယောင်းမ။ ငါ့အစ်ကိုမှာ ဒီလို အရည်အချင်းရှိမှန်း ငါတောင်မသိလိုက်ဘူး။ မင်းနဲ့အတူတူနေပြီးမှ ပိုပြီးတော့တောင် သန်မာလာပုံရတယ်” ကျန်းလီသည် ခေါင်းယမ်းကာ ရယ်မောလိုက်သည်။

တစ်ချိန်တည်းမှာပင် သူမ၏စိတ်ထဲတွင် ခံစားချက် အနည်းငယ် ရှိနေသည်။ သူမသည် ယခုကဲ့သို့ တာဝန်သိတတ်သည့် အစ်ကိုကို တစ်ခါမျှ မမြင်ခဲ့ဖူးချေ။ မုန့်မုန့်ရောက်လာပြီးနောက်ပိုင်းတွင် ဤသို့ပြောင်းလဲသွားနိုင်ပါ့မလား?

ကျန်းလီသည် သူမဘာတွေးနေမိသည်ကို မိသသော်လည်း ယခင်က မောက်မာပြီး အထက်စီးဆန်သည့်ကျန်းဟန်နှင့်ယှဉ်လျှင် သူမသည် လက်ရှိ ကျန်းဟန်ကို ပို၍နှစ်သက်ကြောင်း သူမသိပေသည်။

ကျန်းလီနှင့် ကျိုးဖေးတို့ နှစ်ယောက်လုံး ကူရှင်ပေါ်တွင် ဝင်ထိုင်လိုက်ကြသော်လည်း ကျောက်ဖုန်းသည်တော့

ဝင်မထိုင်ချေ။ ထိုအစား သူသည် ဇီယန်ကို အနည်းငယ်ပြုံးကာ နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ သူဌေးကတော်"

ထိုလူများ၏စကားများကိုကြားသည့်အခါ ဇီယန် ဖျော့တော့စွာပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။ တစ်ချိန်တည်းတွင် ကျိုးဖေးအား ထူးဆန်းသည့်အမူအရာဖြင့် စိုက်ကြည့်နေခဲ့သည်။

ကျောက်ဖုးနှ်သည် အပြင်လူဖြစ်သဖြင့် သူမအား သူဌေးကတော်ဟု ခေါ်ဆိုသည်မှာ အဆင်ပြေပေသည်။ ကျန်းလီသည်လည်း ကျန်းဟန်၏ ညီမဖြစ်၍ သူမအား ယောင်းမဟု ခေါ်နိုင်သည်။သို့သော် မနေ့ညကတည်းကနေ ယခုအချိန်ထိ "ခဲအို" ဆိုသည့် နာမည်ကို ကျိုးဖေး အကြိမ်သုံးဆယ်မက ခေါ်နေခဲ့ပြီးပြီမဟုတ်ပါလား?

ထိုသစ္စာဖောက် ကျိုးဖေးကို ဇီယန် မျက်စောင်းထိုးကြည့်ရုံသာ တတ်နိုင်တော့သည်။

"ဟီးဟီး.."

ကျိုးဖေး စပ်ဖြဲဖြဲလုပ်လိုက်သည်။ ဇီယန်၏အမူအရာကိုကြည့်ရသည်မှာ ထိုအတွက် သူမ ဇွဲမယူသည်ကို သိနိုင်ပေသည်။ တစ်နည်းဆိုသော် သူမသည် ကျန်းဟန်ကို လုံး၀ မငြင်းပယ်ဘဲ သူ့ကို သဘောကျရန်မှာ ဖြစ်နိုင်ချေရှိပေ၏။

သို့သော် အခြားတစ်ဖက်တွင် သူတို့၏စကားလုံးများကြောင့် မုန့်မုန့်၏အာရုံကို ဆွဲဆောင်သွားခဲ့သည်။ မင်းသမီးလေးသည် ကျိုးဖေးဘက်သို့ ခေါင်းလှည့်ကြည့်ကာ သူမလေး၏ချစ်စရာပါးစပ်လေးကို နှုတ်ခမ်းစူရင်းဖြင့်

"အမ်။ ဖေဖေ က ဒါကို မုန့်မုန့်အတွက် လုပ်ပေးထားတာ။ မုန့်မုန့်အတွက် သုခဘုံလေး"

ထိုစကားကိုပြောပြီးသည်နှင့် မုန့်မုန့်သည် ချက်ချင်း ကျန်းလီကို ကြည့်ကာ

"သမီးရဲ့ဖေဖေက အမြဲတမ်း သန်မာတယ်။ စွမ်းအားအကြီးဆုံးပဲ"

နောက်ဆုံးတွင် မုန့်မုန့်သည် ကျောက်ဖုန်းကို ကြည်လင်တောက်ပသည့် မျက်လုံးကြီးများဖြင့် ကြည့်ကာ "ဟွန့် ဦးဦးက ဘယ်လိုပြောရမှန်းတောင်မသိဘူး။ သူ့ငွေးကတော်လှလှလေး လို့ ပြောရမှာ။ သမီးမေမေက အလှဆုံးပဲ" ဟု ပြောလိုက်သည်။

ထိုသို့ပြောပြီးသည်နှင့် မုန့်မုန့်သည် ကျန်းဟန်ကို လှည့်ကြည့်ကာ
"ဖေဖေ မုန့်မုန့်ပြောတာမှန်တယ်မလားဟင်?"

"ဟားဟားဟား...."
ကျန်းဟန် အားရပါးရ ရယ်မောလိုက်သည်။ ထို့နောက် မုန့်မုန့်၏ နူးညံ့သိမ်မွေ့သည့် လည်ပင်းလေးကို သူ၏ညာလက်ဖြင့် ဂရုတစိုက်ပွတ်သပ်ပေးရင်း "မုန့်မုန့်ပြောတာ လုံးဝမှန်တယ်"

"ခစ်ခစ် ခစ်ခစ်....."
မုန့်မုန့်သည် ဝမ်းသာပျော်ရွှင်စွာ ရယ်မောလိုက်၏။

မုန့်မုန့်၏ ချစ်စရာအသွင်ကိုကြည့်ပြီး ဇီယန်၊ ကျိုးဖေး၊ ကျန်းလီ နှင့် ကျောက်ဖုန်းတို့လည်း မရယ်ဘဲ မနေနိုင်ကြချေ။

"ကောင်းပြီ မုန့်မုန့် စလိုက်ကြရအောင်...."

ကျန်းဟန်သည် အဝေးထိန်းလေယာဉ်ကို ရှေ့တွင်ချလိုက်ပြီး ပလေးစတေရှင်ဂိမ်းခလုတ်ကဲ့သို့ အဝေးထိန်းခလုတ်ကို ကိုင်ထားသည်။ ကျန်းဟန်သည် မုန့်မုန့်အား အစမ်းသရုပ်ပြကာ သင်ပေးလိုက်သည်။ "ဘယ်ဘက်က ခလုတ်ကိုကြည့်၊ ဒါက လေယာဉ်ကို အပေါ်ပျံတက်တဲ့ခလုတ်၊ ညာဘက်က ဟာက လမ်းကြောင်းပြောင်းဖို့အတွက်...."

"အိုက်ယား...ဖေဖေကလည်း မုန့်မုန့်က အဲဒါကို သိတာဖြင့် ကြာ....လှပြီ။ မုန့်မုန့် ကစားချင်တယ်။ ကစားချင်တယ်..."

မုန့်မုန့်သည် ယခင်ကလည်း အဝေးထိန်းလေယာဥ်ဖြင့် ကစားခဲ့ဖူးသည့်အတွက် သူမသည် ခလုတ်များကို ကောင်းကောင်းသိပေသည်။

၎င်းကိုမြင်သည့်အခါ ကျန်းဟန်ရယ်မောလိုက်ပြီး မုန့်မုန့်ကို သူ၏ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။ အဝေးထိန်းခလုတ်ကို မုန့်မုန့်ဆီပေးလိုက်ကာ မင်းသမီးလေးသည် အဝေးထိန်းခလုတ်ဖြင့် စတင်ကစားတော့သည်။

"ဝါး...တက်သွားပြီ၊ နည်းနည်းပိုမြင့်မယ်၊ ဟမ် ဘယ်ကိုကွေ့မယ်။ အိုး...ညာဘက်ကိုကွေ့မယ်..အိုက်ယား...ဖေဖေ လေယာဥ်က ပြုတ်ကျတော့မယ်။ ဘာလုပ်ရမလဲ ဖေဖေ သမီးကို ကယ်ပါဦး...."

မုန့်မုန့်သည် ကစားနေရင်း လေယာဥ်ကို မထိန်းနိုင်တော့ဘဲ ဘေးသို့ယိမ်းကာ ပြုတ်ကျသွားသည်။

ပျက်ကျတော့မည်ကို တွေ့လိုက်သဖြင့် ကျန်းဟန်သည် သူမလေး၏လက်ကို ဆုပ်ကိုင်ကာ လေယာဉ်ကို တည်ငြိမ်အောင် ထိန်းလိုက်ပြီး အခြေအနေကို အလျင်အမြန်ကယ်တင်လိုက်သည်။

၎င်းက မုန့်မုန့်အား ပို၍ ပျော်ရွှင်စေသည်။ ယခင်က စကားခဲ့သည်များမှာ ဖေဖေ၏ရင်ခွင်ထဲတွင် ကစားရသည်လောက် ပျော်ဖို့မကောင်းပေ။

ကျောက်ဖုန်း၊ ကျန်းလီနှင့် ကျိုးဖေးတို့သည် ခဏကြာ စကားပြောနေကြပြီးနောက် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။

ထိုမိသားစုအား သီးသန့်အချိန်ပေးထားသင့်သည်ဟု သူတို့အားလုံး ခံစားမိသည်။

"အစ်ကို ဒါဆို ငါတို့ အရင်ပြန်နှင့်တော့မယ်။ သိပ်ပြီး နောက်မကျစေနဲ့။ နေ့လည်စာထမင်းချက်ဖို့ ပြန်လာမှာကို စောင့်နေမယ်"

“အင်း”

ကျန်းဟန် ခေါင်းပင်လှည့်မကြည့်ပဲ တစ်လုံးတည်းပြန်ဖြေသည်။

ထို့ကြောင့် ကျန်းလီနှင် ကျိုးဖေးတို့သည် မပြန်ချင် ပြန်ချင်ဖြင့် ထွက်ခွာသွားကြသည်။ အခြားတစ်ဖက်တွင် ကျောက်ဖုန်းသည်တော့ လခြမ်းတောင်သို့ အကြိမ်အနည်းငယ် ရောက်ဖူးပြီးသားဖြစ်သည်။ ထို့ကြောင့် သူမတို့ကဲ့သို့ တွန့်ဆုတ်မနေတော့ချေ။

သူတို့ထွက်ခွာသွားကြပြီးနောက် ကျန်းဟန်သည် မုန့်မုန့်နှင့်ဆက်၍ ကစားနေခဲ့သည်။ ဘေးနားရှိ ဇီယန်သည် အဖေနှင့် သမီး သားအဖကို အနည်းငယ် ဝေဝါးသည့်အကြည့်ဖြင့် ကြည့်နေခဲ့သည်။

ထိုအခိုက်အတန့်၌ ဘေးနားရှိ မွေးမြူရေးဧရိယာတွင်။

သိုးများ၊ နွားများ၊ နို့စားနွားများ၊ တိုင်ဟူနွားနက်စသည်တို့သည် ၎င်းတို့၏ကိုယ်ပိုင်နေရာများတွင် လှည့်လည်သွားလာနေကြသည်။ ဘဲများ နှင့် ငန်းများသည် ရေစပ်တွင် ဆော့ကစားနေကြပြီး အရွယ်ရောက်ပြီးသားကြက်များသည်တော့ သုံးလေးငါးကောင် အုပ်စုလိုက်ရှေ့ရှုနေကြ... 

ကျန်းဟန်သည် မရည်ရွယ်ဘဲ သူ၏အကြည့်ကို လွှဲလိုက်သည်။

ဟမ်?

ရုတ်တရက် ကျန်းဟန်၏အကြည့်သည် အရွယ်ရောက်ပြီးကြက်အုပ်ထံတွင် ရပ်တန့်သွားသည်။

ဆယ်မိနစ်ခန့် ကြည့်လိုက်ပြီးနောက်တွင် ပြဿနာတစ်ခုကိုတွေ့လိုက်သည်။

အရွယ်ရောက်ပြီး ကြက်မှာ စုစုပေါင်း ၃၁ ကောင်ရှိပြီး ဖီယန်ပြန်လာသည့်နေ့က သူတို့ နှစ်ကောင်စားလိုက်သည်။ အနည်းဆုံး ၂၉ ကောင်ကျန်ရမည်ဖြစ်သော်လည်း ယခု ကျန်းဟန် အချိန်အတော်ကြာ စောင့်ကြည့်ပြီးနောက်တွင် ကြက်မှာ ၂၇ ကောင်သာ ရှိတော့သည်။

ဘာတွေဖြစ်နေတာလဲ?

ကျန်းဟန်သည် မုန့်မုန့်ကို ဖီယန်ထံသို့ လွှဲပေးလိုက်ပြီး စစ်ဆေးရန် လျှောက်သွားသည်။

ဘေးနားရှိလမ်းလျှောက်နေသည့် ရှောင်ဟေးသည် ကျန်းဟန်လျှောက်သွားသည်ကို မြင်သည့်အခါ သူ၏အမူအရာမှာ ရုတ်တရက် နောက်တွန့်သွားသည်။ သူ၏အမြီးကို ခြေထောက်ကြားသို့ ကုတ်ကာ အလွန်လိမ္မာရေးခြားရှိသော ကလေးလေးကဲ့သို့ မုန့်မုန့်၏ဘေးနားသို့ တစ်လှမ်းချင်းလျှောက်သွားသည်။

ယေဘုယျအားဖြင့် ခွေးများသည် သူတို့အမှားလုပ်မိသည်ဟုယူဆသည့်အခါမှသာ ဤသို့ သတိကြီးကြီးထားပြီး အလွန်နာခံတတ်သည့်အမူအရာ ပြုမူကြလေ့ရှိသည်။

ကျန်းဟန်သည် ကြက်အိပ်တန်းစင်၏ဘေးနားသို့ တန်းတန်းမတ်မတ်လျှောက်သွားပြီး အတွင်းဘက်သို့ လှမ်းကြည့်လိုက်သည်။ မြို့ထဲတွင် ဥ ဥနေသည့် ကြက်မရှိဘဲ အပြင်ဘက်တွင် ကြက် ၂၇ ကောင်သာ ရှိနေသည်။ အမှန်တကယ် ကြက်နှစ်ကောင် ပျောက်နေသည်။

ထို့ကြောင့် ကျန်းဟန်သည် ရှောင်ပေးအား ကြည့်လိုက်သည်။ သူ၏အမူအရာကိုမြင်သည့်အခါ ကျန်းဟန် ရယ်ရခက် ငိုရခက်ဖြင့် လက်ကို ဝှေ့ယမ်းလိုက်သည်။

ရှောင်ပေးသည် သူ၏ခြေထောက်ကြားတွင် အမြီးကို ကုတ်ကာ လမ်းလျှောက်နေသည်။ ရက်ရွံ့သလိုလိုပုံစံဖြင့်

ချဉ်းကပ်လာသည့် ရှောင်ပေးကို ကြည့်ရသည်မှာ တစ်ခုခုမှားနေပုံရသည်။

ကျန်းဟန် ပြုံးကာ ခေါင်းယမ်းလိုက်ပြီး

“မင်း ကြက်နှစ်ကောင်စားလိုက်တာလား?”

ကျန်းဟန်အတွက် ကြက်အနည်းငယ်စားလိုက်ပါက ပြဿနာမရှိပေ။ နောက်ဆုံးတွင်တော့ ရှောင်ပေးသည်လည်း ထိုအသားစားသတ္တဝါများထဲမှ တစ်ကောင်ပင်မဟုတ်ပါလား။ သို့သော် ယခု လခြမ်းတောင်တွင် ကြက်မှာ အကောင်ရေအနည်းငယ်သာရှိသေးသည်။ ထို့ကြောင့် သကောင့်သားအား အလွန်အကျွံ စားခွင့်ပြု၍ မဖြစ်ပေ။

သူ၏စကားကိုကြားသည့်အခါ ရှောင်ပေးသည် ခေါင်းယမ်းလိုက်ပြီး သူကိုယ်တိုင်မစားသည့်အကြောင်း ပြသသည်။ တစ်ချိန်တည်းမှာပင် သူ၏အနောက်ဘက် တောအုပ်ဆီသို့ လှည့်ကြည့်သည်။

"အိုး?"

ကျန်းဟန် မျက်မှောင်ကြုတ်ကာ တစ်ချက်ကြည့်လိုက်သည်။

တစ်ခြားတစ်ကောင်က ကြွက်ကို စားနေတာလား?

ကျန်းဟန်၏ခန္ဓာကိုယ်ရှိ စိတ်ဝိညာဉ်စွမ်းအင်များသည် သူ၏မွေးရာပါ စွမ်းရည်ဖြစ်သော ရတနာအနံ့ခံနှာခေါင်းဆီသို့ စီးဆင်းသွားသည်။ တောအုပ်ဆီသို့ ဦးတည်လိုက်ရာ ကျန်းဟန်သည် သွေးနံ့ကို ခံစားလိုက်ရသည်။

ထိုနေရာတွင် လတ်ဆတ်သည့်သွေးနံ့ ရှိနေသည်။

တစ်ယောက်ယောက် စားခဲ့တာလား? ဒါမှမဟုတ် အဲဒီမှာ တခြားတစ်ခုခုရှိနေတာလား?

ကျန်းဟန်သည် တောအုပ်ဆီသို့ လျှောက်သွားသည့်အခါ ရှောင်ပေးသည် အပြစ်ရှိသည့်အမူအရာဖြင့် သူ၏နောက်မှ ကပ်လိုက်လာသည်။

သို့သော် တောအုပ်အစွန်သို့ ရောက်သည်နှင့်....

“ပလုံ!”

နောက်ဘက်ရှိ ရေကန်သည် ရုတ်တရက် ရေပွက်သံ ထွက်ပေါ်လာသည်။

ကျန်းဟန် လှည့်ကြည့်လိုက်သည့်အခါ မုန့်မုန့်သည် စိုးရိမ်တကြီးဖြင့် အော်ဟစ်နေသည်ကို တွေ့လိုက်ရသည်။ “မေမေ မေမေ!”

သူမ ရေထဲကျသွားတာလား?

......

ကျန်းဟန် သစ်တောဘက်သို့ သွားရန်ပြင်လိုက်သည့်အချိန် သူ၏အကြည့်က မုန့်မုန့်၏ဘေးနားသို့ ရောက်သွားသည်။

မုန့်မုန့်သည် လေယာဉ်ကို ထိန်းချုပ်ရင်း နောက်တစ်ကြိမ် ပြုတ်ကျခဲ့သည်။

"အိုက်ယား မေမေ မေမေ လေယာဉ်ပျက်ကျတော့မယ်"

ဇီယန်သည် ကမန်းကတန်းဖြင့် အခြေအနေကို ကယ်တင်ရန် ကြိုးစားလိုက်သော်လည်း သူမ မကယ်တင်နိုင်ခဲ့ချေ။ လေယာဉ်သည် ရေကန်ထဲသို့ ကျလုနီးနီးဖြစ်နေပြီး အတွင်းဘက်ကမ်းနား ဟော်လီပင်များတွင် ချိတ်နေသည်။

ဇီယန်သည် လေယာဉ်ကို ပြန်ယူရန် လျှောက်သွားပြီး သူမ၏ကိုယ်ကို လှမ်းလိုက်ရာ ဘေးသို့ချော်သွားပြီး ဟန်ချက်မထိန်းနိုင်ဘဲ ရေကန်ထဲသို့ ပြုတ်ကျသွားသည်။

ရေကန်သည် ထိုမျှ နက်လိမ့်မည်ဟု သူမ မမျှော်လင့်ထားချေ။ မူလက ရေကူးတတ်သော်လည်း ရုတ်တရက်ဖြစ်၍ ထိတ်လန့်သွားသည်။ သူမသည် ရေမျက်နှာပြင်ကို လက်ဖြင့် တဖြန်းဖြန်း ဆက်တိုက်ပုတ်နေသည်။

၎င်းကိုမြင်သည့်အခါ ကျန်းဟန် တုန်လှုပ်သွားပြီး ချက်ချင်းနောက်ပြန်ပြေးသွားသည်။ သူတစ်ကိုယ်လုံးရှိ စိတ်ဝိညာဉ်စွမ်းအင်များကို လှည့်ပတ်လိုက်ပြီး ခြေထောက်နှစ်ဖက်ဆီသို့ စိတ်ဝိညာဉ်စွမ်းအင်များဖြန့်ကျကာ လေးညှို့မှ ပစ်လွှတ်လိုက်သည့် မြှားတံကဲ့သို့ ရှေ့သို့ ပြေးထွက်သွားကာ ခုနှစ်မီတာ ရှစ်မီတာခန့် ရွေ့လျားသွားပြီး ခြေဖဝါးများသည် ရေမျက်နှာပြင်ကို ထိနေသည်။

ရေကို ပေါ့ပေါ့ပါးပါးပင် ထိသွားသည်မှာ ပုစဉ်းတစ်ကောင်ကဲ့သို့ပင်။ တစ်လှမ်းပြီးတစ်လှမ်း ညင်သာလွန်းသည့်အတွက် လှိုင်းမထချေ။

ဗီယန်သာ ဤမြင်ကွင်းကို မြင်လိုက်ပါက သူမ မယုံနိုင်လောက်အောင် ထိတ်လန့်သွားမည်မှာ သေချာသည်။

သို့သော် ယခုတော့ သူမ ဂရုမစိုက်နိုင်ချေ။

မီတာ ၂၀၀ ဝန်းကျင် အကွာအဝေးကို ကျန်းဟန်သည် ၁၀ စက္ကန့်သာ အသုံးပြုခဲ့သည်။

အနားသို့ရောက်သည့်အခါ ကျန်းဟန်သည် ရေထဲသို့ ခုန်ချလိုက်ပြီး ငါးတစ်ကောင်ကဲ့သို့ လျင်မြန်စွာ ကူးခတ်ကာ ဇီယန်ကို ဆွဲယူလိုက်သည်။

"အဟွတ် အဟွတ် အဟွတ်....ဖူး..."

ဇီယန်သည် ရေအနည်းငယ်ကို ထွေးထုတ်လိုက်ပြီး အသက်ပြင်းပြင်းရှူလိုက်သည်။ ကျန်းဟန်သည် သူမအား ရေကန်အစပ်သို့ ဆွဲတင်လိုက်သည်။

ကျန်းဟန်သည် သူမ၏လက်ကို တစ်ချိန်လုံး ဆုပ်ကိုင်ထားပြီး ကမ်းစပ်သို့အရင် ဆွဲတင်လိုက်သည်။ ထို့နောက် ဇီယန်ကို ဆွဲယူကာ သူ၏လက်မောင်းအတွင်းသို့ ပွေ့ချီလိုက်သည်။

"မေမေ..မေမေ...ဝါး..ဝါး....မေမေ အဆင်ပြေလား....?"

မုန့်မုန့်သည် ဘေးနားမှ စိုးရိမ်တကြီးဖြင့် ငိုနေသည်။

ဇီယန်သည် ချောင်းအနည်းငယ်ဆိုးလိုက်ပြီး အသက်ပြင်းပြင်းရှူကာ မုန့်မုန့်ကို ပြုံး၍ ပြောလိုက်သည်။ “မေမေ အဆင်ပြေပါတယ်။ မုန့်မုန့် မငိုနဲ့တော့နော်”

ထိုနောက် ကျန်းဟန်သည် ဇီယန်ကို ပွေ့ချီကာ ကုရှင်ဆီသို့ လျှောက်သွားသည်။ မုန့်မုန့်သည် မငိုတော့သော်လည်း သူမလေး၏မျက်လုံးထောင်များတွင် မျက်ရည်စလေးများ တွဲလဲခိုနေသေးသည်။

ဇီယန်ကို ကုရှင်ပေါ် ချပေးလိုက်ပြီးနောက် သူမသည် အားပြန်ပြည့်လာကာ မုန့်မုန့်ကို ခဏလောက် ချော့မော့လိုက်သည်။ ထိုအခိုက်အတန့်တွင် ကျန်းဟန်သည် ဘေးနားမှ တိတ်ဆိတ်စွာ ကြည့်နေခဲ့သည်။

ခဏအကြာတွင် မုန့်မုန့်သည် ပြန်၍ ပျော်ရွှင်လာသည်။ ဇီယန်သည် မုန့်မုန့်၏ခေါင်းလေးကို ပြုံးကာ ပွတ်သပ်ပေးရင်း ကျန်းဟန်ဘက်သို့ခေါင်းလှည့်ကာ အပြစ်တင်သည့်လေသံဖြင့် ပြောလိုက်သည်။

"ရေက အရမ်းနက်တယ်ဆိုတာကို ရှင်ဘာလို့ ကျွန်မကို မပြောတာလဲ?"

သူမလှည့်ကြည့်လိုက်သည့်အခိုက်အတန့်တွင် သူမ၏လှပသည့် အသွင်အပြင်ကောက်ကြောင်းများသည် ကျန်းဟန်၏မြင်ကွင်းအတွင်း၌ ပြီးပြည့်စုံစွာ ပေါ်လွင်ပြသနေခဲ့သည်ဆိုတာကို သူမ နည်းနည်းလေးမှ မသိလိုက်ပေ။

ဇီယန်သည် ပါးလျသည့် အဖြူရောင် အားကစားဝတ်စုံကို ဝတ်ဆင်ထားသည်။ သူမ၏တစ်ကိုယ်လုံးမှာ စိုစွတ်နေပြီး အကျႌမှာ ကပ်နေကာ ဝတ်ထားသည့် ပန်းရောင်အတွင်းခံလေးမှာ လုံးဝ ပေါ်လွင်နေသည်။ သူမ၏ ဖောင်းကြွတင်းရင်းနေသည့် အမို့အမောက် များမှာ လုံးဝပေါ်လွင်နေပြီး ကျန်းဟန်အား နှာခေါင်းသွေးလျှံသွားစေလောက်သည်။

ဤအခိုက်အတန့်တွင် သူမသည် ပါးလွှာသော အဖြူရောင်ပိတ်စဖြင့် ဖုံးအုပ်ထားသည့် နတ်သမီးရုပ်လေးအလားပင်။

ထင်ရှား မို့မောက်သည့် စနေနှစ်ခိုင်မှာ သွေးဆောင်ဖြားယောင်းနေပြီး ကိုင်ကြည့်ချင်စိတ်ပင် ပေါက်သွားစေသည်။

ကျန်းဟန်၏အကြည်များသည် အထိန်းအချုပ်မဲ့စွာဖြင့် အပေါ်အောက် စုံဆန်ရွေ့လျားနေပြီး သူ၏မျက်လုံးများတွင် အံ့သြသမှုအချို့ရှိနေသည်။

မူလက ဇီယန်၏ပုံစံမှာ အနည်းငယ် ပိန်သည်ဟု သူခံစားရသည်။ သူမ၏ခန္ဓာကိုယ် အပေါ်ပိုင်းသည် တောင့်တောင့်တင်းတင်း မဟုတ်သော်လည်း အချို့နေရာများက ဤမျှလောက် ဖွံ့ဖြိုးကြီးထွားလိမ့်မည်ဟု သူ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ချေ။

ကျန်းဟန်သည် ပြောင်ပြောင်တင်းတင်းပင် ၎င်းတို့အား ကြည့်နေရင်း စိတ်ထဲမှ ကြိတ်၍ ချီးကျူးလိုက်မိသည်။

ဇီယန်သည် သူ၏အကြည့်ကို သတိပြုမိသွားသည့်အခါ သူမကိုယ်သူမ ပြန်ငုံ့ကြည့်လိုက်ပြီး တစ်စုံတစ်ရာလွဲမှားနေကြောင်း တွေ့လိုက်ကာ မျက်နှာမှာ နီရဲသွားသည်။ သူမသည် ကျန်းဟန်အား လှပသည် မျက်လုံးများဖြင့် စိုက်ကြည့်ကာ နူးနူးညံ့ညံ့ပင် ကြိမ်းမောင်းလိုက်သည်။

"ရှင်ဘာကြည့်နေတာလဲ!"

-C 95 End

wunzinnosp

## အပိုင်း(၉၆)

"အာ..."

ဇီယန့်၏မျက်လုံးလှလှလေးများကိုမှိတုတ်မှိတ်တုတ်နှင့် နီရဲနေသောနှင်းဆီဖူးမျက်နှာလေးကို တွေ့လိုက်ရသည့်အခါ ကျန်းဟန့်၏နှလုံးသားမှာ အနည်းငယ် သွေးဆောင်ခံလိုက်ရသည်။

"ဖေဖေ ဘာကြည့်နေတာလဲ?"

မုန့်မုန့်သည် ဇီယန့်၏လေသံကို တုပကာ မျက်လုံးကြီးများဖြင့် စိုက်ကြည့်ရင်း သူမ၏မေမေပြောသည့်အတိုင်း နှုတ်ခမ်းလေးကိုဆူကာ ပြောလိုက်သည့် သူမလေး၏အသွင်အပြင်မှာ အစွမ်းကုန်ချစ်စရာကောင်းနေတော့သည်။

၎င်းကိုမြင်သည့်အခါ ကျန်းဟန် ခေါင်းယမ်းကာ ရယ်လိုက်သည်။ သူသည် ဇီယန့်ကိုကြည့်လိုက်ပြီး " အရင်ပြန်ကြရအောင်။

မင်းရဲ့အဝတ်အစားတွေအကုန်စိုသွားပြီ။ မင်း အဆင်မပြေဖြစ်နေမယ်”

“အွန်း” ဇီယန် ညင်သာစွာ သူမ၏နဖူးကို ပုတ်လိုက်သည်။

အဝတ်အစားများ စိုနေသည့်အတွက် မဆင်မပြေဖြစ်နေသည်သာမက ကျန်းဟန် သူမကို ကြည့်နေသည့်ပုံမှာလည်း စိတ်မသက်မသာခံစားရစေသည်။

‘ဟွန်း ဒီအကောင်က ငါ့ကို မုန့်မုန့်ရဲ့အမေဖြစ်နေလို့ အမြဲတမ်း အနိုင်ကျင့်နေတာပဲ’

ဇီယန် စိတ်ထဲတွင် လျှို့ဝှက်စွာ နှာခေါင်းရှုံ့လိုက်သည်။ သို့သော် သူမ၏မျက်နှာတွင်တော့ ဘာမှ ဖော်ပြခြင်းမရှိချေ။

ၚင်းမှာ သူမသည် ကျန်းဟန်အား အပြင်လူတစ်ယောက်အဖြစ် မဆက်ဆံကြောင်း ပြောရန် လုံလောက်ပေသည်။ မဟုတ်ပါက ထိုကဲ့သို့သောအမူအရာများကို ထားဦးတော့

ဇီယန်၏ပြုံးနေသည့်မျက်နှာကိုပင် ကျန်းဟန် မြင်နိုင်မည်မဟုတ်။

ဇီယန် ထရပ်လိုက်ပြီးနောက် ကျန်းဟန်သည် ပါရာဆိုထီးနှင့် ကုရှင်ကို သိမ်းလိုက်သည်။

ထိုအချိန်တွင် မုန့်မုန့်သည် သူမ၏လေယာဉ်ပုံကို သတိရသွားသည်။ သူမလေးသည် အနည်းငယ် စိုးရိမ်စွာဖြင့် "အိုက်ယား ဖေဖေ လေယာဉ်ပျက်ကျသွားပြီး၊ သမီးတို့ လေယာဉ်ကို သွားကယ်ကြမယ်"

"အိုကေ"
ကျန်းဟန် ပြန်ပြောလိုက်ပြီး လေယာဉ်ဆီသို့ သွားရန် ပြင်လိုက်သည်။

သို့သော် ကျန်းဟန် ရှေ့တစ်လှမ်းသာ လှမ်းရသေးသည် သူ၏ဘေးနားရှိ ရှောင်ပေါ်သည် အော်ဟစ်ကာ ပြေးထွက်သွားသည်။

သူ၏အရှိန်မှာ အလွန်လျင်မြန်ပြီး ခြေလေးချောင်းမှာ အပေါ်အောက် ရွေ့လျားနေသည်။

အကူအညီမဲ့စွာပင် ၎င်းမှာ နယ်မြေ၏ဘဏ္ဍာထိန်းလေးပင်ဖြစ်သည်။ ကျန်းဟန်သည် ကြက်နှစ်ကောင်လျှော့နေကြောင်း သတိပြုမိသည့်အခါ ရှောင်ပေးသည် သူပြသနည်းနည်း ရှာလိုက်မိပြီဆိုသည်ကို ခံစားလိုက်ရပြီး ယခုအချိန်တွင် သူသည် အကောင်းဆုံးဖြစ်အောင် တာဝန်ထမ်းဆောင်ချင်သည်။

ရှောင်ပေး၏ အလျင်မှာ အလွန်အမင်းကို လျင်မြန်ပေသည်။ ဆယ်စက္ကန့်ခန့် ပြေးသွားပြီးနောက်တွင် ရေကန်အစပ်သို့ရောက်ရှိသွားသည်။ တစ်ချက်ခုန်လိုက်သည်နှင့် သူ၏တစ်ကိုယ်လုံးသည် တစ်မီတာကျော်အထိ မြင့်တက်သွားပြီး ဟော်လီပင်တွင် ချိတ်နေသည့် လေယာဉ်ကို ပါးစပ်ဖြင့် ဆွဲယူလိုက်သည်။

“ပလုံ!”

ရှောင်ဟေးသည် ရေကန်ထဲသို့ ပြုတ်ကျသွားပြီး တည်ငြိမ်စွာပင် ခေါင်းကိုမော့ကာ ကူးခတ်လာသည်။ လေယာဉ်ကို ယူလာပေးရင်း သူ၏မျက်နှာမှာ မျက်နှာငယ်လေးဖြစ်နေခဲ့သည်။

အမှန်တကယ်တော့ ဇီယန် ရေကန်ထဲသို့ ပြုတ်ကျသွားသည်မှာလည်း ကျန်းဟန်နှင့် အနည်းငယ် သက်ဆိုင်ပေသည်။ ပုံမှန်ဆိုလျှင် ရှောင်ဟေးသည် နယ်မြေကိစ္စများကို ကြည့်ရှုနေရပြီး ကျန်းဟန်သည် ရှောင်ဟေးအား အဝေးသို့ ခေါ်သွားသည့်အချိန်မှ ထိုသို့ဖြစ်သွားခြင်းဖြစ်သည်။ အကယ်၍ ရှောင်ဟေးသာ ဤနေရာတွင် ရှိနေခဲ့ပါက ဇီယန်ကို အန္တရာယ်တစ်စုံတစ်ရာ မဖြစ်စေရန် ကာကွယ်ပေးမည်မှာ သေချာပေသည်။

သို့သော် ဇီယန်သာ ရေထဲပြုတ်မကျခဲ့လျှင် ကျန်းဟန်သည်လည်း သူမ၏ လှပသည့်

အသွင်အပြင်ကောက်ကြောင်းများနှင့် ရက်ရွှံ့နေသည့်အမူအရာကို တွေ့နိုင်မည်မဟုတ်ချေ။

"ဟမ် ရှောင်ပေါက အရမ်းအစွမ်းတော်တာပဲ"

မုန့်မုန့်သည် ရှောင်ပေါ၏ပါးစပ်မှ လေယာဉ်ကိုယူလိုက်ကာ လက်ကလေးကို ဆန့်၍ ရှောင်ပေါ၏ ခေါင်းကို ပုတ်လိုက်သည်။

ရှောင်ပေါသည် ပျော်ရွှင်စွာဖြင့် မုန့်မုန့်အား အကြိမ်အနည်းငယ် လှည့်ပတ်နေသည်။ ၎င်းကို မြင်သည့်အခါ ကျန်းဟန် ခေါင်းယမ်းကာ ပြုံးလိုက်သည်။ ရှောင်ပေါ၏အကြည့်များက သူ့အား တိတ်တဆိတ်အကဲခတ်နေသည်ကို သူမြင်လိုက်ရသောကြောင့်ဖြစ်သည်။

ကြက်နှစ်ကောင်ခိုးရုံပဲဟာကို ပြဿနာမရှိပါဘူး။

ကျန်းစန်သည် ရှောင်ပေါးအား အပြစ်ပေးရန် ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးပေ။ တူညီသည့်မိသားစုဝင်တစ်ယောက်နှင့် နယ်မြေ၏ဘဏ္ဍာထိန်းတစ်ယောက်အနေနဖြင့် သူသည် ရှောင်ပေါးကို ဆိုးဆိုးရွားရွား ဆက်ဆံမည်မဟုတ်ချေ။

မုန့်မုန့်သည် ရှောင်ပေါးနှင့်အခြားခွေးကလေးများကို နှုတ်ဆက်ပြီးနောက် ကျန်းဟန်၊ ဇီယန်တို့နှင့်အတူ တောင်ပေါ်မှ ဆင်းရန် ပြင်နေခဲ့သည်။

ပန်ဒါကားလေး၏ရှေ့သို့ရောက်လာသည့်အခါ ကျန်းဟန်သည် ခဏလောက်စဉ်းစားလိုက်ပြီး သူ၏ဂျာကင်ကိုချွတ်ကာ ဇီယန်၏ကိုယ်ပေါ်သို့ ခြုံပေးလိုက်သည်။

"ဒါကိုဝတ်ထား။ အအေးမမိစေနဲ့..."

ဇီယန်၏အမူအရာမှာ ခဏလောက်ရပ်တန့်သွားပြီး သူမ၏နဖူးကိုအသာအယာပုတ်လိုက်သည်။

သူမသည် မုန့်မုန့်နှင့် နောက်ထိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ကျန်းဟန်သည် ကားပေါ်သို့တက်ခါနီးသည့်အချိန်မှ သန့်စင်သောယန်ရေကို သတိရသွားသည်။ သူ ထိုကိစ္စကို မေ့သွားခဲ့သည်။

"ငါ ယူစရာတစ်ခုရှိသေးတယ်"

ကျန်းဟန်သည် ထိုသို့ပြောကာ နောက်ပြန်လှည့်ပြီး လခြမ်းတောင်ပေါ်သို့ လျှောက်သွားသည်။

ဇီယန်သည် ကားပေါ်မှတစ်ဆင့် ကျန်းဟန်၏နောက်ကျောကိုကြည့်ရင်း နှာခေါင်းရှုံ့လိုက်သည်။

'သူက အအေးမမိစေဖို့တောင် ပြောသွားသေးတယ်။ ဒီလိုမျိုး နေပူတဲ့နေ့မှာ သူမ၏ကိုယ်ကို ကာကွယ်ပေးရန် သူ၏အင်္ကျီကြီးကို သုံးသွားတယ်။ အအေးမိမှာကြောက်ရင် ဘာလို့အစောကြီးကတည်းက မပေးတာလဲ။ ဘာလို့ တောင်အောက်ကို ဆင်းလာနေသေးလဲ။ ဟွန့်!'

သူမ၏စိတ်ထဲတွင် ထိုသို့တွေးနေသော်လည်း ဇီယန်သည် ကျေနပ်မှုကို ခံစားနေရသေးသည်။ နောက်ဆုံးတွင်တော့ ထိုအသေးစိတ်အချက်လေးများ၌ ကျန်းဟန်သည် သူမကို ဂရုစိုက်သေးကြောင်း သူမပြောနိုင်ပေသည်။

ကျန်းဟန်သည် ယန်မိုးကြိုးသစ်ပင်သို့ပြန်ရောက်သည့်အခါ သန့်စင်သောယန်ရေကို နို့ထည့်သည့်ပုံးလေးတစ်ပုံးဖြင့် ဖြည့်လိုက်သည်။ ထို့နောက် တောင်ပေါ်မှ ပြန်ဆင်းကာ စားသောက်ဆိုင်သို့ ပြန်လာခဲ့သည်။

မူလက ကျန်းဟန်သည် နေ့လည်ခင်းမွန်းတည့်ချိန်အထိ ကစားရန် စီစဉ်းထားသည်။ သို့သော် ဇီယန်သည် ရေကန်ထဲပြုတ်ကျသွားသဖြင့် တစ်နာရီစော၍ ပြန်လာခဲ့ကြသည်။

သူမ ရေထဲပြုတ်ကျသွားသောကြောင့် နေ့လည်စာစားရန် အချိန်အတော်ကြာစောင့်ရပေမည်။

စားသောက်ဆိုင်သို့ ပြန်ရောက်သည့်အခါ ကျန်းလီသည် ကျိုးဖေးနှင့် အာလူးဖုတ်နေကြသည်။

ကျန်းဟန်နှင့် ဇီယန်သည် ခေါင်းမှခြေအဆုံး စိုရွှဲနေသည်ကို တွေ့လိုက်ရသည့်အခါ သူမတို့ အံ့သြသွားကြသည်။

"အိုး! အစ်မယန် ငါတို့တောင်ပေါ်ကနေ ပြန်လာတာ ဘယ်လောက်မှတောင်မကြာသေးဘူး။ နင်...နင်နဲ့ ခဲအို ဘာတွေလုပ်လာကြတာလဲ? နင်တို့ မန်းဒရင်းဘဲ ဂိမ်းကစားလာကြတာလား?" ဟု အံ့သြတုန်လှုပ်နေသည့်အမူအရာဖြင့် ကျိုးဖေး ပြောလိုက်သည်။

"အရှုးမ နင်ဘာတွေ ပေါက်ကရလျှောက်ပြောနေတာလဲ? ငါနင့်ပါးစပ်ကို အပ်နဲ့ချုပ်ပိတ်ထားရမလား" ဇီယန် သူမအား ရက်စက်မည့်ပုံစံ စိုက်ကြည့်လိုက်သည်။

“အမ်..အဲ့လိုမဟုတ်ဘူး။ အဲ့ဒါ မေမေလေ မေမေ။ မေမေက မုန့်မုန့် လေယာဉ်ပြုတ်ကျသွားတာကို ကူညီချင်တာ။ အဲဒါနဲ့ မေမေက ရေထဲကို ပြုတ်ကျသွားတယ်။ ဖေဖေက အမြန်ပေးလာပြီးတော့ မေမေ့ကို ကယ်လိုက်တာ” မုန့်မုန့်သည် နှုတ်လမ်းလေးစူကာ ဘာတွေဖြစ်ပျက်လာသည်ကို ရှင်းပြသည်။ ကျန်းဟန် ရေပေါ်တွင် ပုံသန်းနေသည်ကို သူမလေး မြင်လိုက်သည်။

မုန့်မုန့်သည် ရေပေါ်တွင် လမ်းလျှောက်ခြင်း၏ အဓိပ္ပာမှာ မည်မျှကြီးမားကျယ်ပြန့်သည့်ကို နားမလည်သော်လည်း ထိုစဉ်က ဖေဖေမှာ အလွန်မိုက်သည်ဟု သူမလေး ခံစားရသည်။

ကျန်းဟန်သည် မုန့်မုန့်၏ခေါင်းလေးကို ပွတ်ကာ ရယ်မောလိုက်သည်။ သူ၏မိသားစုအား သူသန်မာလာသည့်မြင်ကွင်းကို တွေ့သွားသည်အား သူမည်သို့မျှ စိတ်ထဲမထားပေ။ အချိန်ကြာလာသည်နှင့်အမျှ

သူတို့သည် ထိုအရာများကို ပို၍ နားလည်လာပြီး ကျန်းဟန်သည် သူ၏မိသားစုများကို အနာဂတ်တွင် ကျင့်ကြံရန် ခေါ်ဆောင်သွားမည်ဖြစ်သည်။

လူတစ်ယောက်သည် ကောင်းကင်ဘုံသို့ တက်လှမ်းနိုင်သည်ဟူသော ဆိုရိုးစကားတွင် အမှန်တရားများ အများအပြားပါဝင်ပေသည်။

ထို့အပြင် ကျန်းဟန်၏ပထမခြေလှမ်းသည် အမှန်တကယ်တွင် ရေမျက်နှာပြင်ပေါ်တွင် နင်းမိခြင်းမဟုတ်ပေ။ ၎င်းမှာ သူ၏လက်ရှိ အရှိန်ဖြင့် ရေထဲတွင် သတ်မှတ်ထားသည့်အကွာအဝေးအထိ ပြေးနိုင်သည်ဟူသော အဆိုကို အခြေခံထားသည်။

ကျန်းဟန်၏လက်ရှိ ခွန်အားဖြင့် မီတာရာဂဏန်းမျှသာ ပြေးနိုင်သည်။ ရေမျက်နှာပြင်ပေါ်တွင် လမ်းလျှောက်နိုင်ရန်အတွက် စိတ်တိုညဉ်စွမ်းအင်ကို

ထုတ်လွှတ်နိုင်သည့် အခြေတည်အဆင့်သို့ ရောက်ရှိရန် လိုပေသည်။

“အဝတ်အစား သွားလဲကြရအောင်”

ထိုသို့ပြောပြီးနောက် ကျန်းဟန်နှင့် ဇီဘန်သည် ဒုတိယထပ်သို့ တက်သွားခဲ့သည်။

ထိုအချိန်တွင် ကျန်လီသည် စနောက်လိုက်သည်။

“အစ်ကို မနေ့ကတော့ နင်ဆိုဖာပေါ်မှာပဲ အိပ်ချင်တယ်ပြောတယ်။ ဒီနေ့ကျတော့ အဝတ်အစားသွားလဲကြရအောင် တဲ့လား။ ဟီးဟီး ကြည့်ရတာ နင်နဲ့ ယောင်းမရဲ့ ဆက်ဆံရေးက ကောင်းတဲ့ပုံပါပဲ”

ရှေ့မှလျှောက်နေသည့် ဇီယန်သည် ခလုတ်တိုက်လုနီးပါးပင်ဖြစ်သွားပြီး နောက်ပြန်လှည့်မကြည့်လဲ မျက်နှာမှာ အနည်းငယ် နီးရဲလာကာ အပေါ်ထပ်သို့ အမြန်တက်သွားသည်။

“အားလုံး ရှင့်ကြောင့်ပဲ!” အိပ်ခန်းထဲသို့ဝင်ပြီးနောက်တွင် ဇီယန်သည် ကျန်းဟန်အား စိတ်ဆိုးနေသည့်ပုံစံဖြင့် မျက်စောင်းထိုးလိုက်သည်။ သူမ၏လေသံနှင့် အမူအရာမှာ မည်မျှချစ်ဖို့ကောင်းပြီး ဆွဲဆောင်မှုရှိနေမှန်း သူမ သတိမပြုမိချေ။

ကျန်းဟန် အံ့သြသွားသည်။

ဘာလို့ ငါ့ကို အပြစ်တင်ရတာလဲဟ…

အခြားတစ်ဖက်တွင် ဇီယန်ထိုသို့ပြောပြီးနောက် သူမ ခရီးဆောင်အိတ်အတွင်းမှ အဝတ်အစားများကို စတင်ထုတ်ယူနေသည်။ ကျန်းဟန်သည်တော့ သူ၏ဗီရိုထဲမှ ပေါ့ပေါ့ပါးပါး အဝတ်အစားတစ်စုံကို ထုတ်ကာ အဝတ်အစားလဲရန် ဒုတိယအိပ်ခန်းသို့ သွားလိုက်သည်။

ကျန်းဟန်ထွက်လာသည့်အချိန်တွင် အဓိကအိပ်ခန်း၏တံခါးမှာ ပိတ်ထားဆဲဖြစ်သည်။ ဇီယန်သည်

အဝတ်အစားတွေလဲနေဆဲဖြစ်သည့်အတွက် ကျန်းဟန်သည် အောက်ထပ်သို့ တစ်ခါတည်းဆင်းသွားလိုက်သည်။

အဓိကအိပ်ခန်းအတွင်း၌ ဇီယန်သည် သူမ၏ရေစိုအဝတ်အများကို ချွတ်ကာ ဘေးတွင် ထားလိုက်သည်။ ဇီယန်သည် အဖြူရောင် အတွင်းခံဝတ်စုံကို ဝတ်ဆင်ထားပြီး ၎င်းကပင် သူမ၏ ပြည့်စုံလှပပြီး ကျက်သရေရှိလှသည့် အသွင်အပြင်ကို ပေါ်လွင်နေစေသည်။

ဘယ်ဟာကို ဝတ်ရမလဲ?

သူမရှေ့ရှိ အဝတ်အစားများကို ကြည့်ရင်း ဇီယန် ဘယ်တစ်ခုကို ရွေးရမှန်းမသိပေ။ တစ်ခါတစ်ရံ လူအများစုသည် သူတို့၏အဝတ်အစားများကို ရွေးချယ်ရာတွင် အမြဲတမ်း ခက်ခဲခဲ့ရှိကြသည်။ အထူးသဖြင့် အမျိုးသမီးတော်တော်များများသည် သူတို့၏အဝတ်အစားကို ဂရုတစိုက် ဝတ်စားတတ်ကြပြီး အပြန်အလှန် ကြည့်လေ့ရှိကာ

အမျိုးသားများအတွက်တော့ သူမတို့ကဲ့သို့ မဟုတ်ဘဲ ပို၍လွယ်ကူပေသည်။

အဘယ်ကြောင့်ဆိုသော် သူတို့တွင် အဝတ်အစားအလုံအလောက်မရှိ၍ ဖြစ်သည်။

'ဘယ်တစ်ခုကို ဝတ်ရမလဲ?

ဇီယန်သည် ကျန်းဟန် သူမအတွက် ဝယ်ပေးထားသော လှပသည့် သားမွေးဝတ်စုံလေးကို အနည်းငယ် တုံ့ဆိုင်းသည့်အမူအရာဖြင့် ကြည့်လိုက်သည်။

မနေ့ကပဲ ပေးလိုက်တာ။ ဒီနေ့ဝတ်ပြီးသားဖြစ်သွားပြီ။ နည်းနည်းလေးဆိုးတယ်မထင်ဘူးလား?

သူအတွေးလွန်သွားမှာလား? ငါသူ့ကို ကြိုက်နေတယ်ထင်သွားမလား?

သူ့ကိုကြိုက်ရမယ်ပေါ့။ ဟွန့် ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ

ငါ ဒါကို မဝတ်ဘူး

ဇီယန်၏အကြည့်သည် ခရီးဆောင်အိတ်ဆီသို့ နောက်တစ်ဖန်ရောက်ရှိသွားပြီး နောက်ထပ် နောက်ထပ် ရွေးပြန်သည်။ သို့သော် သူမ ဆုံးဖြတ်ချက်မချနိုင်သေးချေ။ သူမ၏အကြည့်သည် မနေနိုင်ဘဲ နောက်တစ်ကြိမ် သားမွေးဝတ်စုံထံသို့ရောက်ရှိသွားပြန်သည်။ သူမ၏လက်ကို ဆန့်ထုတ်လိုက်ရင်း တွန့်ဆုတ်စွာ ရေရွတ်လိုက်သည်။

"သူရွေးထားတဲ့အင်္ကျီက အရမ်းလှတယ်။ သူ့အမြင်က တော်တော်ကောင်းတာပဲ။ ဒါဆို ဘာလို့ ငါ ဒါကို မဝတ်ဘဲနေရမှာလဲ?"

"ဟွန့်! သူ့ကြောင့်တော့မဟုတ်ဘူး။ ဒါကိုပဲ ဝတ်တော့မယ်"

နောက်ဆုံးတွင် ဇီယန်သည် ထို ဝတ်စုံကိုပင် ဝတ်လိုက်သေးသည်။ သူမ၏ကိုယ်အောက်ပိုင်းသည် ဘောင်းဘီတိုလေးနှင့် အလွန်လိုက်ဖက်လှသည်။

ထိုအချိန်တွင် အောက်ထပ်ရှိ လူတိုင်းသည် ထမင်းစားစားပွဲတွင် ထိုင်နေကြသည်။ ကျန်းဟန်သည် မုန့်မုန့်ကို ပွေ့ဖက်ထားပြီး သူလေးသည် သူ၏ရင်ခွင်ထဲတွင် ရှိနေသည်။

ဇီယန် လှေခါးမှဆင်းလာသည့်အချိန်တွင်။

အားလုံး၏အကြည့်များသည် ဇီယန်ဆီသို့ တညီတစ်ညွတ်တည်း လှည့်သွားကြသည်။ ဇီယန်သည် ဆင်မယဉ်သာဖြင့် ကျက်သရေရှိစွာ လျှောက်လာသည်ကို မြင်လိုက်သည့်အခါ အားလုံး၏မျက်လုံးများ တောက်ပသွားသည်။

မနက်ပိုင်းတုန်းက ဇီယန်၏အဝတ်အစားမှာ အားကစားဝတ်စုံကိုဝတ်ဆင်ထားပြီး ယခု ဇီယန်သည်တော့ မလွန်ချစ်ဖို့ကောင်းပြီး အရိုင်းဆန်သည့်ပုံစံလေး ရှိနေသည်။

“ဝိုး...အရမ်းလှတာပဲ” မုန့်မုန့်သည် မနေနိုင်ဘဲ သူမ၏လက်ကလေးကို ဝှေ့ယမ်းကာ ပြောသည်။

သမီးဖြစ်သူ၏ ချီးကျူးသံကို ကြားသည့်အခါ ဇီယန်သည် အနည်းငယ်ပြုံးလိုက်ပြီး မုန့်မုန့်ဆီသို့ လျှောက်သွားကာ သူမလေး၏ဘယ်ဘက်တွင် ဝင်ထိုင်လိုက်သည်။

"အိုက်ယိုး အစ်မယန် နင်က ဘယ်လိုဝတ်စားရမယ်ဆိုတာကို ပိုပြီးပိုပြီး သိလာတာပဲ။ ဟဲဟဲ ငါ့ဘာလို့ အဲ့ဒါကို အရင်က သတိမပြုမိပါလိမ့်။ ဖြစ်နိုင်တာက...." ကျိုးဖေးသည် သူမအား စနောက်ချင်နေသည်။

သူမ၏စကားမဆုံးခင်တွင် ဇီယန်သည် အရင်ဆုံး ပါးစပ်ဟလိုက်သည်။

"တစ်ယောက်ယောက်ကတော့ အဓိပ္ပာယ်မရှိတာတွေ ပြောနေတာပဲ။ အဲ့ဒီရေကို သောက်ဖို့ စဉ်းတောင်စဉ်းစားနဲ့တော့"

".."

ကျိုးဖေး ဘရိတ်အုပ်လိုက်ပြီး သူမပြောမည့်စကားကို ရပ်တန့်လိုက်သည်။ သူမသည် ဇီယန်အား စိတ်အားထက်သန်စွာ ကြည့်လိုက်ပြီး ချက်ချင်းပင် ကျိုးနွံတတ်သည့်အမူအရာဖြစ်လာသည်။

“အဲဒီနတ်သမီးရေ ပါလာတာလား? အစ်မယန် နင်က အကောင်းဆုံးပဲ။ ငါ ဘယ်တော့မှ ပေါက်ကရတွေ ထပ်ပြီး မပြောတော့ဘူး။ ငါ ကတိပေးတယ်။ ငါ ကျိန်ပါတယ်။ ငါ ဘယ်တော့မှ ပေါက်ကရတွေမပြောတော့ပါဘူးနော် နော်”

“ဟွန့် ဒါဆို အဲ့ဒါကို ငါမှတ်ထားမှာနော်” ဇီယန်သည် နှာခေါင်းရှုံ့လိုက်ပြီး ကျန်းဟန်အားကြည့်ကာ “ဖေးဖေးကို ရေနည်းနည်းလောက် ပေးလိုက်ပါ” ဟု ပြောလိုက်သည်။

“အင်း ငါတို့ ဒီတစ်ခေါက်တော့ များများလေး ပြင်ဆင်ထားတယ်။ အားလုံး နည်းနည်းလောက်

ပိုသောက်လို့ရတယ်” ကျန်းဟန် ပြောပြီးသည်နှင့် မတ်တပ်ထရပ်ကာ ထွက်သွားသည်။

“ဟီးဟီး ခဲအိုက အကောင်းဆုံးပဲ!” ကျိုးဖေးသည် ပျော်ရွှင်စွာဖြင့်
“ကျေးဇူးပါ ခဲအို” ဟု ပြောလိုက်သည်။

ဇီယန်သည် ထိုစကားကိုကြားသည့်အခါ မျက်စောင်းထိုးလိုက်သည်။

ချက်ချင်းပင် အမျိုးသမီးတစ်ယောက်၏ ကတိများသည် ရိုးရှင်းစွာပင် စကားလုံးတစ်လုံးမျှသာ ဖြစ်သည်။

အလွန်လျင်မြန်စွာပင် ကျန်းဟန်သည် ရေပုံးကို ပြန်ယူလာခဲ့သည်။ တစ်ချိန်တည်းမှာပင် ကျိုးဖေးသည် ခွက်များကို ပြင်ဆင်ထားပြီးသားဖြစ်သည်။ ကျောက်ဖုန်းအတွက်ပင် ပြင်ဆင်ပေးထားသည်။

ကျန်းဟန်သည် ရေပုံးကို ယူကာ လူတိုင်းအတွက် လောင်းထဲပေးလိုက်သည်။ ဤတစ်ကြိမ်တွင် လူတိုင်းသောက်နိုင်ရန် လုံလောက်ပေသည်။

ကျောက်ဖုန်းသည်လည်း အားနာမနေတော့ပေ။ သူသည် ထိုလှပသွားစေသည့်ရေကို အလွန်စိတ်ဝင်စားနေမိသည်။ ၎င်းကို သောက်လိုက်ပြီးနောက် ကျန်းဟန်၊ ဇီယန်၊ ကျန်းလီနှင့် မုန့်မုန့်တို့မှာ တုံ့ပြန်မှုအများအပြားမရှိချေ။ သို့သော် ကျိုးဖေးနှင့် ကျောက်ဖုန်းတို့၏ တုံ့ပြန်မှုမှာ အလွန်ပြင်းထန်ပေသည်။ ရေကိုသောက်လိုက်ပြီးနောက် နှစ်စက္ကန့်ပင် မကြာလိုက်ပေ သူတို့နှစ်ယောက်လုံး၏ဗိုက်များမှာ အဆက်မပြတ် တဂွီဂွီမြည်လာလေသည်။

-C 96 End

wunzinnosp

## အပိုင်း(၉၇)

ကံကောင်းစွာဖြင့်ပင် စားသောက်ဆိုင်၏ အပေါ်ထပ်တွင်ရော အောက်ထပ်တွင်ပါ ရေချိုးခန်း သန့်စင်ခန်း ရှိပေသည်။

ကျိုးဖေးသည် အပေါ်ထပ်သို့ ပြေးသွားပြီး ကျောက်ဖုန်းသည် အောက်ထပ် သန့်စင်ခန်းသို့ ပြေးသွားသည်။ မိနစ်နှစ်ဆယ်ခန့် ကြာပြီးနောက်တွင် နှစ်ယောက်လုံး အားအင်ပြည့်ဝနေသည့် မျက်နှာများဖြင့် ထွက်လာကြသည်။

"အစ်မယန် တစ်ချက်လောက်ကြည့်ပါဦး။ ငါ့ရဲ့အသားရဲ့က ချောမွေ့မလားဘူးလား? ဟားဟားဟား" ကျိုးဖေးသည် အလွန်ပျော်ရွှင်နေပြီး ပါးစပ်ပင် မစိနိုင်တော့ချေ။ ပြေးထွက်လာပြီးနောက် သူမ၏မျက်နှာကို ဇီယန်၏ဘေးသို့ အတင်းတိုးကပ်သွားပြီး သူမ မြင်အောင် ပြနေသည်။

ဇီယန် စကားပြောသည်ကို မစောင့်တော့ပဲ ကျိုးဖေးသည် သူမ၏ခေါင်းကို နောက်တစ်ကြိမ်ရွှေ့လျှားလိုက်ပြီး မုန့်မုန့်၏ဘေးသို့ တိုးကပ်သွားကာ ပြောလိုက်သည်။ “လာပါဦး မုန့်မုန့်၊ အန်တီဖေးဖေးရဲ့အသားအရေက အရမ်းကောင်းလာတယ်မလား ဟမ်?”

“အမ်? ဘာကြီးလဲ?” မုန့်မုန့်သည် စိတ်ရှုပ်ထွေးစွာ မေးလိုက်သည်။

“အန်တီကို တစ်ခါလောက် နမ်းပါဦး” ကျိုးဖေးသည် လက်ညှိုးဖြင့် ပါးကို ထောက်ကာ ပြောသည်။

“အမ် ဟမ့် ဖေဖေက အဲ့လိုမလုပ်ခိုင်းဘူး” မုန့်မုန့်သည် သူမ၏အရှက်မရှိမှုကို ငြင်းပယ်လိုက်သည်။ သူမလေး၏လက်ကလေးကို ဆန့်ထုတ်ကာ ကျိုးဖေး၏ဦးခေါင်းကို နောက်သို့ ပြန်တွန်းဖယ်လိုက်သည်။

မင်းသမီးလေးသည် အခြားသူများအား မနမ်းရဘူးဆိုသည်ကို သိပေသည်။ ထို့အပြင်

အခြားသူများအား သူမကို နမ်းခွင့်မပြုရသည်ကိုလည်း သိရှိသွားပြီဖြစ်သည်။ မဟုတ်ပါက ဖေဖေ စိတ်ဆိုးလိမ့်ပေမည်။

"ဟွန့်! မနမ်းချင်လည်း မနမ်းနဲ့ပေါ့" ကျိုးဖေးသည် နှာခေါင်းရှုံ့လိုက်သော်လည်း စိတ်ထဲမထားပေ။ နတ်သမီးလေးလိုလှပသွားစေသည့်ရေဖြင့် သူမ၏အသားအရေမှာ ပို၍ကောင်းမွန်လာလိမ့်မည်ဖြစ်ပြီး သူမ အလွန်ပျော်ရွှင်နေလေသည်။

ထို့နောက် သူမသည် ဇီယန်၏ဘေးတွင် ထိုင်ချလိုက်ပြီး မျောက်အုန်းသီးရသကဲ့သို့ မှန်လေးကို ထုတ်ကာ ကြည့်နေပြန်သည်။

"သူဌေး ဒီရေက...."

ကျောက်ဖုန်းသည် ကျန်းဟန်၏ဘေးတွင် ထိုင်ရင်း မယုံကြည်နိုင်သည့်လေသံဖြင့် မေးသည်။

ဈေးကွက်ထဲတွင် အလှကုန်များမှာ အမျိုးစုံအောင်ရှိသော်လည်း ယခုကဲ့သို့ ရေသောက်လိုက်ရုံဖြင့် လူတစ်ယောက်၏အသားအရေမှာ အလွန်ကောင်းမွန်သွားသည်ကိုတော့ သူ တစ်ခါမှမကြားဖူးချေ။

တစ်စုံတစ်ယောက်ရဲ့ ဆံပင်က ရှည်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အသိပညာကတော့ တိုတိုလေးပါ ဟု ဆိုရိုးကဲ့သို့ ဤစားသောက်ဆိုင်ထဲတွင် ဆိုင်ရှင်မှလွဲ၍ အခြားသူများအားလုံးမှာ အသက်အရွယ်မရွေး၊ ကျား မ မရွေး အမြင်ကျဉ်းကြကြောင်း ကျောက်ဖုန်းခံစားနေရသည်။

ကျောက်ဖုန်း၏စကားများကို ကြားသည့်အခါ ကျန်းဟန် မည်သို့မျှ ရှင်းပြမနေပေ။ သူသည် စိတ်ဝိညာဉ်ရတနာအကြောင်းကို သူတို့အား ပြောပြခဲ့လျှင်ပင် သူတို့ နားလည်မည်မဟုတ်ချေ။

“အဟမ်း”

စကားပြောနေစဉ်တွင် ဇီယန်သည် ရုတ်တရက် ချောင်းဟမ့်လိုက်ပြီး သူမ၏သမင်မျက်လုံးလေးများက ကျန်းဟန်ကိုလှည့်ကြည့်လိုက်ကာ “တစ်ယောက်ယောက်က ငါတို့အတွက် သီချင်းတစ်ပုဒ်လောက်တီးပေးသင့်တယ်မလား?”

“ဖေဖေ စန္ဒယားတီးမယ်။ မုန့်မုန့် စန္ဒယားတီးချင်တယ်။ ဖေဖေ မြန်မြန် သွားရအောင်”

ဇီယန်၏စကားကိုကြားသည့်အခါ မုန့်မုန့်သည် သူမစန္ဒယားတီးတတ်သည်ကို မေမေ မသိသေးကြောင်း သတိရသွားပြီး အလောတကြီးဖြင့် သူမ၏လက်ကလေးကို ဆန့်ထုတ်ကာ ကျန်းဟန်၏ရင်ခွင်ထဲသို့ တိုးဝင်သည်။

၎င်းကိုမြင်သည့်အခါ ကျန်းဟန် ရယ်မောလိုက်ပြီး မတ်တပ်ထရပ်ကာ မုန့်မုန့်အား ပွေ့ချီလိုက်သည်။ စန္ဒယားဆီသို့ လျှောက်သွားပြီး မုန့်မုန့်အား

ဆိုဖာသေးသေးလေးပေါ်သို့ ချလိုက်ပြီး စန္ဒယားအဖုံးကို ဖွင့်ကာ တီးရန် ပြင်လိုက်သည်။

"သူ့ဌေး။ ကျွန်တော် သူ့ရဲ့စန္ဒယားကျွမ်းကျင်မှုကို ကြားဖူးတယ်။ ဒါရိုက်တာလျန်ထက်တော့ ဘယ်နည်းနဲ့မှ ညံ့မှာမဟုတ်ဘူး။ သူက အရမ်းတော်တာ။ သူက စန္ဒယားပါရဂူတွေထဲမှာ အတော်ဆုံးတစ်ယောက်ပဲ" ကျောက်ဖုန်းသည် ကျောက်ဒါပဟူပြောခဲ့သည်အား ပြန်တွေးမိကာ ပြောလိုက်သည်။

ကျောက်ဖုန်းသည် စန္ဒယားအကြောင်း များများစားစား နားမလည်ပေ။ သူသည် ကျန်းဟန်တီးသည့် စန္ဒယားသီချင်းမှာ နားထဲတွင် အလွန်နှစ်ခြိုက်စေသည်ဆိုတာလောက်သာ သိပြီး မီဒီယာကုမ္ပဏီတစ်ခု၏ ဒု ဒါရိုက်တာဖြစ်သည့် ကျောက်ဒါပဟူသည်တော့ ကောင်းကောင်းနားလည်ပေသည်။ ထို့ကြောင့် ဤကိစ္စနှင့်ပက်သက်၍ သူသည် များများစားစားပြောနိုင်ပေသည်။

"ပါရဂူလား? ဘယ်လိုဖြစ်နိုင်မှာလဲ!" ကျန်းလီသည် နှုတ်ခမ်းကို တွန့်ကွေးလိုက်ပြီး ပြောလိုက်သည်။ "ကျွန်မအစ်ကို အရင်က အပျော်တမ်းအဆင့် ၁၀ မှာပဲရှိတာ။ မတီးတာလဲ နှစ်တော်တော်ကြာနေပြီ။ ဘယ်လိုလုပ် ပါရဂူတစ်ယောက်ဖြစ်နိုင်မှာလဲ?"

ကျန်းလီသည် သူမ၏အစ်ကိုအကြောင်းကို ခရေစေ့တွင်းကျသိသူဖြစ်ပြီး လွန်ခဲ့သည့် နှစ်အနည်းငယ်က သူသည် မည်သည့်အဆင့်တွင် ရှိသည်ကို သိပေသည်။ သို့သော်လည်း ကျန်းဟန်၏လက်ရှိ အသက်မှာ အနည်းဆုံး နှစ်ပေါင်းငါးရာ ရှိနေခဲ့ပြီဆိုတာကိုတော့ သူမ မသိနိုင်ခဲ့ပါပေ။

"ဝိုး....ခဲအိုက တကယ်ကြီး အဆင့် ၁၀ မှာ ရှိတာလား? အရမ်းမိုက်တယ် အရမ်းမိုက်တယ်!" ကျိုးဖေးသည် အကြိမ်ကြိမ် လက်မထောင်လိုက်သည်။

"သူစန္ဒယားတီးတတ်တယ်ပေါ့။ ဘယ်လိုမှ မမျှော်လင့်ထားမိဘူး" ဇီယန် အနည်းငယ် ပြုံးလိုက်သည်။

သူသည် အဆင့် ၁၀ ပဲဖြစ်ဖြစ် အခြားအဆင့်ပဲ ဖြစ်ဖြစ် စန္ဒယားကို ကောင်းကောင်းတီးတတ်ပေသည်။ ၎င်းက ထိုအကောင်သည် ဂီတကို နှစ်သက်ကြောင်း သက်သေပြနေသည်။

ကျောက်ဖုန်းသည် တစ်ခွန်းမှပြန်မပြောလဲ ပြုံး ခေါင်းယမ်းလိုက်သည်။ ပြောမယုံ ကြုံမှသိ ဆိုသလို သူ့ဌေးသည် မဟာစန္ဒယားပါရဂူဖြစ်ကြောင်း သူတို့ယုံကြည်သည့်ပုံမရဘဲ သူတို့၏ မျက်လုံးများဖြင့် ကိုယ်တိုင်မြင်လိုက်ပါက အံ့သြသွားကြပေမည်။

"ဘာသီချင်း နားထောင်ချင်ကြလဲ?"

ကျန်းဟန် စန္ဒယားတီးတော့မည့် အချိန်တွင် ခေါင်းလှည့်ကာ မေးလိုက်သည်။ ၎င်းမှာ မေးခွန်းတစ်ခုဆိုသော်ငြားလည်း သူ၏အကြည့်များက ဇီယန်ထံတွင်သာ စူးစိုက်နေသည်။

ထို့ကြောင့် သီချင်းတောင်းလိုကြသည့် ကျိုးဖေးနှင့် ကျန်းလီတို့မှာ ပါးစပ်ပိတ်ထားလိုက်ကြရသည်။

ပထမဆုံး စန္ဒယားလက်ရာသည် အိမ်တော်သခင်မ ဇီယန်အတွက်ဖြစ်ကြောင်း ထင်ရှားပေသည်။

"နားထောင်ချင်တာက......" ဇီယန် သူမကိုယ်သူမ ခဏလောက် ရေရွတ်ရင်း သူမ၏စိတ်ထဲတွင် သိထားသည့် စန္ဒယားသီချင်းများကို စဉ်းစားရင်း ခဏအကြာတွင် ပြန်ဖြေလိုက်သည်။

"ညချမ်းသံစဉ်"

"အာ ညချမ်းသံစဉ်။ အဲဒါက မှောင်မိုက်နေတဲ့ ကောင်းကင်ကြီးရဲ့ သီချင်းပဲ" မုန့်မုန့်သည် ကျန်းဟန်၏တင်ဆက်မှုကို ကြိုဆိုရန် လက်ခုပ်တီးလိုက်သည်။

မုန့်မုန့်သည် သူမ၏လက်ကလေးကို အကြိမ်အနည်းငယ် လက်ခုပ်တီးပြီးနောက်တွင် တဖြည်းဖြည်း တိတ်ဆိတ်သွားသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်.....

စက္ကန့်နှစ်ဆယ်ကြာပြီးနောက် လူတိုင်း၏မျှော်လင့်နေသည့်အကြည့်များအောက်တွင် ကျန်းဟန်၏လက်ချောင်းများမှာ စတင်လှုပ်ရှားသွားသည်။

ကျွမ်းကျင်သူတစ်ဦးသည် လှုပ်ရှားမှုလေးတစ်ခုလုပ်လိုက်သည့်အခိုက်အတန့်တွင်ပင် မှန်သလား မှားသလား သိပေသည်။

ကျန်းဟန်သည် တေးသွားကို အကြိမ်အနည်းငယ်သာ တီးခဲ့ပြီး လူတိုင်း၏စိတ်ဝိညာဉ်ကို နှိုးဆွလိုက်သည်။

အချို့လူများသည် စန္ဒယားတီးကြသော်လည်း စန္ဒယားသံသာပါရှိပြီး စိတ်ဝိညာဉ်ကို ဆွဲဆောင်နိုင်မှုမပါရှိချေ။

အလွန်ဆွဲမက်ဖွယ်ကောင်းပြီး သာယာလှသည့် စန္ဒယားသီချင်းကို တီးခတ်နိုင်သူများလည်း ရှိပေသည်။

ဇီယန်၊ ကျိုးဖေးနှင့် ကျန်းလီတို့သည် အစပိုင်းတွင် မျက်လုံးများပြူးကျယ်ကာ စိုက်ကြည့်နေကြသော်လည်း တဖြည်းဖြည်းနှင့် သာယာလှသည့် ဂီတသံတွင် လိုက်ပါစီးမျောကြရင်း ယစ်မူးသွားကြသည်။

အထူးသဖြင့် ဂီတကို ကောင်းကောင်းနားလည်သည့် ဇီယန်နှင့် ကျိုးဖေးပင်။ ထိုအခိုက်အတန့်တွင် သူမတို့၏တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများ ထသွားသလိုပင် ခံစားလိုက်ရသည်။

ညချမ်းသံစဉ် တေးစီးရီးထဲတွင် သီချင်းတစ်ပုဒ်စီတွင် မတူညီသည့် ခံစားချက်မျိုးစုံရှိသည်။ တစ်ညပြီးတစ်ည ပျော်ရွှင်ခြင်၊ ဝမ်းနည်းခြင်း ၊ ကြည်နူးခြင်း တို့ကို မှတ်တမ်းတင်ထားသည်။

ဂီတပုံစံမှာ အဓိကအားဖြင့် စိတ်အပန်းဖြေသည့်အမျိုးအစားတွင်ပါဝင်သည်။ ထိုစီးရီးထဲရှိ သီချင်းတိုင်းသည် သာယာငြိမ့်ညောင်းပြီး လူများ၏နှလုံးသားနှင့် စိတ်ဝိညာဉ်တွင် စွဲကျန်သွားစေသည်။ ငါးပုဒ်မြောက် သီချင်းသည် အအောင်မြင်ဆုံး၊ လူသိအများဆုံးဖြစ်ပြီး မကြာခဏ တသသ ပြန်ပြောကြလေ့ရှိသည့် ဂန္တဝင်လက်ရာ မာစတာပိစ် အရှုံးမပေးနဲ့ကြိုးစား....ဆိုသည့် ဂီတစာဆို ဆရာခြိမ့်၏ "လူဆိုတာ" သီချင်းဖြစ်ပင်ဖြစ်သည်။ အမှန်တကယ်တော့ ငါးပုဒ်မြောက်သီချင်းမှာ အအောင်မြင်ဆုံးနှင့် လူတိုင်း၏ရင်ထဲတွင် စွဲကျန်ရစ်နေသည့် "ညချမ်းသံစဉ်" ပင်ဖြစ်သည်။

သီချင်းဆုံးသွားပြီးနောက် လက်ခုပ်သံများ မကြားရချေ။ လူတိုင်းသည် သာယာနာပျော်ဖွယ် လေထုတွင် ယစ်မူးနေကြသည်။

အခြားတစ်ဖက်တွင် ကျောက်ဖုန်းသည် ပို၍ အခြေအနေကောင်းပေသည်။ ကျန်းဟန်တီးခတ်သည်ကို အကြိမ်အနည်းငယ် ကြားဖူးခဲ့ပြီး သူ၏ခံနိုင်ရည်အားမှာ သဘာဝကျကျပင် နည်းနည်းလောက် ပို၍ ကောင်းလာပေသည်။

"ဖေဖေက အရမ်းတော်တာပဲ"

မုန့်မုန့်သည် သူမ၏ကလေးအသံလေးဖြင့် လူတိုင်းအား သူတို့၏အတွေးများထဲမှာ ပြန်ဆွဲခေါ်လိုက်သည်။

"သောက်ပလုတ်တုတ်!"

ဇီယန် ဘာမှမပြောနိုင်ခင်မှာပင် ကျိုးဖေးသည် ရုတ်တရက် စားပွဲခုံကို လက်ဖြင့်ပုတ်ကာ ထရပ်လိုက်ပြီး မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်၍ ကျန်းဟန်အား ပင့်သက်ရှိုက်ပြီး ပြောလိုက်သည်။

"ဘုရားရေ။ ခဲအို ဒါဆို စတိန်းဝေးက အလုပ်ပြဖို့သက်သက်မဟုတ်ဘူးပေါ့။ အံ့သြစရာပဲ! ခဲအို နင်က အရမ်းတော်တာပဲ။ ငါတကယ် လေးစားသွားပြီ။ ဟင်းချက်တာလည်း အရမ်းကောင်းတယ်။ စန္ဒယားတီးလည်း အရမ်းတော်တယ်။ ငါ တကယ်ကို မယုံနိုင်ဘူး။ ခဲအို နင်က တကယ်ကို ပါရဂူပဲ!"

"ဖေးဖေး နင်အရမ်း ပိုလွန်း ချဲ့ကားလွန်းနေပြီမလား?" ဇီယန်သည် ရယ်မလား ငိုရမလား မသိတော့ဘဲ သူမအား လက်ဖြင့်ပုတ်လိုက်သည်။

"လုံးဝ ချဲ့ကားပြောတာမဟုတ်ဘူး အပိုပြောတာမဟုတ်ဘူး။ ဖေဖေက က အစွမ်းထက်ဆုံးနဲ့ အတော်ဆုံးပါ"
မုန့်မုန့်သည် ဝမ်းသာအားရ ပြောသည်။

"အမှန်ပဲ! ခဲအိုက အံ့ဩဖို့ကောင်းတယ်။ ခဲအိုက အရမ်းတော်တာ...."

ကျိုးဖေးသည် အသိဉာဏ်မဲ့ပရိသတ်တစ်ယောက်ကဲ့သို့ပင်။

"မြန်မြန်ထိုင်စမ်းပါ!"

ဇီယန်သည် ကျိုးဖေးအား ထိုင်ခုံပေါ် ပြန်ဆွဲချလိုက်ပြီး ကျိုးဖေး၏စိတ်ခံစားချက်များကို တည်ငြိမ်သွားစေရန် လူသတ်ချင်စိတ်များပြည့်နေသည့် မျက်လုံးများဖြင့် ကြည့်လိုက်သည်။

အလွန်ပေါ့ပေါ့ဆဆ ရှိသည့် ကျိုးဖေးသည် အမြဲတမ်း မှန့်မှန့်၏ရှေ့တွင် ရိုင်းပြကြမ်းတမ်းသည့် စကားလုံးများကို ပြောလေ့ရှိသည်။

"နောက်ထပ် ဘာသီချင်းနားထောင်ချင်လဲ?"

ထိုအချိန်တွင် ကျန်းဟန် ထပ်မေးလိုက်ပြန်သည်။

ဇီယန်အနည်းငယ် စဉ်းစားလိုက်ပြီး ပြောရန်ပြင်လိုက်ခါပင်ရှိသေးသည် ကျိုးဖေးမှာ ပထမဆုံးဦးအောင် ပြောလိုက်သည်။

"ခဲအို တတိယမြောက်ကွန်ချာတို ကို တီးတတ်လား? အဲဒါကို တီးတတ်ရင် နင်က တကယ်ကို လုံးဝအမေးဇင်းပဲ!"

ထိုစကားကိုကြားသည့်အခါ ဇီယန်အနည်းငယ် အံ့အားသင့်သွားပြီးနောက် နှုတ်ခမ်းတွန့်ကာ ကျိုးဖေးအားကြည့်၍ ပြောလိုက်သည်။

"အဲဒီ တတိယမြောက်ကွန်ချာတို က ကမ္ဘာ့အခက်ဆုံးစန္ဒယားလက်ရာ ၁၀ ခုထဲက တစ်ခုပဲ။ စိတ်ခံစားချက်တွေအများဆုံးပါဝင်တဲ့ နာမည်ကြီးလက်ရာတစ်ခုဖြစ်ပြီး အရမ်းခက်ခဲတဲ့ တင်ဆက်မှုစွမ်းရည်တွေရှိတယ်။ အဲဒီသီချင်းကို စန္ဒယားလက်ရာတို့၏ဘုရင် လို့တောင် တင်စားကြတယ်။ ကျန်းဟန် ရှင်ဒါကို တီးနိုင်မလားဆိုတာ ကျွန်မသိချင်မိတယ်"

ဇီယန်၏မျက်လုံးထဲတွင် မျှော်လင့်ချက်များဖြင့် ပြည့်နေသည်။ ကျန်းဟန် စန္ဒယားကို ကျွမ်းကျွမ်းကျင်ကျင်တီးတတ်ဖို့ သူမ အမှန်တကယ်မျှော်လင့်ပေသည်။ ထိုသို့ဆိုလျှင် အနာဂတ်တွင် သူမနှင့် ကျန်းဟန် စုံတွဲဖျော်ဖြေမှုကိုပင် တင်ဆက်နိုင်ပေသည်။

အာ…ဘာတွေတွေးနေမိပါလိမ့်…

ကျန်းလီနှင့် ကျောက်ဖုန်းသည် ထိုသီချင်းအကြောင်းကို မသိသော်လည်း ကမ္ဘာ့အခက်ဆုံးစန္ဒယားလက်ရာဟု ကြားလိုက်ရသည့်အခါ ၎င်း၏နောက်ကွယ်မှ သဘောတရားများကို သူတို့နားလည်သွားကြသည်။

လူအများစုသည် ညအချိန်တွင် သာယာနာပျော်ဖွယ် စန္ဒယားတီးရသည့်ပုံစံကို နှစ်သက်ကြပေသည်။ သို့သော် ၎င်းမှာ အလွန်ခက်ခဲမှုမြင့်မားသည့် အဆင့်ဖြစ်ပြီး လူအများစုသည် ၎င်းတို့ကို နားဆင်ရန် မတတ်နိုင်ကြပေ။

ထိုကျွမ်းကျင်ပညာရှင်များက ၎င်းတို့အား ညှို့ယူဖမ်းစားထားပေသည်။

အခြားတစ်ယောက်ယောက်သည် ကျန်းဟန်အားမေးနေခဲ့ပါက ဇီယန် စိုးရိမ်နေမည်ဖြစ်သည်။ သို့သော် ကျန်းဟန်၏သံစဉ်ကို နားထောင်ပြီးနောက်တွင် ဇီယန်သည်လည်း ကျန်းဟန် မည်သည့်အဆင့်တွင် ရှိသည်ကို သိချင်ပေသည်။

"တတိယမြောက်ကွန်ချာတိုလား?" ကျန်းဟန် ခေါင်းယမ်းလိုက်ပြီး

"ငါမတီးတတ်ဘူး"

"အာ? မတီးတတ်ဘူးလား?" ကျိုးဖေး အနည်းငယ် ကြောင်အသွားပြီး အနည်းငယ် စိတ်ပျက်သွားမိသည်။

ဇီယန်သည်ပင်လျှင် ထိုသို့ခံစားလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် သူမ ကြီးကြီးမားမားမျှော်လင့်ထားမိသောကြောင့်

ထိုစကားကိုကြားသည့်အခါ အနည်းငယ် စိတ်မပျက်ဘဲ မနေနိုင်ချေ။

မုန့်မုန့်သည် လက်ကလေးများကို ဝှေ့ယမ်းနေရာမှ ရပ်တန့်သွားသည်။ ကျိုးဖေးနှင့်အခြားသူများ၏အမူအရာကို မြင်သည့်အခါ သူမလေးသည် ဘာတွေဖြစ်နေသလဲဆိုသည်ကို နားမလည်ပေ။

"ဖေဖေ ဘယ်လိုလုပ် ဖေဖေမတီးတတ်တာလဲ? ဖေဖေက အတော်ဆုံးပဲလေ"

မင်းသမီးလေး၏နှလုံးသားထဲတွင် ကျန်းဟန်သည် မယုံကြည်နိုင်စရာကောင်းသည့် တည်ရှိမှုတစ်ခုဖြစ်သည်။

မုန့်မုန့်ပါးစပ်ဟလိုက်သည်နှင့် ကျောက်ဖုန်း၏မျက်လုံးများတွင် အလင်းရောင်တစ်ခု ဖျက်ခနဲလက်သွားသည်။

သူသည် စားသောက်ဆိုင်တွင် အချိန်တစ်ချို့နေခဲ့ပြီးနောက် မုန့်မုန့်ပြောလိုက်သည်နှင့် ကျန်းဟန်မဖြေရှင်းနိုင်သည့်အရာ မရှိကြောင်း ကျောက်ဖုန်းသိပေသည်။

ကျန်းဟန်သည် ယခုတစ်ကြိမ်တွင်ရော သူ၏ ဒဏ္ဍာရီဆန်ဆန် ပြိုင်ဘက်ကင်းဖေဖေ ဆိုသည့် နာမည်ကို ထိန်းထားနိုင်ပါ့မလား မသိပေ။

အမှန်ပင်။ မုန့်မုန့် ပါးစပ်ဟလိုက်သည်နှင့် ကျန်းဟန်၏အမူအရာမှာ ခဏရပ်တန့်သွားသည်။

သူ၏ကိုယ်ကို လှည့်ကာ အိတ်ကပ်ထဲမှ ဖုန်းကို ထုတ်လိုက်ပြီး မုန့်မုန့်၏ခေါင်းလေးကို ပုတ်၍ ပြုံးပြုံးလေးမေးလိုက်သည်။

“မုန့်မုန့်က အဲဒါကို နားထောင်ချင်လို့လား?”

"အွန်း!" မုန့်မုန့်သည် ကျိုးနွံစွာပင် ခေါင်းညိတ်ပြသည်။ သူမလေးသည် ဖေဖေအရမ်းအစွမ်းထက်သည့်အခါ အခြားသူများ အံ့သြသွားကြသည်ကို နှစ်သက်ပေသည်။

"ဒါဆို ဖေဖေ တေးသွားစာရွက်ကြည့်လိုက်ဦးမယ်" ကျန်းဟန် ဖုန်းကို သုံးကာ စန္ဒယားလက်ကွက် တေးသွားစာရွက်ကို ရှာလိုက်သည်။

တေးသွားမှာ အလွန်ရှည်သော်လည်း ကျန်းဟန်သည် ၎င်းကို ဆယ်ကြောင်းခန့်သာ ကြည့်လိုက်သည်။ သူ၏ကိုယ်ထဲမှ စိတ်ဝိညာဉ်စွမ်းအင်များကို ဦးခေါင်းတစ်ဝိုက်တွင် လှည့်ပတ်လိုက်ပြီး သူ၏မှတ်ဉာဏ်ကို ကြည့်စရာမလိုသည့်အခြေအနေသို့ ရောက်ရှိသွားအောင်လုပ်လိုက်နိုင်ပေသည်။ တေးသွားစာရွက်မှာသာဖြစ်ပြီး တစ်အုပ်လုံးဆိုလျှင်ပင် မှတ်မိနိုင်သည်။

ကျန်းဟန်၏အသွင်အပြင်ကိုကြည့်ပြီး ကျိုးဖေးနှင့်အခြားသူများ အနည်းငယ် ထိတ်လန့်သွားကြသည်။

"လေ့လာရင်းနဲ့ တီးမှာလား? ခဲအို နင်လုပ်နိုင်ပါ့မလား?" ကျိုးဖေး သံသယလေသံဖြင့် ပြောသည်။

"သူပြောရင် ပြောတဲ့အတိုင်းလုပ်တတ်တယ်။ အသာစောင့်ကြည့်ရအောင့်" ဇီယန် အနည်းငယ် ပြုံးလိုက်ပြီး သူမသည် ကျန်းဟန်အား ယုံကြည်မှုရှိနေသည်။ မုန့်မုန့်နှင့်တွေ့ဆုံပြီး ဟောင်ကောင်ကို ရောက်လာကာ လခြမ်းတောင်ကို သုခဘုံ တည်ဆောက်ခဲ့သည်။ ဤစားသောက်ဆိုင်ကိုလည်း ဖွင့်လှစ်ခဲ့သည်။ ကျန်းဟန်သည် သူပြောသည့်စကားများကို ဘယ်တော့မှ မရုတ်သိမ်းခဲ့ပေ။

"အစ်ကိုလုပ်နိုင်မယ်လို့ ငါလည်းယုံကြည်တယ်။ ဒါက သီချင်းလေးပဲမလား။ ဘာတွေ ကြီးမားနေလို့လဲ?" ကျန်းလီသည် နှာခေါင်းရှုံ့လိုက်သည်။

"သီးချင်းက ပြဿနာမဟုတ်ပေမဲ့ ပြဿနာအခက်ဆုံးဖြစ်နေတာပဲ။ ကမ္ဘာ့ထိပ်တန်း ၁၀ ပုဒ်ထဲက တစ်ပုဒ်တောင် ဖြစ်လာနိုင်တယ်နော်။ ဘယ်လိုလုပ် သာမန်အဆင့် ၁၀ လောက်နဲ့ တီးနိုင်..."

ကျိုးဖေး ခါးသက်စွာ ရယ်မောရင်း သီချင်း၏ခက်ခဲပုံကို ရှင်းပြလိုသော်လည်း သူမ စကားမဆုံးခင်တွင် သာယာငြိမ့်ညောင်းသည့် စန္ဒယားတီးသံက ထွက်ပေါ်လာသည်။

-C 97 End

wunzinnosp

အပိုင်း(၉၈)

ဒမ် တမ် တမ်!

လူတိုင်း အသံလာရာသို့ လှည့်ကြည့်လိုက်ကြသည်။

ကျန်းဟန်၏လက်ချောင်းများသည် စန္ဒယားပေါ်တွင် လှုပ်ရှားကခုန်နေချေပြီ။

အစပိုင်းတွင် အလွန်သာယာငြိမ့်ညောင်းသည့် မယ်လိုဒီတေးသံလေးပင်ဖြစ်သည်။ ၎င်းမှာ မယ်လိုဒီတစ်ခုသာ ဖြစ်သော်လည်း လက်ကွက်၏အရှိန်မှာ သာမန်သီချင်းများထက် များစွာ ပို၍မြန်ပေသည်။ လက်ကွက်မှ များစွာပို၍ ရှုပ်ထွေးပြီး သူ၏အနေအထားမှာ အခက်ဆုံးသီချင်း ၁၀ ပုဒ်အနက်မှ တစ်ပုဒ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

“ဒါက....”

ကျိုးဖေးမှာ အလွန်အံ့ဩသွားသည်။

မိနစ်အနည်းငယ်ပဲ ရှိသေးတယ်မလား? သီချင်းလက်ကွက်လေးကို ကြည့်လိုက်ရုံနဲ့

တီးတတ်သွားပြီလား? ဘယ်လို ဖြစ်နိုင်မှာလဲ? သေချာပေါက် သူ့ အစက သူများတွေကို အရူးလုပ်ခဲ့တာပဲဖြစ်ရမယ်။

ခဏအတွင်းပင် ထိုအတွေးများအားလုံးသည် ကျိုးဖေး၏စိတ်ထဲတွင် ပေါ်လာခဲ့သည်။ ရိုးရှင်းစွာပင် လူတစ်ယောက်သည် သီချင်းတစ်ပုဒ်လုံးကို မိနစ်အနည်းငယ်အတွင်း မှတ်မိနိုင်မည်ဟု သူမ မယုံကြည်ပေ။

ထိုအချိန်တွင် ဇီယန်၊ ကျန်းလီနှင့် ကျောက်ဖုန်းတို့၏မျက်လုံးများအတွင်း၌ ထူးဆန်းသည့်အကြည့်များ ရှိနေကြသည်။

ဇီယန်နှင့် ကျန်းလီသည် ကျန်းဟန် ခဏလေးအတွင်း ၎င်းကို တီးနိုင်လိမ့်မည်ဟု အမှန်တကယ် မယုံခဲ့ကြချေ။ အကြောင်းမှာ ၎င်းက အလွန်ပင် မယုံနိုင်စရာကောင်းလွန်းပေသည်။

သို့သော် ကျောက်ဖုန်း၏စိတ်ထဲတွင်တော့ သူ့ဌေးသည် တကယ်တမ်း ပြပွဲကို ဘေးမှကြည့်နေခဲ့ခြင်းဖြစ်ရမည်ဟု

ခံစားခဲ့ရသည်။ ကျန်းဟန်အပေါ် သူ၏ယုံကြည်မှုသည် အကြီးမားဆုံးဖြစ်သည်ဟု ပြော၍ရပေသည်။

ပထမတွင် သူတို့သည် အနည်းငယ်စိတ်ရှုပ်နေခဲ့ကြသော်လည်း တဖြည်းဖြည်းနှင့် ဂီတသံစဉ်တွင် သူတို့ကိုယ်သူတို့ နစ်မြော စီးဝင်သွားကြသည်။

ကျန်းဟန်သည် တတိယမြောက်ကွန်ချာတိုကို တည်တည်ငြိမ်ငြိမ်ပင် တီးခတ်သွားသည်။ မယ်လိုဒီ၏ သာယာငြိမ့်ညောင်းမှု မူရင်းသံစဉ်ထက် ပို၍ပင် နေးကွေးကာ၊ သီချင်းမှာကျစ်လစ်လာသည့်အချိန်တွင် သူ၏အမြန်နှုန်းမှာ မဖြစ်နိုင်လောက်အောင် အလွန်ပို၍မြန်ဆန်သည့်အတွက်ကြောင့် သီချင်းသည် စိတ်ဝိညာဉ်ကိုပင် လှုပ်ခတ်သွားစေခဲ့သည်။

စန္ဒယားသံမှလွဲ၍ အပ်ကျသံပင်မရှိဘဲ အခန်းတစ်ခုလုံး တိတ်ဆိတ်နေကာ ဤစန္ဒယားသီချင်းသည် ခံစားချက်မျိုးစုံကို ပေးစွမ်းနိုင်သည့်ပုံပင်။

မသိလိုက်စွာပင် စန္ဒယားတေးသွားသည် အဆုံးသတ်သို့ရောက်ရှိလာပြီး သံစဉ်မှာ တဖြည်းဖြည်းအဆုံးသတ်သွားသည်။

"ဝိုး"

မုန့်မုန့်သည် မျက်လုံးလေးများပြူးကျယ်နေကာ ဖေဖေ့အား မျက်တောင်ပင်မခတ်ဘဲ ငှက်ပေါက်စလေးတစ်ကောင်ကဲ့သို့ စိုက်ကြည့်နေသည်။ သူမလေးသည် ကျယ်လောင်စွာအော်၍ အားပေးကြွေးကြော်လိုက်သည်။

"ဖေဖေ ဖေဖေကအရမ်းချောတယ်!။ အရမ်းလည်းတော်တယ်!"

"သူက တကယ်အရမ်းတော်တာပဲ" ဇီယန်သည် ကျန်းဟန်အား မယုံကြည်နိုင်ဟန် လေးစားမြတ်နိုးဟန်ဖြင့် ကြည့်ကာ ပြောလိုက်သည်။

"ရှင့်ရဲ့ စန္ဒယားတီးကျွမ်းကျင်မှုက မဟာပါရဂူအဆင့်ကိုရောက်နေမယ်လို့

ကျွန်မတကယ်မမျှော်လင့်ခဲ့ဘူး။ ရှင်က တကယ်ကို အံ့သြစရာပဲ”

စကားပြောနေစဉ်တွင် ဇီယန်၏မျက်လုံးများမှာ ထူးဆန်းသည့်အလင်းရောင်ဖြင့်တောက်ပသွားခဲ့သည်။ ထိုအခိုက်အတန့်၌ သူမအမှန်တကယ်ပျော်ရွှင်နေခဲ့သည်။

ကျန်းဟန် အနုပညာရှင်များအား ဖျော်ဖြေရေးသက်သက်လူတွေပါဟု ပြောသည့်အချိန်က သူမ အလွန်ဒေါသထွက်ခဲ့သည်။ သို့သော် ယခုတော့ ၎င်းမှာ ကျန်းဟန်စိတ်ဆိုး၍ပြောသောစကားများသာဖြစ်ရမည်ဟု ခံစားရသည်။ သူ ဂီတကို နားလည်သည် ဆိုကတည်းက ဂီတပညာရှင်တစ်ယောက်၏အိပ်မက်ကိုလည်း နားလည်ရပေမည်။

ဟွန့် ခေါင်းမာတဲ့အကောင်။ သူဒေါသထွက်ပြီဆိုတာနဲ့ ပါးစပ်က ဘာမဆိုပြောတော့တာပဲ။ အယုတ်တမာကောင်

ဟီးဟီးဟီး သူ စန္ဒယားကို တကယ်ကောင်းကောင်းတီးတတ်တာပဲ။ အင်း....ခုမှ သေချာကြည့်မိတယ်။ ဒီကောင်က တော်တော်ချောတာပဲ

စန္ဒယားပါရဂူ ဟွန့် နောက်ကျရင် ငါတို့အတူတူသီချင်းရေးလို့တောင် ရနိုင်လိမ့်မယ်

မဟုတ်ဘူး အဲ့လိုမဖြစ်သေးဘူး။ သူပဲ ငါ့ကို လာပြီး တောင်းဆိုလိမ့်မယ်။ မဟုတ်လို့ကတော့ ငါက အရင်ဆုံး သူ့ကို စကားသွားပြောမှာတော့မဟုတ်ဘူး ဟွန့်

ထိုအချိန်တွင် ဇီယန်၏စိတ်ထဲ၌ ဆယ်ကျော်သက်ချာတိတ်မလေးကဲ့သို့ အမှန်တကယ် ရှုပ်ထွေးနေ ရင်ခုန်နေသည်။ တစ်ချိန်တည်းမှာပင် ပျော်ရွှင်မှုများ ကြည်နူးမှုများ ပြည့်နေသည်။

ထိုအရာများအားလုံးမှာ ကျန်းဟန်သည် သူမအား အလွန်အမင်း အံ့သြသွားစေခဲ့သောကြောင့်ဖြစ်သည်။ သူမ၏နှလုံးသားထဲမှာ ထိုအထုံးသေးသေးလေးကို

ဖြေရှင်းပြီးချိန်တွင် သဘာဝကျကျပင် သူမ ခံစားချက်အလွန်ကောင်းမွန်နေသည်။ သူမ၏စိတ်ထဲတွင် အနည်းငယ် ရှုပ်ယှက်ခက်လာသည်မှာ နားလည်ရလွယ်ပေသည်။

အမှန်ပင် ဇီယန်ကဲ့သို့ အချစ်ကိုခံစားတွေ့ကြုံဖူးခြင်းမရှိဘဲ ကလေးရခဲ့သည့် ထူးခြားသည့်မိန်းကလေးတစ်ယောက်အတွက် ဆယ်ကျော်သက်တစ်ယောက်၏ နှလုံးသားရှိနေသည်မှာ ပုံမှန်ပင်ဖြစ်သည်။

"ဘုရားရေ! ဒါက ဘယ်လိုအခြေအနေကြီးလဲ?"

ရုတ်တရက် ကျိုးဖေးသည် သူမ၏ထိုင်ခုံပေါ်မှ ခုန်ထလိုက်သည်။ ကျန်းဟန်အား ထိတ်လန့်အံ့သြစွာကြည့်ကာ သူမ၏တစ်ကိုယ်လုံး တုန်ခါနေပြီး

အလွန်အမင်းစိတ်လှုပ်ရှားနေသည့်ခံစားချက်များကို ဖော်ထုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ?" ဧယန်၏စိတ်အာရုံမှာ လက်ရှိသို့ ပြန်ရောက်လာပြီး ကျိုးဖေးအား စိတ်ရှုပ်စွာ ကြည့်လိုက်သည်။

ဘာဖြစ်လို့ သူမက ကြောင်အ နေတဲ့ ပုံစံပေါက်နေရတာလဲ?

"ဘုရားရေ အစ်မယန်၊ ဘုရား ဘုရား အဲဒါ ဘယ်လောက်ကြာသွားလဲ? မိုးနတ်မင်း မိနစ် ၂၀ နော်။ ခဲအိုက အဲဒီသီချင်းကိုတီးဖို့ မိနစ် ၂၀ ပဲ အချိန်ယူခဲ့တာ။ မယုံနိုင်စရာကောင်းလွန်းတယ်မဟုတ်လား?။ ဘယ်လိုဖြစ်နိုင်မှာလဲ?။ အဲ့ဒါက ဂင်းနစ်စံချိန်ကိုတောင် ချိုးသွားပြီး!"

ကျိုးဖေး၏မျက်နှာမှာ စိတ်လှုပ်ရှားမှုများနှင့်ပြည့်နေပြီး သူမ ဘာလုပ်လို့လုပ်ရမှန်းမိသတော့ချေ။

ထိုစကားများထွက်လာသည့်အခါ ဇီယန်၊ ကျန်းလီ နှင့် ကျောက်ဖုန်းတို့၏ အမူအရာများမှာ အနည်းငယ် ပြောင်းလဲသွားသည်။

"နင်သေချာလား? မိနစ် ၂၀ တည်းပေါ့" ဇီယန် မသိစိတ်ဖြင့် မတ်တပ်ထရပ်လိုက်မိသည်။

"အမှန်ပဲ၊ ငါတို့ စပြီးတီးတော့ ၁၀ နာရီ မိနစ် ၅၀ မှာ။ အခု ပြီးသွားတော့ ၁၁ နာရီ ၁၀ မိနစ်။ မိနစ် ၂၀ အတိအကျပဲ!" ကျိုးဖေးသည် သူမ၏လက်ကောက်ဝတ်မှ လက်ပတ်နာရီကို ထောက်ပြသည်။

"အာ!" ဇီယန်အံ့သြလွန်း၍ အော်ပင်အော်လိုက်ပြီး သူမ၏ နှင်းဆီနှုတ်ခမ်းလေးကို နူးညံ့ဖြူဝင်းသည့် လက်ကလေးများဖြင့် အုပ်လိုက်မိသည်။ သူမသည် ကျန်းဟန်အား မျက်လုံးပြူးကြီးများဖြင့် စိုက်ကြည့်နေရင်း ထိုအခိုက်အတန့်၌ ဘာပြောလို့ ပြောရမှန်းမသိတော့ချေ။

ကျောက်ဖုန်းနှင့် ကျန်းလီတို့မှာ ထိုစကားများ၏နောက်ကွယ်မှ အသေးစိတ်အဓိပ္ပာယ်ကို နားမလည်ကြသော်လည်း ကျန်းဟန်၏ ယခု လုပ်ရပ်သည် အလွန်ထိန်လန့်အံ့ဩဖို့ကောင်းကြောင်း သူတို့ သိကြသည်။

"ဟွန့်!"

သို့သော်လည်း အလွန်ဂုဏ်ယူနေသည့်အမူအရာရှိနေသာ မုန့်မန့်သည်

"ဖေဖေက ... အမ်....ဖေဖေက အတော်ဆုံးပဲနော်"

"ဟုတ်တာပေါ့။ သမီးရဲ့ဖေဖေက တကယ်ကို အတော်ဆုံးပဲ! အိုက်ယား နှမြောဖို့ကောင်းလိုက်တာ။ ငါ ခုဏက မှတ်တမ်းတင်ထားလိုက်သင့်တာ။ ဟင်း....တကယ်လို့ ငါသာ အဲ့ဒါကို အင်တာနက်ပေါ်တင်လိုက်ရင် သေချာပေါက် ကမ္ဘာ့စန္ဒယားနယ်ပယ်ကို ငလျင်အကြီးကြီးလှုပ်ခတ်သွားမှာပဲ။ ဘာလို့ ငါဒီလောက် တုံးရပါလိမ့်? ငါ

မှတ်တမ်းတင်ထားရမှာကို...အိုက်ယိုး အချစ်လေးရေ...” ကျိုးဖေးသည် မျက်နှာမှုန်ကုပ်ကုပ်ဖြင့် ပြောသည်။

သူမ၏အမူအရာကို မြင်သည့်အခါ ဇီယန်သည် သူမ အမှန်တကယ် ဝမ်းနည်းနေသည်ကို သိလိုက်သည်။ သူမသည် ကျန်းဟန်အား တစ်ချက်ကြည့်လိုက်ပြီး အနည်းငယ် ချောင်းဟမ့်ကာ သူမအား သတိပေးလိုက်သည်။ “သီချင်းကို မှတ်တမ်းမတင်လိုက်ရပေမဲ့ သူက အဲဒီမှာ ရှိနေတယ်လေ...”

“အမ်”

ကျိုးဖေးသည် လျှင်မြန်စွာတုံ့ပြန်လိုက်ပြီး ကျန်းဟန်ဆီသို့ ကြည့်လိုက်သည်။ သူမ၏ဖုန်းကို ထုတ်ကာ တစ်ခါတည်း ဗီဒီယိုမှတ်တမ်းယူလိုက်ရင်း တစ်ပြိုင်နက်ပြောလိုက်သည်။ “ခဲအို ခဲအို နောက်တစ်ခေါက်တီးလို့ရမလား။ နင့်ရဲ့စကေးနဲ့ဆိုရင် စန္ဒယားလောကက လူတိုင်းကို အနိုင်ပိုင်းနိုင်မယ်ဆိုတာ သေချာတယ်။ နင် နာမည်ကြီးလာရင်

ငါ နင့်ရဲ့မန်နေဂျာလုပ်ပေးမယ်။ အာ မဟုတ်သေးဘူး နင့်အတွက်ရော အစ်မယန်အတွက်ပါ အတူတူ မန်နေဂျာလုပ်ပေးမယ်။ ဇနီးမောင်နှံပေါင်းစပ်မှုပေါ့။ အိုး…လုံးဝ ပြည့်စုံတဲ့အတွဲပဲ”

သူမ၏စကားများမှာ ဗလုံးဗထွေးဖြစ်နေပြီး သူမ၏အမူအရာ လေသံ စကားများအရာ သူမ အလွန်စိတ်လှုပ်ရှားနေကြောင်း သိနိုင်သည်။

ကျန်းဟန် ကျိုးဖေးအားကြည့်ရင်း ပြောစရာ စကားမဲ့သွားသည်။ ထိုမိန်းကလေးသည် အနည်းငယ် ရူးသွပ်ပေသည်။ မကြာခင်ကမှ ဗီဒီယိုရိုက်နေပြီး ကျန်းဟန် ၎င်းကို ဆက်၍ တီးခတ်ရမည်လား?

သူသည် သူမနှင့် ကစားချင်စိတ်မရှိပေ။ သို့သော် သူ ငြင်းခါနီးတွင် ဘေးနားတွင် ရှိနေသည့် မုန့်မုန့်သည် ပါးစပ်ဟကာ ငြင်းလိုက်ပြီးနေပြီဖြစ်သည်။

"အမ် ဟမ့် ဖေဖေက နှစ်ခါတီးပြီးသွားပြီ။ အခုက မုန့်မုန့် ဖျော်ဖြေရမယ့်အချိန်ပဲ"

"လာ မုန့်မုန့်" ကျန်းဟန်သည် ကျိုးဖေးအား လစ်လျူရှုလိုက်ပြီး မုန့်မုန့်အား ပြုံးပြကာ သူ၏ရင်ခွင်ထဲသို့ ပွေ့ချီလိုက်သည်။

"ဟေး...မေမေ အဆင်သင့်ဖြစ်ပြီလား? မုန့်မန့် စတော့မယ်နော်" မုန့်မုန့်သည့် သီတင်းမတီးတင် သူမ၏မေမေအား အရင်ဆုံး သတိပေးလိုက်သည်။

"မေမေ အဆင်သင့်ဖြစ်ပါပြီ။ စလို့ရပြီ မုန့်မုန့်"

"အင်း စနေပြီ"

မုန့်မုန့်သည် ပျော်ရွှင်စွာ ပြောလိုက်ရင်း သူမ၏လက်ချောင်းလေးများက စန္ဒယားခလုတ်များပေါ်သို့ လှုပ်ရှားသွားသည်။

ကြည်လင်ပြီး သာယာသည့် စန္ဒယားသံထွက်ပေါ်လာပြီး မုန့်မုန့်၏ ကလေးဆန်သည့် အသံချိုချိုလေးက နောက်မှ တပါတည်း တွဲပါလာသည်။

“မိုတ်တုတ် မိုတ်တုတ် ကြယ်ကလေးရယ်....”

နှစ်မိနစ်ခန့် ဆိုပြီးနောက် မုန့်မုန့်သည် သူမ၏လက်ကို ပြန်ရုတ်လိုက်ပြီး မျှော်လင့်ချက်များပြည့်နေသည့် မျက်နှာလေးဖြင့် မေးလိုက်သည်။
“ဘယ်လိုနေလဲ?”

“အရမ်းကောင်းတယ်။ မုန့်မုန့်က အရမ်းတော်တာပဲ” ဇီယန် ပထမဆုံး လက်ခုပ်တီးလိုက်သည်။

ကျောက်ဖုန်း၊ ကျန်းလီနှင့် ကျိုးဖေး တို့လည်း အတူတူလက်ခုပ်တီးကြ၍ ချီးကျူးလိုက်ကြသည်။

“မုန့်မုန့် က ငယ်ငယ်လေးနဲ့ စန္ဒယားတီးတတ်နေပြီ အရမ်းတော်တာပဲ”

"မုန့်မုန့်က ကြီးလာရင် သေချာပေါက် ပိုပြီးတော်လာမှာ"

"…"

မုန့်မုန့်၏အရေးပါမှုက ဤစားသောက်ဆိုင်ထဲတွင် အမြင့်ဆုံးဟု ပြောနိုင်ပေသည်။

အကြောင်းမှာ သူမလေးသည် အလွန်ချစ်ဖို့ကောင်းပြီး လှပသည့် ကလေးမလေးဖြစ်သလို၊ ဗီယန်၏သမီးလည်းဖြစ်သည်။ ထို့ပြင် သူမလေးသည် ကျန်းဟန်၏လက်ထဲတွင် တန်ဖိုးအထားရဆုံးသော ရတနာလေးဖြစ်ပေသည်။

လူတိုင်း၏ချီးကျူးမှုကို ကြားရသည့်အခါ မုန့်မုန့်မှာ အလွန်ပျော်ရွှင်နေပြီး မရပ်မနားပင် ရယ်မောနေတော့သည်။

"ဟေး ဟေး ခဲအို မပိတ်နဲ့ဦးလေ။ အဲဒီသီချင်းကို နောက်တစ်ခေါက် မတီးချင်တော့ဘူးလား?"

ကျန်းဟန်သည် စန္ဒယားအဖုံးကို ပိတ်နေသည်အား မြင်သည့်အခါ ကျိုးဖေး အလောတကြီးပြောလိုက်သည်။

သို့သော်လည်း ကျန်းဟန်သည် သူမအား အာရုံစိုက်ရန် စိတ်မဝင်စားဘဲ စန္ဒယားအဖုံးကို တန်း၍ ပိတ်လိုက်ပြီ မုန့်မုန့်အား ပွေ့ချီကာ ထမင်းစား စားပွဲသို့ ပြန်လျှောက်လာသည်။ ပြီးမှသာ အူကြောင်ကြောင်ဖြစ်နေသော ကျိုးဖေးအား ကြည့်ကာ ပြောလိုက်သည်။

"နောက်တစ်ချိန်ကျမှ တီးတာပေါ့"

"နောက်တစ်ချိန်...." ကျိုးဖေး၏အမူအရာမှာ အေးခဲသွားပြီး အနည်းငယ် ကြောင်အ စွာပြောလိုက်သည်။

"အမ်ဟမ့် ဖေဖေက အချိန်တိုင်း နှစ်ခါပဲ တီးတယ်" မုန့်မုန့်သည် ထပ်ပေါင်းပြောလိုက်သည်။

"ဟုတ်တယ်။ သူ့ဒွေးက တစ်ချိန်ကို သီချင်း နှစ်ပုဒ်ပဲ တီးတယ်။ ထမင်းစားချိန်တိုင်းတောင် တီးတာမဟုတ်ဘူး။

ကျွန်တော်တို့ နားထောင်တိုင်း နားထောင်လို့ကို မဝဘူး” ကျောက်ဖုန်း ရယ်မောရင်း ပြောသည်။

“ဟမ်?” ဇီယန်သည် ကျန်းဟန်အား ထူးဆန်းစွာကြည့်လိုက်ပြီး “ရှင်မှာ ဒီလိုစည်းကမ်းတောင် ရှိတာလား”

“ဒါက စည်းကမ်းမဟုတ်ပါဘူး။ ညစာစားပြီးရင် ခဏလောက်နားတဲ့အနေနဲ့ သီချင်းနှစ်ပုဒ်လောက် တီးလို့ရပါတယ်” ကျန်းဟန် ပြန်ပြောသည်။

“ခဲအို ဒါဆိုရင် မင်းအဲ့ဒါကို နောက်တစ်ခါလောက် တီးဦးမှာလား?” ကျိုးဖေးသည် မေးလိုက်ပြန်သည်။ သူမသည် ယခု ကျန်းဟန်အတွက် ဗီဒီယိုရိုက်ထားရန် တွေးနေပြီး ၄င်းကို အင်တာနက်ပေါ်တင်လိုက်ပါက သေချာပေါက် ကမ္ဘာ့စန္ဒယားလောက တစ်ခုလုံး လှိုင်းလုံးကြီးတစ်ခု ရိုက်ခတ်သွားမည်ကို သူမ သိပေသည်။

သို့သော် ကျန်းဟန်သည် ခေါင်းယမ်းလိုက်ကာ ပြောလိုက်သည်။

“ငါ မတီးချင်ဘူး”

ထိုစကားလုံးများဖြင့်ပင် ကျိုးဖေးကို ငြင်းလိုက်သည်။

ကျိုးဖေး၏မကျေမနပ်အမူအရာကိုမြင်သည့်အခါ ကျန်းဟန် ပြုံးလိုက်ပြီး “အခု ၁၁ နာရီ ၃၀ ရှိနေပြီ။ ငါ နေ့လည်စာ ပြင်ရတော့မယ်။ မကြာခင် စားသုံးသူတွေ ရောက်လာတော့မယ်လို့ ငါထင်တယ်”

“ကောင်းပြီ နောက်တစ်ခါကျမှဘဲ ဗီဒီယိုရိုက်တော့မယ်” ကျိုးဖေး နာခံစွာပင် ခေါင်းညိတ်လိုက်သည်။

“အစ်ကို ငါတို့နေ့လည်စာကို ဘာစားရမှာလဲ?”

ကျန်းဟန် ချက်ပြုတ်တော့မည်ကို ကြားသည့်အခါ ကျန်းလီချက်ချင်းပင် တက်ကြွလာသည်။ သူမသည်အလည်း အမှန်တကယ် အစားသရဲတစ်ယောက်သာဖြစ်ပေသည်။

"အာလူးနည်းနည်းရယ်၊ သခွားသီးရယ်၊ ပဲရယ် ရှိတယ်။ မင်းတို့ ဘာစားချင်ကြလဲ?" ကျန်းဟန် ပေါ့ပေါ့ပါးပါးပင် ပြောလိုက်သည်။

ကျန်းဟန်၏အမေးကို ကြားသည့်အခါ ကျောက်ဖုန်း စိတ်လှုပ်ရှားသွားသည်။ သူသာ သူ့ငွေးနှင့်ရင်းနီးလျှင် သူ ဟင်းလျာများကို မှာနိုင်သည်ဟု ခံစားလိုက်ရသည်။

"ငါ ကြက်သားစားချင်တယ်" ကျန်းလီ အလွန်ဝမ်းသားအားရဖြင့် ပြောသည်။

"ငါရောပဲ အသားစားချင်တယ်" ကျိုးဖေးသည် လျင်မြန်စွာပင် ထပ်ပြောလိုက်သည်။

"ကျွန်မလည်း....ကျွန်မက အဆင်ပြေပါတယ်" ဇီယန် နူးညံ့စွာပင်ပြောသည်။

"အင်း....ကျွန်တော်က သူဌေးဘာချက်ချက် စားမယ်"

ကျောက်ဖုန်းသည် ပြောရေးဆိုခွင့်မရှိသေးဟု ယူဆမိသည်။ တစ်ချိန်တည်းမှာပင် သူသည် သူဌေး ဘာကိုပဲချက်ချက် စားမည်ဖြစ်သည်။ ထို့ကြောင့် ထိုအတိုင်းပင် ပြောလိုက်သည်။

"ကြက်သားက နေ့လည်ခင်းမှာ မရနိုင်ဘူး။ ညကျရင်တော့ ရနိုင်တယ်" ကျန်းဟန် ပြန်ပြောသည်။

"အိုး ဟုတ်သားပဲ။ ခဲအို ဒီမှာ ခေါက်ဆွဲမရှိဘူးလား?" ကျိုးဖေးသည် ဇီယန်အား တစ်ချက်ကြည့်ကာ သူ့အား သတိပေးလိုက်သည်။

"အစ်မယန်က ခေါက်ဆွဲကြိုက်တယ်။ ဥပမာ ဝမ်တန်ခေါက်ဆွဲ၊ လက်လုပ်ခေါက်ဆွဲ၊ နန်းပြားတို့လိုမျိုးပေါ့။ ပြီးတော့ ဟော့ပေါ့ရော မရှိဘူးလား? အစ်မယန်က ဟော့ပေါ့

အရမ်းကြိုက်တာ။ ခဲအို ငါ ဒီအချက်အလက်တွေ နင့်ကို အခမဲ့ပြောပေးလိုက်တာနော်”

“အင်း”

ကျန်းဟန်သည် သူမအားကြည့်ကာ ဘာသိဘာသာပင် ပြန်ပြောသည်။

၎င်းကိုမြင်တော့ ဇီယန် စိတ်ထဲတွင် အနည်းငယ် ဒေါသထွက်သွားသည်။

ရှင့်အမူအရာက ဘာကိုဆိုလိုတာလဲ?

-C 98 End

-Book 7 End